သိုင်းစာစဉ်များpage
Alien-ချစ်စုလှိုင်
တက္ကသိုလ်
နေလင်းအောင်
မြစိမ်းရောင်ရှင်၏ လှို့ဝှက်ဇာတ်လမ်း
၄-အုပ်တွဲသိုင်းစာစဉ်
ကျင်းထုံ၏ စန်းရှကျင်းထွေး
စာစဉ် (၂)
2007

ဘဂ္ဂသိုဝ်
ဗန္ဓုလမင်းဗေဒါင်း
မုဆိုးရောင်ရှင်၏
လျှို့ဝှက်ဇာတ်လမ်း
တစ်ဦး (၂)

ပြစ်ကမ္ဘာစာပေ(2)
စာအုပ်-၁၈၄၀၆ ဆယ်ကြိမ်

တက္ကသိုလ်

နေလင်းဒေဝါင်

မြစိမ်းရောင်ခြုံ၏လျှို့ဝှက်ဇာတ်လမ်း

(ဘာစဉ်-၂)

ပြစ်ကမ္ဘာစာပေ(2)
စာအုပ်-၁၈၄၀၆ ဆယ်ကြိမ်

စာမူခွင့်ပြုချက်အမှတ် ၅၀၀၉၄၃၀၀၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၉၇၆၀၀၀၇

၂၀၀၇ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနှင်းသာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာခုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H) ၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်သူ
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅ လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့အကျိုးကောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်တိုးပွား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်ကည့်ငြိမ်အေးချမ်းရေးနှင့် ဝိုင်ငံ[illegible]ရေးကို နောင့်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်[illegible]

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်ဟူသည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ နိုင်မာသည့် မွန့်စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်မွန့်စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ တော်မီမွန့်ပြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ နိုက်ဖျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံမွန့်ပြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ရေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးမွန့်ပြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မွှမ်းအားသည့် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက်(၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဓာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးဆွစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြွှန်ိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

ကော့ဖေးဟုန်သည် မြင်းကြီးမဟုရာကိုစီးလျက်ရှိပြီး ရှောင်ရီမေကတော့ တခြားမြင်းတစ်ကောင်ကိုစီးနေသည်။ မြင်းကြီးများသည် ဖြည်းညင်းစွာလျှောက်နေကြ၏။

"ညီမ .... မင်းသတ္တိကို အစ်ကိုချီးကျူးပါတယ် .... ဒီလို သမီးမျိုးကို မွေးတဲ့အတွက် မင်းရဲ့အဖေအမေက မင်းကို မွေးရကျိုးနပ်ပါတယ်"

"အဲဒါကတော့ ကံတရားရဲ့ စီမံချက်ပေါ့အစ်ကိုရယ်၊ ညီမရဲ့အဖေကို သတ်သွားတဲ့လူကို ညီမပြန်သတ်နိုင်အောင် ညီမ အနှစ်နှစ်အလလ ကြိုးစားခဲ့ရပါတယ်၊ ဒါတောင် ရီကျောက်ရဲ့သိုင်းပညာကို ညီမမမီပါဘူး၊ အစ်ကိုကူညီလို့သာ ညီမ သူ့ကိုသတ်နိုင်တာပါ"

"အစ်ကိုဟာ မတရားမှုတွေကို မနှစ်သက်ပါဘူး၊ ဒါကြောင့် ညီမ်ကို ကူညီခဲ့တာပါ၊ ကဲ .... အခုဆိုရင် ညီမလည်း လက်စားချေပြီးပြီ၊

အစ်ကို့နဲ့ပြည်မကိုပြန်လိုက်ခဲ့ပေတော့ .... "

ရှောင်ရီမေသည် ရီဝေစွာဖြင့် အဝေးသို့ မျှော်ကြည့်ပြီး နောက်....

"ညီမ အစ်ကို့ကို တကယ်အားကိုးပါတယ်၊ အားကိုးလောက်တဲ့ သိုင်းပညာတတ်ကျွမ်းထားကယ်ဆိုတာလည်း ညီမသိပါတယ်၊ ညီမ မလိုက်နိုင်သေးပါဘူး၊ ဒီမြို့မှာ ပဲ့လွှားဂိုဏ်းသား အကြွင်းအကျန်တွေ ရှိပါသေးတယ်၊ သူတို့ဆီက ဖေဖေ့အလောင်း ဘယ်မှာမြှုပ်ထားတယ် ဆိုတာ စုံစမ်းရပါဦးမယ်၊ ကမ္ဘည်းတိုင်စိုက်ဖို့ ကြိုးစားရပါဦးမယ် .... ဒီမြို့မှာ ညီမကိုကူညီနေတဲ့လူအချို့လည်းရှိပါသေးတယ်၊ အစ်ကို့ကို ညီမ အသည်းထဲက လိုက်လိုက်လဲလဲ ကျေးဇူးတင်ပါတယ်အစ်ကိုရယ်"

ရှောင်ရီမေသည် အလွန်ချောမောသောကော့ဖေးဟုန်ကို တိမ်း ညွတ်ချင်သည့်ဆန္ဒများ ဖြစ်ပေါ်နေသော်လည်း သူမ၏ကြံ့ခိုင်သော စိတ်ဓာတ်က သူမ၏တာဝန်များကို သတိပေးနေသည်။ ကော့ဖေးဟုန် ကတော့ သူမအား ရိုးရိုးသားသားပင်။ ရှောင်ရီမေထက် ဝိုင်လှပသော ယွင်စည်ကျဲနှင့် တန်စွမ်းချင်းတို့ကိုပင်လျှင် ရိုးရိုးသားသား ခင်ခင်မင်မင် ဆက်ဆံခဲ့သူမဟုတ်ပါလော။

"ကောင်းပြီ ညီမရယ် .... ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါနော်"

သူသည် ရှောင်ရီမေကိုနှုတ်ဆက်ပြီး မြင်းကြီးကို အပြင်းနှင်သွား လေတော့၏။

ရှောင်ရီမေမှာ ဝေသီလာသောမျက်ရည်များကို မျက်လုံးများ ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး ထိန်းသိမ်းလိုက်ရလေ၏။

"သွားပေဦးတော့အစ်ကိုရေ .... ကံမကုန်ရင်တော့ ပြန်ဆုံကြ သေးတာပေါ့ရှင်"

ကော့ဖေးဟုန်ကား မိုန်ဗျပ္ပ အဝေးသို့ ရောက်ရှိသွားလေပြီ။

ကော့ဖေးဟုန်သည် မဟူရာမြင်းလိမ္မာကြီးနှင့်အတူ သစ်တော စိမ်းကိုဖြတ်၍ ဝူးဟော်မြို့ကလေးကို ရောက်လာခဲ့သည်။ သူသည် တွေ့ကြုံခဲ့ရသောအဖြစ်အပျက်များကို ပြန်မတွေးလိုတော့ပေ။ ရှောင်ရီ မေကိုလည်း မေ့ပစ်လိုက်၏။

ချူချင်းချင်းနှင့်လည်း ပြန်လည်ဆုံတွေ့ခဲ့၏။

သူမမျှော်လင့်သည့် သတ္တမမြောက် ရွှေရောင်အသင်းဝင်လည်း ဖြစ်ခဲ့ရပြီ။

ကော့ဖေးဟုန် ယခုလာခဲ့သောခရီးမှာ ကိုက်ပန်ဂိုဏ်းချုပ်ကြီး ပေးခဲ့သော မြေပုံလမ်းညွှန်အရ ခရီးစဉ်အတိုင်း ထွက်လာခဲ့ခြင်းဖြစ် သည်။

ဤနည်းဖြင့် 'ချိုးယွင်' တည်းခိုခန်းမှာ ညအိပ်ဖြစ်ခဲ့၏။

အခန်း(၃)

လူစွာလုပ်သောထိုက်ဟူဂိုတီး

"ဆရာ .... ဆရာ .... "

အခန်းတံခါးကိုက တဒုံးဒုံးထု၍ နှိုးလိုက်သောအသံကြောင့် ခုတင်ပေါ်တွင် အိပ်မောကျလျက်ရှိသော ကော့ဖေးဟုန် လူးလွန့်နိုးလာသည်။

"ဆရာ .... ဆရာ .... "

ခေါ်သံကို အဆက်မပြတ်ကြားလိုက်ရသည်။

ကော့ဖေးဟုန် အလျင်အမြန်ထပြီး .... တံခါးဖွင့်ပေးလိုက်လေ၏။

ခေါ်သူက ရေငတ်သလို အဆက်မပြတ်ခေါ်နေသဖြင့် သူ အလျင်အမြန် ထဖွင့်ပေးရခြင်းဖြစ်သည်။

အခန်းဝတွင် ချိုးယွင် ဆိုင်အမှုထမ်းလုလင်ကလေး စာတစ်စောင်ကိုကိုင်၍ ရပ်နေသည်။

"ဆရာအိပ်နေမှန်း ကျွန်တော် သိပါတယ်ခင်ဗျာ .... အခုလို နှိုးရတာ အားနာပါတယ် .... ဒါပေမယ့် .... "

"ကိစ္စမရှိပါဘူး .... နေတော်တော်မြင့်နေမှပဲ .... ငါလည်း ပင်ပန်းတာနဲ့ မနိုးတာပါ .... ကဲပြော .... မင်းမှာ အရေးကြီးတာ တစ်ခုခုပြောစရာပါလာပုံရတယ် .... "

"ဟုတ်ပါတယ် ဆရာ .... ချူချွင်းချင်းဆိုတဲ့ အမျိုးသမီးတစ်ယောက်က ဒီစာကို မနက်စာစားချိန်မှာ ဆရာ့ဆီကို အရောက်ပို့ပေးဖို့ မှာထားလို့ပါ .... "

"ဟေ .... အခု မနက်စာစားချိန်ကို ရောက်နေပြီလား"

ဆိုင်အမှုထမ်းလုလင်ကလေးက ချူချွင်းချင်း၏စာကို ကမ်းပေးရင်း ....

"ဟုတ်ပါတယ် ဆရာ .... ဆရာဆာပြီဆိုရင် အခုပဲ ဆရာ့အခန်းထဲကို မနက်စာပို့လိုက်ပါ့မယ် .... "

"အေး .... အေး .... "

ကော့ဖေးဟုန်က ချူချွင်းချင်း၏စာကို လှမ်းယူပြီး ခုတင်ပေါ်

ဟင်ထားလိုက်သည်။

ဆိုင်အမှုထမ်းလေးထွက်သွားလျှင် မျက်နှာအလျှင်အမြန်သစ်ပြီး ကိုယ်လက်သုတ်သင်သည်။

ချက်ချင်းလိုလိုပင် ဆိုင်အမှုထမ်းလေးရောက်လာပြီး အခန်းထဲ၌ နံနက်စာကို ဖွယ်ဖွယ်ရာရာ ပြင်ဆင်ပေးသည်။

"ဆရာ .... ဘာများနောက်ထပ်အလိုရှိပါသေးလဲ .... "

ကော့ဖေးဟုန်က ပြင်ဆင်ထားသော ထမင်းစားပွဲကို မျက်လုံးတစ်ချက်ဝေ့ကြည့်ပြီး ....

"မလိုပါဘူးကွယ် .... အားလုံးပြည့်စုံပါပြီ .... "

"ဒီလိုဆိုရင် ကျွန်တော့်ကို သွားခွင့်ပြုပါဦး .... ဆရာသုံးဆောင်ပြီးရင် သိမ်းဆည်းဖို့ ကျွန်တော့်ကို ခေါ်လိုက်ပါ .... "

"အေး .... အေး .... "

ဆိုင်အမှုထမ်းလေးထွက်သွားသည်နှင့် ကော့ဖေးဟုန်က အခန်းတံခါးကို ဝိတ်ထားလိုက်သည်။ ချူချွင်းချင်း၏စာကို ယူ၍ ဖွင့်ဖတ်သည်။

"အစ်ကိုကော့ဖေးဟုန်

ဒီနေ့ ဟုန်ကျက်ကန်တော်ကြီးမှာ ကန်ပူစော်ပွဲရှိတယ် .... အဲဒီ

ကို အရှိန်မီလာခဲ့ပါ .... အရေးကြီးတယ် .... "

ညီမ

ချူချင်းချင်း

ချူချင်းချင်းသည် ကျန်ခြေရှိသည်။ တည်ကြည်သည်။ မဟုတ်မမှန်သောကိစ္စဖြင့် သူ့ကို ခေါ်မည်မဟုတ်ချေ။

စာဖတ်ပြီးသည်နှင့် ထမင်းစားပွဲတွင်ထိုင်ကာ .... အစားအသောက်များကို လျင်မြန်စွာစားသည်။

ပြီးလျှင် အဝတ်အစားများထည့်ထားသော ကျောသိုင်းအိတ်ကို လွတ်လိုက်သည်။

အခန်းထဲမှထွက်ခဲ့ပြီး ချိုးယွင်တည်းခိုခန်း၏ စားသောက်ခန်းမထဲသို့ ဆင်းခဲ့၏။ သူ မျက်လုံးတစ်ချက် ဝေ့ကြည့်သည်။

စားသောက်ခန်းမထဲတွင် လူအများဖြင့် စည်ကားနေလေပြီ။ စားသူများထဲတွင် ဗရုတ်သုက္ကများ မပါဝင်ပေ။

သိုင်းလောကမှ သိုင်းဂိုဏ်းအသီးသီး၏ သိုင်းသမားများဖြစ်ကြသည်။

ကော့ဖေးဟုန် ဆင်းလာသောအခါ တစေ့တစောင်း အကဲခတ်၍ စကားတီးတိုးဆိုကြသည်။

ကော့ဖေးဟုန်က မသိဟန်ပြု၍ ကောင်တာတွင်ထိုင်နေသော လူဝံကြီးထံ လျှောက်သွားသည်။

လူဝကြီးက ကော့ဖေးဟုန်ကိုမြင်လျှင် ပြုံးရွှင်ရယ်မောလျက် နှုတ်ဆက်၏။ ဦးညွတ်ဂါရဝပြု၏။

"မင်္ဂလာရှိသောနေ့ပါ ခင်ဗျား .... မိတ်ဆွေလေးကို ကျွန်တော်ယိုဖုံးက နှုတ်ဆက်ဂါရဝပြုပါတယ် .... "

"ဩော် .... အစ်ကို့နာမည် ယိုဖုံးလား .... ကျွန်တော့်နာမည် ကော့ဖေးဟုန်လို့ခေါ်ပါတယ် .... "

ကော့ဖေးဟုန်က ပြောလိုက်သည်။ ထို့နောက် ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

ကော့ဖေးဟုန်က မိမိအမည်ကို ထုတ်ဖော်ပြောသံ ကြားလိုက်ရသောအခါ ခန်းမထဲရှိ သိုင်းသမားများက အချင်းချင်းလက်တို့ပြောကြ၏။

"ကော့ဖေးဟုန်တဲ့ကွ .... ဒီနာမည်ကို ငါတို့ သိုင်းလောကထဲမှာ တစ်ခါမှ မကြားဖူးပါဘူး .... "

"အခုမှ သိုင်းလောကထဲ ဝင်လာတဲ့လူသစ် ဖြစ်မှာပေါ့"

"ညက ထိုက်ဟူဂိုဏ်းသားတွေကို တိုက်ခိုက်လိုက်တဲ့ သူရဲ့

သိုင်းကွက်ကတော့ တကယ်လိပ်တန်းအဆင့်မြင့်တာ အမှန်ပဲဟေ့"

တီးတိုးပြောသံများကို ကော့ဖေးဟုန် ကြားသော်လည်း အရေးမလုပ်ဘဲ လူဝကြီးယိုဖုံးကိုသာ သူသိချင်သော အကြောင်းအရာများကို မေးလိုက်သည်။

"ဒီနေ့ ဟုန်ကျက်ကန်တော်ကြီးမှာ ကန်ပူစော်ပွဲရှိတယ်ဆိုတာ အစ်ကိုယိုဖုံးသိလား .... "

လူဝကြီးယိုဖုံး၏မျက်ခုံးနှစ်ဖက် မြင့်တက်သွား၏။

"ဟုန်ကျက်ကန် ပူစော်ပွဲကို မသိရှိပါ့မလား ညီလေးကော့ဖေးဟုန်ရယ် .... အစ်ကို့လို ဒီမှာအမြဲနေနေတဲ့ လူကိုမမြ .... ဟိုအဝေးအရပ်ဒေသတွေမှာနေကြတဲ့ သိုင်းသမားတွေတောင် သိကြလို့ အခုဆိုရင် ဒီအရပ်က တည်းခိုခန်းတွေအားလုံးမှာ ဟုန်ကျက်ကန်ပူစော်ပွဲကို တက်ရောက်ကြမယ် သိုင်းသမားတွေပြည့်နေပြီ .... ညီလေး အခန်းငှားလို့မရတာ ဒီအကြောင်းကြောင့်ပေါ့ကွယ် .... "

"အပြစ်တင်ရင်လည်း ခံရတော့မှာပဲ .... အစ်ကိုယိုဖုံး .... ကျွန်တော်က သိုင်း[illegible]ကို အခုမှရောက်လာတဲ့ လူစိမ်းဆိုတော့ ဟုန်ကျက်ကန်ပူစော်ပွဲအကြောင်းကို ဘာမှမသိတာ အမှန်ဘဲ .... "

လူဝကြီးယိုဖုံးက ကော့ဖေးဟုန်၏အပြောကို သဘောကျပြီး

အားရပါးရရယ်မောလိုက်သည်။ ကော့ဖေးဟုန်သည် ပွင့်လင်းလှသည်။

"ညီလေးကော့ဖေးဟုန် .... မင်းဟာကလည်း အခုမှ လောကအပြင်ဘက်က အလည်ရောက်လာတဲ့ လူလိုပါပဲလားကွယ် .... "

သူက နောက်ပြောင်လိုက်ပြီးနောက် ဟုန်ကျက်ကန်ပူစော်ပွဲအကြောင်းကို အောက်ပါအတိုင်း ရှင်းလင်း[illegible]တော့သည်။

"ဒီလိုကွ .... ညီလေးရ .... "

ယိုဖုံးသည် ဤသို့အစချီလိုက်လေ၏။

လွန်ခဲ့သောနှစ်ပေါင်း(၃၀)ခန့်က ဤဝူးဟော်မြို့ကလေးရှိ ဟုန်ကျက်ကန်တော်ကြီး ရေလျှံခဲ့ဖူးသည်။

ထူးဆန်းသည်မှာ မိုးမရွာဘဲနှင့် ဟုန်ကျက်ကန်တော်ကြီးနှင့် ဆက်လျက်ရှိသော ....

လွေတောင်မြင့်ပေါ်ရှိ ရေတံခွန်ဟောင်းကြီးက ရေများ စီးကျလာပြီး ရေလျှံခြင်းဖြစ်၏။

ဤဝူးဟော်မြို့တစ်မြို့လုံး ရေလွှမ်းမိုးပြီး အတိဒုက္ခရောက်ရ၏။

သို့ကြောင့် လောကဓမ္မနှင့် နိယာမများကို ကျွမ်းကျင်သော ရှေးလူကြီးများဖြစ်ကြသည့် သိုင်းဆရာကြီးများက ကန်ပူစော်ပွဲလုပ်ခဲ့သည်။

ကန်ပူဇော်ပွဲတွင် သိုင်းပြိုင်ပွဲကိုပါ ထည့်သွင်းကျင်းပပေးသည်။

ဟုန်ကျက်ကန်ပူဇော်ပွဲကို မူလထားသော ထိုသိုင်းပြိုင်ပွဲသို့ တော်ရုံတန်ရုံ သိုင်းပညာရှင်များ မယှဉ်ပြိုင်ဝံ့။ အစမ်းသပ်ခံနိုင်သူများသာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ သိုင်းပြိုင်ပွဲတွင်လည်း အသက်ကိုစွန့်၍ သွေးရေကျသည်အထိ ယှဉ်ပြိုင်ရသောကြောင့်ဖြစ်၏။

သိုင်းပြိုင်ပွဲကျင်းပသော စင်မြင့်ကြီးအဖြစ် ဟုန်ကျက်ကန်လယ်တွင် သဘာဝအတိုင်း တည်ရှိနေသော ကျောက်တောင်ကို အသုံးပြုသည်။

ၚင်းကျောက်တောင်၏ မျက်နှာပြင်မှာ စည်မျက်နှာပြင်ကဲ့သို့ ချောမွေ့ညီညာနေ၏။

သိုင်းပြိုင်ပွဲဥဒ္ဒါန်းသူများ၏ သွေးများသည် ထိုကျောက်မျက်နှာပြင်ပေါ်မှ ဟုန်ကျက်ကန်တော်ထဲသို့ စီးကျသွားသည့်အခါ ကန်ပူဇော်ပွဲအထမြောက်သည်ဟု ယုံကြည်ကြ၏။

လွန်ခဲ့သော နှစ်သုံးဆယ်မှစ၍ ယနေ့တိုင် သွေးရေကျသော ဟုန်ကျက်ကန်ပူဇော်ပွဲကို ကျင်းပခဲ့ရာ ကန်ရေလျှံခြင်းမရှိတော့ဟု ယုံကြည်ကြလေ၏။

အစဉ်အဆက်အားဖြင့် ကန်ပူဇော်ပွဲကို ကျင်းပလာခဲ့ရာ ယခုဆို

လျှင် 'ထိုက်ဟူဂိုကား' က ဦးဆောင်ကျင်းပခွင့်ကို ဆက်ခံရရှိခဲ့သည်ဟု လူဝကြီးယိုဖုံးက ရှင်းပြပြီး စကားကို လက်စသတ်လိုက်၏။

လူဝကြီးက ဟုန်ကျက်ကန်ပူဇော်ပွဲကို ဦးဆောင်ကျင်းပခွင့် ဆက်ခံရရှိခဲ့သော ထိုက်ဟူဂိုကားအကြောင်းကို ပြောရာ၌ အသံကို ထူးထူးခြားခြား တိုးနှိမ့်လိုက်ပြီး သူ၏မျက်လုံးများက ခန်းမထဲရှိ သိုင်းသမားများကို ဝေ့ဝဲအကဲခတ်သည်ကို တွေ့ရ၏။ ထိုက်ဟူဂိုကား သိုင်းသမားများရှိနေလျှင် သူပြောချင်မှ ပြောပေလိမ့်မည်။

လူဝကြီးတွင် ထိုက်ဟူဂိုကားနှင့် ပတ်သက်၍ သူသိထားသော လျှို့ဝှက်ချက်များရှိရမည်က ကော့ဖေးဟုန်အကဲခတ်လိုက်မိ၏။

စုံစမ်းမေးမြန်းချင်စိတ်ရှိသော်လည်း လူချင်းခင်မင်ရင်းနှီးသည်မှာ အချိန်မကြာလှသေး၍တစ်ကြောင်း၊ အခြားသိုင်းသမားများ ကြားနိုင်သောနေရာဖြစ်၍တစ်ကြောင်း မေးလျှင်ပြောမည် မဟုတ်မှန်းတော့ ကော့ဖေးဟုန် သိ၏။

လူဝကြီးယိုဖုံးက ချိုးယွင်စားသောက်ခန်းထဲသို့ အော်ဟစ်ပြီး ဝင်လာကြသော အညိုရောင်ဝတ်စုံဝတ် ထိုက်ဟူဂိုကားသားအချို့ကို တွေ့၍ စကားလမ်းကြောင်းပြောင်းသွားတော့သည်။

"ညီလေး ကော့ဖေးဟုန် .... အခု အပြင်ကိုသွားမလို့လား"

"ဟုတ်တယ် အစ်ကိုယိုဖုံး .... ဒီနေ့ ကန်ပူဇော်ပွဲစမယ့်နေ့ဆို တော့ မြင်ဖူးတွေ့ဖူးတယ်ရှိအောင် ကျွန်တော် သွားကြည့်မလားလို့"

"ညီလေးက ကန်ပူဇော်ပွဲကို အရင်က မရောက်ဖူးဘူး မဟုတ်လား .... "

"ဟုတ်တယ် .... ဒါပထမဆုံးအကြိမ်ပဲ .... "

"ဒီလိုဆိုရင် ညီလေး ယောင်ချာချာဖြစ်နေလိမ့်မယ် .... အဲဒီတော့ ညီလေးကို ကန်ပူဇော်ပွဲလိုက်ပြဖို့ ဒီဆိုင်က အမှုထမ်းလုလင်လေးတစ်ယောက် ထည့်ပေးလိုက်မယ် .... ညီလေး အဆင်ပြေအောင်လို့ပါ .... "

"ဟာ .... သိပ်ကျေးဇူးတင်တယ် .... အဲဒီလိုဆိုရင် အတော့်ကို အဆင်ပြေမှာပဲ .... "

လူဝကြီးယိုဖုံးက ဆိုင်ဝန်ထမ်းကစ်ယောက်ကို အချက်ပြခေါ်လိုက်သည်။

ကော့ဖေးဟုန်တည်းခိုခဲ့သည့် အခန်းသို့ အစားအသောက်များ လာပို့သော ဆိုင်အမှုထမ်းကလေး ရောက်လာသည်။

"ဟေ့ .... ရွှန်ဖီး .... ဒီက ဆရာလေးကို ဟုန်ကျက်ကန်ပူဇော်ပွဲကို လိုက်ပြလိုက်ပါ .... ရော့ .... ကန်ပူဇော်ပွဲမှာ ကုန်ကျမယ့်ငွေ

ကို ဒီအထဲကပေးလိုက် .... "

လူဝကြီးယိုဖုံးက ပြောပြောဆိုဆို ငွေစများထည့်ထားသည့် အိတ်ကို ဆိုင်အမှုထမ်းရွှန်ဖီးအား လှမ်းပေး၏။

"အို .... အစ်ကိုယိုဖုံး .... ကုန်ကျစရာရှိရင် ကျွန်တော်ပေးမှာပေါ့ .... အစ်ကို့ငွေကို ပြန်ယူလိုက်ပါ .... "

ကော့ဖေးဟုန်စကားကို လူဝကြီးယိုဖုံးက လက်မခံဘဲ ရွှန်ဖီးကို လိုက်ပို့ရန် လက်ပြလိုက်၏။

"ညီလေးကော့ဖေးဟုန်ကို အစ်ကို ခင်မင်လို့ အစ်ကိုက အစ်ကို့စည်သည်တစ်ယောက်အဖြစ် ပြုစုတာပါကွာ .... ကဲ .... ရွှန်ဖီးနောက်ကို လိုက်သွား .... သူလိုက်ပို့လိမ့်မယ် .... "

ကော့ဖေးဟုန်လည်း ဘာမှမတတ်နိုင်တော့ဘဲ ရွှန်ဖီးနောက်သို့ လိုက်ခဲ့ရတော့၏။

ယိုဖုံးသည် လူစိမ်းတစ်ယောက်အား လို့က်လဲစွာကူညီနေ၏။ သူ၏အကူအညီ ဖြူစင်သည် မဖြူစင်သည်ကို ကော့ဖေးဟုန်အနေဖြင့် မသိနိုင်ပါချေ။

ချိုးယွင်တည်းခိုခန်း၏ အပြင်ဘက်သို့ရောက်လျှင် ရွှန်ဖီးက ပြော၏။

"အစ်ကို ခဏစောင့်ဦးနော် .... ကျွန်တော် အစ်ကိုမြင်းကို မြင်းစောင်းထဲက သွားထုတ်လိုက်ဦးမယ် .... "

သူသည် စကားဆုံးသည်နှင့် မြင်းစောင်းဆီသို့ ထွက်သွား၏။

မကြာမီမှာပင် ရှန်ဖီးသည် မဟူရာမြင်းကြီးနှင့် အခြားမြင်းတစ်ကောင်ကို ဆွဲလျက် ရောက်လာ၏။ မဟူရာသည် သူ့သခင်ကို တွေ့သည်နှင့် တစ်ချက်ဟီလိုက်လေ၏။

ကော့ဖေးဟုန်နှင့် ရှန်ဖီးတို့ မြင်းများပေါ်သို့ တက်လိုက်ကြသည်။ ချိုးယွင်တည်းခိုခန်း၏ အဖိနောက်ကွယ်မှ သူတောင်းစားအဘိုးကြီးသည် သူတို့အား ဦးခေါင်းတညိတ်ညိတ်နှင့် ကြည့်လို့နေလေ၏။

ထိုသူတောင်းစားအဘိုးကြီး၏ လက်ထဲတွင် ဝါးစိမ်းတုတ်ရှည်ကြီးကို ကိုင်ထား၏။

သူသည်ကား သူတောင်းစားဂိုဏ်းချုပ်ကြီးပင်တည်း။

ကော့ဖေးဟုန်နှင့် ရှန်ဖီးတို့ မြင်းကို ဒုန်းစိုင်းလျက်ထွက်လာခဲ့ကြသည်။

ဝူးဟော်မြို့ကလေး၏ အနောက်ဘက်သို့ရောက်သောအခါ လွေတောင်မြင့်ကြီးကို လှမ်းမြင်ရသည်။

သူတို့ ဆက်လက်ထွက်ခွာလာရာ ဟုန်ကျက်ကန်တော်ကြီးကို

ပါ မြင်လာရသည်။

ဟုန်ကျက်ကန်တော်ကြီးသည် လွေတောင်မြင့်ကြီး၏ အောက်ခြေတွင် တည်ရှိပြီး အလွန်ကျယ်ပြန့်လှပသော ကန်ကြီးတစ်ခုဖြစ်ပါသည်။

ကန်၏ သည်မှာဘက်ကမ်းစပ်တွင် ကန်ပူစော်ပွဲသို့ လာကြသော လူများစွာကို အုတ်အုတ်ကျက်ကျက် တိုးကြိတ်စည်ကားနေသည်ကို တွေ့ရသည်။

ရေဆိပ်တွင် ဂိတ်ဝတစ်ခုရှိသည်။

ထိုဂိတ်ဝမှ လူများဆင်း၍ ကန်တော်ကြီးအလယ်ရှိ စည်မျက်နှာပြင်ကဲ့သို့ ညီညာချောမွေ့နေသည့် ကျောက်ဆောင်ကြီးရှိရာသို့ လှေများဖြင့် လှော်ခတ်သွားနေကြရသည်။

ကော့ဖေးဟုန်နှင့် ရှန်ဖီးတို့ ရေဆိပ်သို့ရောက်လျှင် မြင်းများချည်နှောင်ရပ်နားရန်နေရာသို့ တွေ့ကြရသည်။

ထိုနေရာ၌ မြင်းများစွာ ချည်နှောင်ထားသည်ကို ထောက်၍ ရပ်ဝေးမှလာကြည့်ကြသော ဧည့်သည်များ များပြားလှကြောင်း သိနိုင်၏။

ကော့ဖေးဟုန်တို့လည်း မြင်းများကို ချည်နှောင်ထားလိုက်ကြ

ပြီး ကန်စပ်ရှိ ဂိတ်ဝသို့ ဆင်းခဲ့၏။

လူများ တိုးကြိတ်ပြီးဝင်နေသော ဂိတ်ဝတွင် အညိုရောင်ဝတ်စုံဝတ် ထိုက်ဟူဂိုဏ်းသားများကို တွေ့ရသည်။

ထိုက်ဟူဂိုဏ်းသားတိုင်း ကျောတွင် ဓားကိုယ်စီ လွယ်ထားကြသည်။ ဤပူဇော်ပွဲကို ထိုက်ဟူဂိုဏ်းသားများက အစဉ်အဆက် ကျင်းပခွင့်ရရှိခဲ့လေ၏။

သူတို့၏မျက်နှာထားများကလည်း ခက်ထန်မာကျောလှသည်။

ကော့ဖေးဟုန်တို့ ဂိတ်ဝသို့ဖြတ်ဝင်လျှင် တစ်ဘက်တစ်ချက်တွင် စောင့်နေကြသော ထိုက်ဟူဂိုဏ်းသားများအနက် အရပ်ထောင်ထောင်မောင်းမောင်း ဗလကောင်းကောင်းနှင့် လူက အော်ပြောလေ၏။

"ဂိတ်ဝင်ကြေးပေးဟေ့ .... "

သွေလက်ထဲမှ သစ်သားသေတ္တာကို ရှေ့သို့ လှမ်းထိုးပေးသည်။

ကော့ဖေးဟုန်ရှေ့တွင် ရှိနေသော ရှန်ဖီးက ငွေအိတ်ထဲမှ ငွေအချိန်တစ်ဆယ်သားကို နှိုက်ယူပြီး ဖလားကြီးထဲ ထည့်ပေးလိုက်သည်။ ဤအလေ့အထကို ကော့ဖေးဟုန် မသိချေ။ ထို့ကြောင့် ယိုဖုံးက ရှန်ဖီးကို ထည့်ပေးလိုက်ခြင်းဖြစ်သည်။

ထိုအခါမှ ကော့ဖေးဟုန်တို့ကို သွားခွင့်ပြုလိုက်သည်။ ကော့ဖေးဟုန်သည် စိတ်ထဲတွင် သိပ်မကျေနပ်ပေ။

"ဘာသဘောလဲ ရှန်ဖီးရ .... ငွေအချိန်တစ်ဆယ်သားတောင် ပေးလိုက်ရတာ များလှချည်လား .... "

ရှန်ဖီးက ကော့ဖေးဟုန်အသံကြောင့် ဘေးသို့ကျီးကန်းတောင်းမှောက် ကြည့်ရင်း ....

"ဂျူး .... တိုးတိုးပြောပါ အစ်ကိုရ .... တော်ကြာ ထိုက်ဟူဂိုဏ်းသားတွေကြားသွားလို့ ပြဿနာတက်နေပါဦးမယ် .... ဒါ ပူဇော်ပွဲကြည့်ခတဲ့ အစ်ကိုရေ .... အမှန်တော့ မိုက်ကြေးခွဲတာပါဗျာ .... ဟိုအရင်ကဆို ကန်ပူဇော်ပွဲကို ဘယ်သူလာကြည့်ကြည့် အခမဲ့ကြည့်ခွင့်ရှိပါတယ် .... အခုတော့ ကျွန်တော်တို့လို မရှိဆင်းရဲသားတွေ၊ ငွေကြေးမတတ်နိုင်တဲ့လူတွေ လာကြည့်ခွင့်မရတော့ဘူးပေါ့ .... "

သူ၏ မကျေနပ်ချက်ကို တီးတိုးရင်ဖွင့်ပြသည်။

ကော့ဖေးဟုန်သည် သူတစ်ပါးအရပ်ဒေသမှာဖြစ်၍ ပြဿနာမပေါ်ချင်သောကြောင့် အလိုက်အထိုက်နေရန် ဆုံးဖြတ်လိုက်ရတော့သည်။

လှေများဆိုက်ကပ်ထားရာသို့ ရောက်ပြန်လျှင် ထိုက်ဟူဂိုဏ်း

သားများကို ထပ်မံတွေ့ရပြန်သည်။

"ရေလယ်ကို ကျွန်တော်တို့ လေတစ်စင်းစင်း ငှားသွားရမယ် အစ်ကို .... ဒီလေကလည်း ထိုက်ဟူဂိုဏ်းသားတွေ ငှားနေတဲ့ လေပဲ အစ်ကိုရ .... အရင်တုန်းကနဲ့တော့ တကယ်ကွာတယ် အစ်ကိုရာ .... အရင်ကဆိုရင် ကိုယ့်လေကိုယ်ယူလာပြီး လွတ်လွတ်လပ်လပ် သွားခွင့် ရှိတယ် .... ခုတော့ .... "

ရှန်ဖီးသည် ထိုက်ဟူဂိုဏ်းသားတစ်ဦးက လှမ်းအော်လိုက်သော ကြောင့် စကားပြတ်သွားသည်။

"ဟေ့ .... မင်းတို့ ရေလယ်သွားမလို့ မဟုတ်လား .... ဘာလို့ အဲဒီမှာ ရပ်နေရတာလဲ .... လာလေ .... ဒီမှာ လေငှားခပေးပြီးသွား ပါလား .... "

မောက်မောက်မာမာ ဆက်ဆံနေကြသည့် ထိုက်ဟူဂိုဏ်းသား များကို ကော့ဖေးဟုန် ဒေါသဖြစ်လာသည်။

ဤသည်ကို ရိပ်စားမိသော ရှန်ဖီးက တောင်းပန်သည်။

"လာပါ အစ်ကိုရာ .... ဒီကောင်တွေနဲ့ ရန်မဖြစ်ချင်ပါနဲ့ .... ဒီကောင်တွေက တစ်ယောက်ချင်းမနိုင်ရင် အများနဲ့ဝိုင်းပြီး ဗိုလ်ကျ တာ .... ဒီတော့ ကျွန်တော်တို့က ဒီမြို့မှာ အခြေနေမှာဆိုတော့ ဒီကောင်

တွေကို ရေလိုက်ငါးလိုက် ပေါင်းနေရလိမ့်ပါ .... "

ကော့ဖေးဟုန်သည် ခေါင်းညိတ်ပြလိုက်ပြီး ရှန်ဖီးနောက်က လိုက်သွားသည်။

ရှန်ဖီးက ထိုလေဆိပ်မှ ထိုက်ဟူဂိုဏ်းသားတစ်ဦးကို လေခငှေ သား တစ်ဆယ်ကျပ်ပေးပြီး လေငှားရပြန်သည်။

လေပေါ်သို့ ကော့ဖေးဟုန်နှင့် ရှန်ဖီးတို့ တက်လိုက်ကြသည်။

ရှန်ဖီးက လှော်တက်ကိုင်ပြီး ကန်အလယ်ရှိ ကျောက်ဆောင်သို့ ဦးတည်လှော်ခတ်သည်။

ကျောက်ဆောင်ဆီသို့ တဖြည်းဖြည်း နီးကပ်လာလေတော့ သည်။

အခန်း(၁၄)

အနိဋ္ဌာရုံ

စည်မျက်နှာပြင်ကဲ့သို့ ချောမွေ့နေသော ကျောက်ဆောင်ပေါ်တွင် ရွှေရောင်ထိုင်ခုံကြီးတစ်လုံးရှိသည်။

နဂါးခြူးပန်းရုပ်များနှင့် ထိုင်ခုံလက်ရမ်းခြေထောက်များကို လှပစွာ ထုလုပ်ထားသည်။

ထိုထိုင်ခုံပေါ်တွင် မည်သူမျှ မရှိချေ။

လက်ဝဲဘက်ထိုင်ခုံပေါ်တွင် ရှုန်အဘိုးကြီးကို တွေ့ရသည်။ ထိုထိုင်ခုံမှာ မသားနားလှချေ။

ထိုထိုင်ခုံများရှေ့တွင် သေးငယ်ပုပြတ်သော တီရွှာန်သားရေနှင့် ကျက်ထားသည့် ထိုင်ခုံလေးများရှိသည်။

ထိုထိုင်ခုံများပေါ်တွင် အညိုရောင်ဝတ်စုံနှင့် ထိုက်ဟူဂိုဏ်းသား

အချို့ ထိုင်နေသည်။

သူတို့ရှေ့တွင် စည်းဝိုင်းနီဖြင့် ကြိုးဝိုင်းသဖွယ်ပြုလုပ်ထားသော ပြိုင်ကွင်းရှိသည်။

သိုင်းပြိုင်ကွင်းအစွန်၌ ပြိုင်ပွဲဝင်ရောက်ကြမည့် သိုင်းပညာရှင် ဧည့်သည်တော်များထိုင်ရန် ကော်ဇောစိမ်းကြီး ခင်းထားသည်။

ထိုအချိန်တွင် ကော်ဇောစိမ်းကြီးပေါ်၌ သိုင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် သိုင်းသမားတစ်ဦးကိုမျှ မတွေ့ရသေးပေ။

ကန့်ပူဇော်ပွဲကို လာကြည့်ရှုကြည့်ကြသော သာမန်ပွဲကြည့်ပရိသတ်မှာ စည်မျက်နှာပြင်ကဲ့သို့ ဝိုင်းစက်ညီညာနေသော ထိုကျောက်ဆောင်ကြီး၏ နံဘေးရေထဲမှပင် လှေများဖြင့် ပြိုင်ပွဲကို ကြည့်ရသည်။

အချိန်နှင့်အမျှ ကျောက်ဆောင်ပတ်လည်တွင် လှေများပြည့်ညပ်လာသည်။

လူများလှေများ များပြားလာသည်။

စကားပြောသံ တစ်ယောက်နှင့်တစ်ယောက် အော်ဟစ်သံ ဆူညံလာသည်။

အတန်ကြာသောအခါ ထူးခြားမှုတစ်ခုကြောင့် စကားပြောသံ အော်ဟစ်သံများ အားလုံးငြိမ်သွား၏။

ကျောက်ဆောင်ရှိရာသို့ ဦးတည်လျက် လှေကြီးတစ်စင်း လှော်ခတ်လာသည်။

တစ်စင်းနှင့်တစ်စင်း ထိကပ်နေသော လှေများက ထိုလှေကြီးကို လမ်းဖယ်ပေးကြရသည်။ ကျပ်ညပ်နေသဖြင့် ခက်ခဲစွာ လှေကြီးဝင်လာရ၏။

အပြာရောင်ပန်းပွားခက်များ ကန့်လန့်ကာနီများ ဆင်ယင်ထားသည့် လှေကြီးသည် ကျောက်ဆောင်ဦးဝိုင်းသို့ ထိုးဆိုက်ရပ်လိုက်သည်။

လှေပေါ်မှ အရောင်အသွေးမျိုးစုံ ဝတ်ဆင်ထားသူများသည် ကျောက်ဆောင်ပေါ်သို့ ခုန်တက်လိုက်သည်။

သူတို့တွင် လက်နက်မျိုးစုံပါသည်။

အချို့က ဓား၊ အချို့က ပုဆိန်၊ အချို့က လုံနှင့် ကြာပွတ်၊ အချို့က ဆူးကောင်တပ် မှိန်းရှည်ကြီးများ။

လက်နက်မျိုးစုံနှင့် လူများသည် ကော်ဇောစိမ်းကြီးပေါ်သို့ လျှောက်သွားပြီး ထိုင်လိုက်ကြသည်။

ထိုအခါ ၎င်းတို့သည် သိုင်းပြိုင်ပွဲယှဉ်ပြိုင်ရန် ရောက်လာကြသော သိုင်းပညာရှင်များဖြစ်ကြောင်း ကောဖေးဟုန် သိလိုက်လေ၏။

ဌေရောင်ထိုင်ခုံပေါ်မှ ရုန်အဘိုးကြီးက မတ်တတ်ရပ်လိုက်သည်။

ထို့နောက် ထိုက်ဟူဂိုဏ်းအလံကို ဌေရောင်ထိုင်ခုံရှေ့မှာ စိုက်ထူလိုက်သည်။

သားရေထိုင်ခုံများပေါ်မှ ထိုက်ဟူဂိုဏ်းသားများနှင့် ကော်ဇောစိမ်းပေါ်မှ သိုင်းသမားများ မတ်တတ်ရပ်လိုက်ပြီး ထိုက်ဟူဂိုဏ်းအလံကို ဦးညွတ်အရိုအသေပြုကြသည်။

ထိုက်ဟူဂိုဏ်းသားများက ပြိုင်တူကြွေးကြော်ကြသည်။

"ထိုက်ဟူဂိုဏ်း အခွန့်ရှည်ပါစေ .... "

"ထိုက်ဟူဂိုဏ်း အခွန့်ရှည်ပါစေ .... "

"ဟုန်ကျက်ကန်ပူဇော်ပွဲ အောင်မြင်ပါစေ .... "

"ဟုန်ကျက်ကန်ပူဇော်ပွဲ အောင်မြင်ပါစေ .... "

ထို့နောက် အသံများတိတ်သွားသောအခါ အဘိုးကြီးရုန်က သူ့လက်ယာဘက်ကို မြှောက်လိုက်၏။

ထိုက်ဟူသိုင်းသမားများနှင့် ကော်ဇောစိမ်းပေါ်မှ သိုင်းသမားများ ပြန်ထိုင်ကြသည်။

"အားလုံး နားထောင်ကြပါ .... ဒီနေ့ဟာ ဟုန်ကျက်ကန်ပူဇော်

ပွဲ စတင်ကျင်းပမယ့်နေ့ ဖြစ်ပါတယ် .... နှစ်စဉ်ကျင်းပခဲ့တဲ့အတိုင်း ဟုန်ကျက်ကန်ပူဇော်ပွဲကို သုံးရက်တိတိ ကျင်းပပါမယ် .... ပထမနေ့နဲ့ ဒုတိယနေ့မှာ သိုင်းပြိုင်ပွဲကို ထိုက်ဟူဂိုဏ်းသားများက ဦးစီးစီစဉ်မှာ အားလုံးအသိပါပဲ .... ဒါကြောင့် ထိုက်ဟူဂိုဏ်းသားများနဲ့ ယှဉ်ပြိုင်ရန် ရောက်လာကြတဲ့ သိုင်းပညာရှင်များ ကော်ဇော်စိမ်းမှာ နေရာယူကြပါ .... ပရိသတ်ထဲက ယှဉ်ပြိုင်လိုသူများရှိရင် ကော်ဇော်စိမ်းပေါ် နေရာယူကြပါ .... "

အဘိုးကြီးရှုန်က ရပြင်တွင် လှေများဖြင့် ကြည့်နေကြသော ပရိသတ်ဘက်သို့ လှည့်၍ ဖိတ်ခေါ်သော်လည်း မည်သူမျှ မထွက်ကြချေ။

"ကဲ .... ဒီလိုဆိုရင် ဒီနေ့အဖို့ မကြာခင်မှာ သိုင်းပြိုင်ပွဲစပါ့မယ်၊ ကော်ဇော်စိမ်းပေါ်သို့ ယခုရောက်ရှိနေတဲ့ သိုင်းပညာရှင်များအနေနဲ့ ထိုက်ဟူဂိုဏ်းသားများနဲ့ ယှဉ်ပြိုင်တဲ့အခါမှာ ညှာတာနေစရာ မလိုပါဘူး .... ဟုန်ကျက်ကန်ပူဇော်ပွဲမှာ သွေးရေကျရေးဟာ အဓိကဖြစ်ပါတယ် .... "

ထိုက်ဟူဂိုဏ်းသားများက အသံကျယ်လောင်စွာဖြင့် အော်ဟစ်လိုက်ကြသည်။

"ဟုန်ကျက်ကန်ပူဇော်ရေး အောင်မြင်ပါစေ .... "

အဘိုးကြီးရှုန်က ....

"မိမိဆန္ဒအလျောက် လာရောက်ယှဉ်ပြိုင်ကြတဲ့ သိုင်းပညာရှင်များကို ဟုန်ကျက်ကန်ပူဇော်ရေး ထမြောက်ကူညီသူများအဖြစ် ထိုက်ဟူဂိုဏ်းသားက ကျေးဇူးတင်ပါတယ် .... ဒီကနေ့ အဆင့်အဆင့် အနိုင်ရရှိသူဟာ ထိုက်ဟူဂိုဏ်းထဲကို ဝင်လိုက်ဝင် ထွက်လိုက်ထွက်ခွင့် ရပါတယ် .... ထိုက်ဟူဂိုဏ်းသားဝင်အဖြစ် ဂိုဏ်းခွဲမှူးနေရာ၊ ဒုဂိုဏ်းချုပ်နေရာ၊ ဂိုဏ်းချုပ်နေရာများကို လိုချင်တယ်ဆိုရင်လည်း လက်ရှိဂိုဏ်းမှူးဖြစ်တဲ့ ကျွန်တော်ရှုန်နဲ့လည်းကောင်း၊ ဂိုဏ်းချုပ်ကြီးနဲ့လည်းကောင်း ယှဉ်ပြိုင်အနိုင်ယူခဲ့ပါက နေရာဆက်ခံခွင့်ရှိတဲ့အကြောင်း ဟုန်ကျက်ကန်တော်ရဲ့ ထုံးတမ်းစဉ်လာအရ ကြိုတင်ရှင်းပြပါတယ် .... ကော်ဇော်စိမ်းပေါ်က သိုင်းပညာရှင်များ ခေတ္တအနားယူရင်း ထိုက်ဟူဂိုဏ်းက ညွှန်ခဲ့တဲ့ အစားအစာများကို သုံးဆောင်ကြပါ ခင်ဗျာ .... "

အဘိုးကြီးရှုန်က အချက်ပြလိုက်သောအခါ ထိုက်ဟူဂိုဏ်းသားများအနက် အဆင့်နိမ့်သိုင်းသမားအချို့က အသင့်ပြင်ထားသော စားသောက်ဖွယ်ရာများနှင့် အရက်အိုးများကို ကော်ဇော်စိမ်းပေါ်သို့ သွားရောက်ချပေးလိုက်သည်။

သူတို့ကို ကြည့်ရှုအကဲခတ်နေသော ကော့ဖေးဟုန်မှာ အံ့အား သင့်သွားသည်။

အဘယ်ကြောင့်ဆိုသော် ....

ကော်ဇောစိမ်းပေါ်ရှိ သိုင်းသမားများသည် လာရောက်ချပေး သော စားသောက်စရာများနှင့် အရက်အိုးများကို သူထက်ငါ အလု အယက် ယူငင်ပြီး လောဘတကြီး စားသောက်နေကြသောကြောင့် တည်း။

ကော့ဖေးဟုန်က ....

"ဟ .... ဒီလူတွေ ဘယ်လိုဖြစ်တာလဲ .... ဣန္ဒြေမဲ့လှချည် လား .... "

ရှုန်ဖီးက ကော့ဖေးဟုန်အနီးသို့ကပ်ပြီး လေသံတိုးတိုးဖြင့် ....

"ဒီလူတွေက ငတ်ပြတ်နေတာ အစားမစားရတာ သုံးလေးရက် ရှိနေပြီ အစ်ကို .... "

ရှုန်ဖီးစကားကို ကော့ဖေးဟုန် နားမလည်။

"ဘယ်လိုကွ ရှုန်ဖီး၊ .... ဒီလူတွေက ဘာကြောင့် အစာမစား ရတာ သုံးလေးရက်ရှိပြီလို့ မင်း ဘာဖြစ်လို့ ပြောနိုင်တာလဲ .... "

"ဒီလိုအစ်ကိုရ .... ထိုက်ဟူဂိုဏ်းက သူတို့နဲ့ ရန်ပြိုးရန်စရှိတဲ့

လူတွေကို ကန်ပူဇော်ပွဲနိုးရင် ဖမ်းခေါ်သွားပြီး .... သူတို့ဂိုဏ်း၊ မြေ အောက်လိုဏ်ဂူမှာ ချုပ်ထားတယ် .... အစာမကျွေးဘဲထားပြီး ခုန ကလို လှောင်ကြီးနဲ့ ခေါ်လာတာပေါ့ .... ဒီလူတွေက သူတို့ဆန္ဒနဲ့ သူတို့ လာပြိုင်ကြတာ မဟုတ်ဘူး .... ထိုက်ဟူဂိုဏ်းက အဓမ္မနိုင်းပြီး သိုင်း ပညာပြနိုင်းတာ .... "

"ဟုတ်ရဲ့လား ရှုန်ဖီးရာ .... သူတို့ သိုင်းပညာမပြိုင်ချင်ရင် အခု ထွက်သွားလည်းရတာပဲ .... "

"ထွက်သွားလို့ မဖြစ်လို့ပေါ့ အစ်ကိုရာ .... ထွက်သွားလို့ဖြစ် ရင် သူတို့ ထွက်သွားကြမှာပေါ့ .... ဒီလူတွေက သိုင်းပညာ ဟူတို့ ပတ်တတ်တာမှ မဟုတ်ဘဲ .... ပြိုင်ရင် သူတို့သေမယ်ဆိုတာ သိပြီး သားပဲ .... ဒါပေမယ့် ထိုက်ဟူဂိုဏ်းအမိန့်ကို ဖီဆန်ရင် သူတို့ရဲ့ မိသားစု တွေပါ အသတ်ခံမှာသိကြလို့ အခုလို သေမင်းလမ်းပေါ် လျှောက်နေ ကြတာပေါ့ .... "

"ဘယ်လိုအဓိပ္ပာယ်နဲ့ ဒါတွေလုပ်နေတာလဲကွာ .... "

"ထိုက်ဟူဂိုဏ်းက ကန်ပူဇော်ပွဲကို ဦးစီးကျင်းပခွင့်ယူပြီး သူတို့ မုန်းတဲ့လူတွေကို တစ်ဘက်လှည့်နဲ့ သတ်နေတာပေါ့ .... ပြီးတော့ လည်း ပူဇော်ကန်တော့ပွဲကို လာကြည့်ခတွေ ကိုယ်ကျိုးအတွက်သုံးစွဲ

ဖို့ ငွေရတယ်လေ .... "

"ဒီအကြောင်းတွေ အားလုံးသိနေကြသလား .... "

"ဘယ်သိပါ့မလဲ အစ်ကိုရာ .... ထိုက်ဟူဂိုဏ်းက အလုပ်ပိရိတယ် .... ကျွန်တော်က ချိုးယွင်တည်းခိုခန်းမှာ အလုပ်လုပ်နေလို့ ဒီလူတွေဆီက သတင်းတွေကြားပြီး သိနေတာ .... "

ကော့ဖေးဟုန်က သက်ပြင်းချမိသည်။

ကော်ဇော်စမ်းပေါ်ရှိ လူများကို စောစောက သိုင်းပညာရှင်များဟု ယူဆခဲ့သော်လည်း ယခုတော့ ဓားသွားအောက်မှာ လည်စင်းပေးနေရသည့် သနားစဖွယ် သတ္တဝါများအဖြစ် သိလာရတော့၏။

တော်မွတ်နေသူတို့၏ သဘာဝအတိုင်း မရုက်နိုင်ဘဲ ကျွေးသမျှကို လောဘကြီးစွာ စားနေကြသည်။

စားနေရင်းနှင့် သူတို့ခန္ဓာကိုယ်များ လေးလံထိုင်းမှိုင်းလာလေသည်။

"ရှန်ဖီး .... မင်း သတိထားမိလားကွ .... သူတို့ အစာစားပြီးမှ ပိုပြီး အားယုတ်သွားသလိုပဲ .... "

"ဟုတ်တယ် အစ်ကို .... အစားအစာနဲ့ အရက်တွေထဲမှာ အဆိပ်ထည့်ထားတယ် .... သူတို့အတွက် အစားအစာနဲ့ အရက်ကို

ကျွန်တော်တို့ ချိုးယွင်ထည်းခိုခန်းက စီမံပေးရတာ .... အစားအစာတွေကို ဒီကိုယူမလာခင် ထိုက်ဟူဂိုဏ်းခွဲမှူး အဘိုးကြီးရှန်ကိုယ်တိုင် အဆိပ်တွေထည့်တာ ကျွန်တော် မြင်ခဲ့ရတယ် .... "

မကြာမီ သိုင်းပြိုင်ပွဲ စတင်တော့မည်။

သိုင်းပြိုင်ပွဲမှာ ထိုက်ဟူဂိုဏ်းက ဦးစီးကျင်းပပြီး ကော်ဇော်စမ်းပေါ်မှ သိုင်းသမားများကို ထိုက်ဟူဂိုဏ်းသားများက ရင်ဆိုင်တိုက်ခိုက်မည် ဖြစ်သည်။

ထိုက်ဟူဂိုဏ်းသားများကတစ်ဘက် ကော်ဇော်ပေါ်မှ သိုင်းသမားများကတစ်ဘက်ဟု ဆိုရမည်။

ပထမဦးစွာ တစ်ဦးချင်းအဖြစ် ယှဉ်ပြိုင်ပွဲကို အဘိုးကြီးရှန်က အမည်များကိုခေါ်သည်။

ထိုက်ဟူဂိုဏ်းသားတစ်ဦးနှင့် ကော်ဇော်ပေါ်မှ သိုင်းသမားတစ်ဦး ထွက်လာသည်။

ကော်ဇော်ပေါ်မှ သိုင်းသမားမှာ လယ်သမားတစ်ဦးဖြစ်ဟန်ရှိသည်။

နေလောင်ထားသဖြင့် အသားများညိုနေသည်။ မြင့်မားသော ခန္ဓာကိုယ်၌ ဖုထစ်သော ကြွက်သားများရှိနေ၏။

ဗလကောင်းသော်လည်း လူပ်ရှားမှုမှာ နှေးကွေးလေးလံနေသည်။

သူလက်ထဲတွင် အရွက်ကျယ်ကျယ် အသွားထက်ထက် ပုဆိန်ကြီးတစ်လက်ကို ဝှေ့ယမ်းရင်း ကိုင်မြှောက်လာသည်။

ထိုက်ဟူဂိုဏ်းသားမှာ ပုပု ဂင်တိုတို သူ၏လက်နှစ်ဘက်တွင် အပြားကြီးသော ဓားမောက်နှစ်ချောင်း။

နှစ်ယောက်သား ရင်ဆိုင်မိကြပေပြီ။

ကော်ဇောစိမ်းပေါ်မှ သိုင်းသမားက ပုဆိန်ကြီးကို မြှောက်ပြီး ထိုက်ဟူဂိုဏ်းသား၏ ဦးခေါင်းတည့်တည့်သို့ ခုတ်ချလိုက်၏။

"ဝှီး ...."

အသံမြည်၍ ဦးခေါင်းတည့်တည့်သို့ ကျလာသော ပုဆိန်သွားကို ထိုက်ဟူဂိုဏ်းသားက လှစ်ခနဲ ဘေးသို့ရှောင်တိမ်းလိုက်လေသည်။

ပုဆိန်သွားက သူပခုံးဘေးမှကပ်၍ ဖြတ်သွားစဉ် သူလက်ထဲမှ ဓားမောက်ကို အားနှင့်မြှောက်လိုက်၏။

ဓားမောက်၏ ဓားသွားက ပုဆိန်သွား၏ အနှောင့်ဘေးမှ ကပ်၍ ပုဆိန်ရိုးကို တိခနဲဖြတ်ပစ်လိုက်သည်။

"ဒုန်း .... ချလွမ်း .... ချလွမ်း .... "

ကော်ဇောစိမ်းပေါ်မှ သိုင်းသမားသည် အရိုးချည်းသာ ကျန်သော ပုဆိန်ရိုးကို လက်တွင်းဌ ဆုပ်ကိုင်၍ အံ့အားသင့် ငေးကြည့်နေ၏။

သိုင်းသမားဟူ၍သာ ပြောရသည်။ သိုင်းပညာမည်မည်ရရ တတ်ဟန်မတူ။

ထိုအချိန်တွင် ထိုက်ဟူဂိုဏ်းသားက ....

"ယား .... "

ကျယ်လောင်စူးရှစွာ အော်ဟစ်လျက် သိုင်းသမားဆီသို့ ခုန်ဝင်လာပြီး ပုဆိန်ရိုးကို ဆုပ်ကိုင်ဆန့်တန်းထားသော လက်မောင်းကို ဘယ်လက်မှ ဓားမောက်ဖြင့် ခုတ်ဖြတ်လိုက်သည်။

"အား .... "

တစ်ဆက်တည်းမှာပင် .... လယ်ယာဘက်မှ ဓားမောက်ကို မြှောက်တက်သွားပြီး သိုင်းသမား၏ဝမ်းဗိုက်ကို ထက်ခြမ်းခွဲပစ်လိုက်သည်။

"အူး .... "

သွေးများ ဒလဟောစီးကျလာပြီး သန့်စင်ချောမွေ့နေသော

ကျောက်သားမျက်နှာပြင်ပေါ်တွင် အနီရောင်များ ရွှဲစိုသွားလေတော့သည်။

ထိုက်ဟူဂိုဏ်းသားက ပရိသတ်ဘက်သို့ အရိုအသေပြုပြီး ဦးညွှတ်လိုက်သည်။

တရားမမျှတသော တိုက်ပွဲသာဖြစ်ပါသည်။

ထို့နောက် ထိုက်ဟူဂိုဏ်းသားက အလံတော်ကို အရိုအသေပြုပြန်သည်။

ပရိသတ်မှာ တိတ်ဆိတ်ငြိမ်သက်နေဆဲ။

ရှုန်အဘိုးကြီးက ရုတ်တရက် မတ်တတ်ရပ်လိုက်ပြီး ....

"ဟုန်ကျက်ကန့်ပူစော်ပွဲ အောင်မြင်ပါစေ .... "

ကျယ်လောင်သောအသံကြီးဖြင့် ကြွေးကြော်လိုက်သည်။

ထိုအခါ ပရိသတ်အားလုံး သက်ပြင်းများ မှုတ်ထုတ်လိုက်ကြပြီး ....

"ဟုန်ကျက်ကန့်တော်ပူစော်ပွဲ အောင်မြင်ပါစေ .... "

ဟိုတစ်ပေါက် သည်တစ်ပေါက် အော်ဟစ်ကြသည်။

ထိုအချိန်တွင် ....

"ကျပ်ညပ်နေသော လေများကြားသို့ လေတစ်စင်း တိုးဝင်

လော်ခတ်လာလေတော့သည်။

လေပေါ်တွင် အမျိုးသမီးတစ်ဦး ပါလာသောကြောင့် လေများကို နံဘေးသို့ ဖယ်ပေးကြသည်။

ထိုအမျိုးသမီးလော်ခတ်လာသောလေသည် ကော့ဖေးဟုန်တို့လေနှင့် နံဘေးချင်းယှဉ်ရပ်လိုက်သည်။

"အစ်ကို ကော့ဖေးဟုန် .... "

ခေါ်သံကြောင့် ကော့ဖေးဟုန် လှည့်ကြည့်လိုက်လျှင် လေပေါ်၌ ချူချင်းချင်းကို တွေ့လိုက်ရလေသည်။

"ဟင် .... ချူချင်းချင်း .... "

"လာအစ်ကို .... ဒီလေပေါ်တက်ခဲ့ .... "

ချူချင်းချင်းကို မမျှော်လင့်ဘဲ ရုတ်တရက်တွေ့လိုက်ရသော်လည်း ချူချင်းချင်း စာရေး၍ ချိန်းဆိုလိုက်သောအချက်ကို သတိရလိုက်မိသည်။

ချူချင်းချင်းလေပေါ်သို့ ကော့ဖေးဟုန် ခုန်တက်လိုက်၏။ လေပေါ်သို့ ရောက်သောအခါ ကော့ဖေးဟုန်က ရှုန်ဖီးကို လှမ်းပြောလိုက်လေ၏။

"ရှုန်ဖီး .... မင်းပြန်တော့ .... "

ချူချွင်းချင်းကလည်း ....

"ရှုန်ဖီးရေ .... မင်း လေဆိပ်ကိုပြန်သွားတော့ .... မြင်းတွေ အသင့်ပြင်ပြီး စောင့်နေဟုတ်လား .... "

ရှုန်ဖီးက ဦးညွှတ်ဂါရဝပြုလိုက်၏။

"ဟုတ်ကဲ့ပါ သခင်မလေး .... သခင်မလေးမှာတဲ့အတိုင်း ဆောင်ရွက်မေးပါ့မယ် .... "

ရှုန်ဖီးက လေးစားရိုသေ ကျိုးနွံစွာ ပြောသည်။

ကော့ဖေးဟုန် မျက်လုံးများမြင့်တက်သွားသည်။

ရှုန်ဖီးက .... ချူချွင်းချင်းကို သခင်မလေးဟု ခေါ်လိုက်သည် မဟုတ်ပါလား။

ကော့ဖေးဟုန်က မေးမြန်းရန် ပြင်စဉ်မှာပင် ချူချွင်းချင်း လှေကိုလှော်ထွက်ရင်း ပြောသည်။

"ပြီးမှ ရှင်းပြမယ် အစ်ကိုကော့ဖေးဟုန် .... "

တစ်စင်းနှင့်တစ်စင်း ထိကပ်နေသော လှေဝိုင်းကြီးကြားမှ အလွန်ပင် ခက်ခက်ခဲခဲနှင့် လှော်ထွက်ခဲ့ရသည်။

အတန်ကြာသော် လှေဝိုင်းကြီး အပြင်ဘက်သို့ ရောက်လာသည်။

ချူချွင်းချင်းက လှေဦးကို ဟန်ကျက်ကန်တော်ရေပြင်ကျယ်ကြီးဆီသို့ ဦးတည်လှော်လေတော့သည်။

သိုင်းပြိုင်ပွဲမှ အော်ဟစ်ဆူညံသံများသည် တဖြည်းဖြည်း ဝေး၍ကျန်ရစ်ခဲ့လေသည်။

ကော့ဖေးဟုန်က ....

"ဒီသိုင်းပြိုင်ပွဲက အတော့်ကို မတရားတာပဲ ညီမ .... "

ကော့ဖေးဟုန်က ဆက်ပြော၏။

"ရှုန်ဖီးဆီက သိရသမျှဆိုရင် ထိုက်ဟူဂိုဏ်းရဲ့လုပ်ရပ်တွေက မဟုတ်ဘူး .... တစ်ခုခုတော့ လုပ်မှဖြစ်မယ် .... "

ကော့ဖေးဟုန်စိတ်ထဲတွင် မတရားသောအမှုများကိုမြင်၍ ဒေါသဖြစ်နေသည်။

အဘိုးကြီးရှုန်နှင့် ထိုက်ဟူဂိုဏ်းသားများကို အပြစ်ပေးလိုက်ချင်သည်။

"နေပါဦး အစ်ကို .... အစ်ကို့ကို ချူချွင်းချင်း ချိန်းလိုက်တာလည်း ဒီကိစ္စပါပဲ .... "

"ဘယ်လို ချူချွင်းချင်း .... ညီမ အစ်ကို့ကိုချိန်းလိုက်တာ ထိုက်ဟူဂိုဏ်းကိစ္စဟုတ်လား .... "

"ဟုတ်ပါတယ် အစ်ကို .... ထိုက်ဟူဂိုဏ်းကိစ္စပါ .... "

ချူချင်းချင်းက လော်တက်ကို လေပေါ်မှာတင်ထားလိုက်လေသည်။ လေမှာ ကန်ရေပြင်တွင် အလိုက်သင့်မျောနေသည်။

ပတ်ဝန်းကျင်တွင် လူသူကင်းရှင်းနေသည်။ မည်သည့်လေတစ်စင်းမှမရှိ။

"ညီမ အစအဆုံးရှင်းပြပါ့မယ် .... စောစောက ရှုန်ဖီးက သခင်မလေးလို့ခေါ်လိုက်တာ အစ်ကိုကြားတယ် မဟုတ်လား .... ရှုန်ဖီးဟာ ထိုက်ဟူဂိုဏ်းသား .... "

"ဟင် .... "

ကော့ဖေးဟုန် မျက်လုံးပြူးသွားသည်။

"ညီမလည်း ထိုက်ဟူဂိုဏ်းဝင်ပါပဲ အစ်ကို .... "

"အိုး .... "

ကော့ဖေးဟုန် ပို၍ အံ့အားသင့်သွားလေတော့သည်။ မည်သို့ဖြစ်သနည်း။

ထိုက်ဟူဂိုဏ်း .... ။

ထိုဂိုဏ်းသည် ကော့ဖေးဟုန်၏ အသိစိတ်ဓာတ်အား ချာချာလည်အောင် ပြုလုပ်နိုင်လေစွတကား။

"ဒီလိုပါ အစ်ကို .... "

ချူချင်းချင်းက သူမဘဝနှင့် ထိုက်ဟူဂိုဏ်း၏ ဆက်သွယ်ပုံကို ဇာတ်ကြောင်းပြန်၍ ပြောပြသည်။

ချူချင်းချင်းတွင် မွေးချင်းအစ်ကို တစ်ယောက်ရှိ၏။

အမည်မှာ ချူယိုဖုန်း။

သူတို့မောင်နှမနှစ်ယောက်၏ မွေးသဖခင်မှာ ထိုက်ဟူဂိုဏ်း ချုပ် ချူတင်ဖုန်း။

ချူတင်ဖုန်းမှာ မသမာသူများ၏ လုပ်ကြံမှုကြောင့် အဆိပ်မိခဲ့ရသည်။ အဘယ့်ကြောင့်လုပ်ကြံခံရသနည်း။

လုပ်ကြံသူကို ဖော်ထုတ်၍မရ။

ဖခင်ကြီး ချူတင်ဖုန်း အသက်ကို ကယ်တင်ကုသရန် အာရုံစိုက်နေရသောကြောင့် လုပ်ကြံသူကိုက ဖိဖိစီးစီး မရှာဖွေနိုင်ခြင်းလည်းဖြစ်သည်။

သို့သော် ချူယိုဖုန်းနှင့် ချူချင်းချင်းတို့အဖို့ မြွေပါလည်းဆုံး၊ သားလည်းဆုံးရချေသည်။

ပြင်းထန်သောအဆိပ်ကြောင့် ဖခင်ချူတင်ဖုန်းမှာ ကွယ်လွန်ခဲ့ရသည်။

အဆိပ်ဖြင့် လုပ်ကြံသွားသော ရန်သူလည်း ရှာ၍မရတော့ပေ။

ထိုက်ဟူဂိုဏ်းတွင် ဂိုဏ်းချုပ်မရှိတော့ပြီ။

ဂိုဏ်းချုပ်အသစ် ပြန်လည်ရွေးချယ်ရတော့မည် ဖြစ်သည်။

ထိုက်ဟူဂိုဏ်းတွင် ပြင်းထန်၍ တိကျသော စည်းကမ်းများရှိသည်။

၁။ ဂိုဏ်းချုပ်ဟောင်းကွယ်လွန်လျှင် ဂိုဏ်းချုပ်သစ်အဖြစ် ဂိုဏ်းချုပ်ဟောင်း၏သား ဆက်ခံခွင့်ရှိသည်။

၂။ သို့သော် ဂိုဏ်းဝင်များထဲမှ မကျေနပ်သူရှိလျှင် ဂိုဏ်းချုပ်ဟောင်း၏သားကို ယှဉ်ပြိုင်တိုက်ခိုက်ပြီး အနိုင်ရပါက ထိုက်ဟူ ဂိုဏ်းချုပ်အဖြစ် ဆက်ခံခွင့်ရှိသည်။

၃။ မည်သူပင်မဆို ထိုက်ဟူဂိုဏ်းချုပ်ဖြစ်လာခဲ့လျှင် ထိုသူ မကွယ်လွန်မချင်း ထိုက်ဟူဂိုဏ်းဝင်များက ဂိုဏ်းချုပ်သစ်ရွေးချယ်ခွင့် မရှိ။

၄။ ဂိုဏ်းချုပ်သစ်ရွေးချယ်ပွဲ၌ အသုံးပြုသော သိုင်းကွက်များသည် ထိုက်ဟူဂိုဏ်း၏ မူပိုင်သိုင်းဖြစ်ရမည်။

ထိုစည်းကမ်းများက ထိုက်ဟူဂိုဏ်း၏ တိကျသော စည်းကမ်းများပေတည်း။

ဤစည်းကမ်းများကြောင့် .... ဂိုဏ်းချုပ်သစ်ရွေးကောက်တင်မြှောက်ရန်နေ့သို့ ဆိုက်ရောက်လာလေတော့၏။

ထိုက်ဟူဂိုဏ်းတည်ရာ ဝူလျှံအိမ်တော်ကြီး၏ ကြီးမားကျယ်ပြန့်သော ခန်းမထဲ၌ နေရာအသီးသီးတွင် အဆင့်လိုက် ေနရာယူပြီးကြပြီဖြစ်သည်။

အသက်အရွယ် အိုးမင်းရင့်ရော်လှပြီဖြစ်သော ထိုက်ဟူဂိုဏ်း၏ ဂိုဏ်းစောင့်အဘိုးအို ဘဘ 'ဝေဖုံလု' က အခမ်းအနားအစီအစဉ်အတိုင်း ကွယ်လွန်ခဲ့ပြီဖြစ်သော ထိုက်ဟူဂိုဏ်းချုပ်အဆက်ဆက်တို့ကို ရည်မှန်း၍ ပူဇော်သည်။

ထိုက်ဟူဂိုဏ်းဝင်များအားလုံးလည်း ဒူးထောက်၍ ဓရိုအသေပြုသည်။ ဂါရဝပြုကြသည်။

ခန်းမကြီးတစ်ခုလုံး အမွှေးတိုင်ရနံ့က လွှမ်မိုးလွှမ်းနေသည်။

"ကဲ .... ဂိုဏ်းချုပ်အသစ်ရွေးချယ်ပွဲစပါတော့မယ် .... "

ဂိုဏ်းစောင့်ကြီး ဘဘဝေဖုံလု၏ အသံကြောင့် ဂိုဏ်းဝင်များအားလုံး ဒူးထောက်ရာမှ ပြန်ထပြီး နေရာအသီးသီးမှာ ထိုင်လိုက်ကြသည်။

"ထိုက်ဟူဂိုဏ်း၏ စည်းကမ်းအရ ဂိုဏ်းချုပ်ဟောင်းကွယ်လွန်

ရင် ဂိုဏ်းချုပ်ဟောင်းရဲ့သားက ဆက်ခံခွင့်ရှိပါတယ် .... "

ဂိုဏ်းချုပ်ကြီးအသံက ခန်းမတစ်လျှောက် ပဲ့လွင့်လာသည်။

"ဒါကြောင့် ဂိုဏ်းချုပ်ဟောင်းကြီးရဲ့ သားဖြစ်တဲ့ ချူယိဖုန်း ခန်းမရှေ့ကိုကြွပါ .... "

ချူယိဖုန်းသည် ဂိုဏ်းဝင်များကိုဖြတ်သန်း၍ ခန်းမရှေ့သို့ ဂိုဏ်းချုပ်သစ်ရွေးချယ်ခံခွင့်ရှိသူများသာ ရပ်တန့်ခွင့်ရှိသော စည်းဝိုင်းပြာအတွင်းသို့ ဝင်ရောက်ဒူးထောက်လိုက်၏။

"ယခု စည်းဝိုင်းပြာအတွင်းမှာ ရောက်ရှိနေသူဟာ ဂိုဏ်းချုပ်သစ်နေရာကို ဆက်ခံခွင့်ရှိသူဖြစ်ပါတယ် .... ထိုပ်ဟူဂိုဏ်းရဲ့ စည်းကမ်းချက် နှစ်အရ ဂိုဏ်းဝင်သူများထဲမှ မကျေနပ်သူရှိလျှင် ဂိုဏ်းချုပ်ဟောင်းရဲ့သားကို ယှဉ်ပြိုင်တိုက်ခိုက်ပြီး အနိုင်ရပါက ထိုက်ဟူဂိုဏ်းချုပ်အဖြစ် ဆက်ခံခွင့်ရှိပါတယ် .... ဂိုဏ်းဝင်များ သဘောတူလိုရှိပါသလဲ"

ထိုက်ဟူဂိုဏ်းသားများအားလုံး ကျယ်လောင်ညီညာသော အသံဖြင့် ....

"ချူယိဖုန်းကို ဂိုဏ်းချုပ်သစ်အဖြစ် ကျေနပ်လက်ခံပါတယ်"

ထိုအသံကိုကြား၍ ချူယိဖုန်း၏ရင်ထဲတွင် ကျေနပ်ချမ်းမြေ့သွားသည်။

ဂိုဏ်းစောင့်ကြီးကလည်း ဝမ်းသာသောအပြုံးဖြင့် ဂိုဏ်းချုပ်သစ်အဆောင်အယောင်များကို စင်မြင့်ပေါ်မှ လှမ်းယူလိုက်သည်။

ဂိုဏ်းချုပ်သစ် အဆောင်အယောင်များမှာ ကျောက်စိမ်းများစီခြယ်ထားသည့် လက်ကိုင်တောင်ဝှေး။

စိန်စများဖြင့် ပြောက်မွမ်းထားသော သိုးရုံဝတ်လုံရှည်ကြီးနှင့် ဂိုဏ်းချုပ်အဆင့်ဆင့် ဆက်ခံလာခဲ့သော 'သွေးမစွတ် သံမဏိဓား"။

ဂိုဏ်းစောင့်ကြီးက ချူယိဖုန်းထံသို့ လျှောက်လာပြီး ....

"အခု ဂိုဏ်းချုပ်သစ်ကို ဂိုဏ်းချုပ်အဆောင်အယောင်များ အပ်နှင်းပါတော့မယ် .... "

ဟု ပြော၍ သွေးမစွတ် သံမဏိဓားကို ကမ်းပေးသည်။

ချူယိဖုန်းက ဒူးထောက်လျက်အနေအထားဖြင့် သွေးမစွတ် မသံမဏိဓားကိုယူရန် လက်မြှောက်လိုက်သည်။

ဂိုဏ်းချုပ်အဆောင်အယောင်များအနက် .... ဤသွေးမစွတ် သံမဏိဓားကို ချူယိဖုန်း အမြတ်နိုးဆုံးဖြစ်သည်။

ဤဓားမှာ ရေခဲတုံးကဲ့သို့ အစဉ်အေးစက်နေ၏။

ဓားသွားမှာ အမြင်အားဖြင့် မထက်လှ။

အသွားလုံးလုံး ဖြစ်၏။

သို့သော် သံမဏိဓားသွားချင်း ယှဉ်မိလျှင် ဤဓားကသာ အခြားဓားများကို ချိုးဖြတ်ခဲ့သည်။

ဤဓားသည် သံမဏိနှင့် အလွန်မာကျောသော ကောက်ဆောင်များကို ခုတ်ဖြတ်နိုင်သည်။

ဝိန်းကြာဖတ်ပေါ် ရေမတင်သကဲ့သို့ ဤဓားပေါ်တွင်လည်း သွေးမတင်ချေ။

ချူယိုဖုန်း၏လက်သည် သွေးမစွတ် သံမဏိဓား၏ အရိုးပေါ်သို့ ဆုပ်ကိုင်မိလုလုတွင် အသံတစ်သံပေါ်ထွက်လာလေတော့၏။

အခန်း(၁၅)
မသမာသောဂိုဏ်းချုပ်

"နေကြပါဦးလေ .... "

တားဆီးသံတစ်သံ ထွက်ပေါ်လာ၏။

အသံလာရာသို့ ချူယိုဖုန်း ချာခနဲ လှည့်ကြည့်လိုက်၏။ ဂိုဏ်းဝင်များကိုဖြတ်၍ လျှောက်လာသော ထိုက်ဟူဂိုဏ်း၏ ဒုဂိုဏ်းချုပ် 'လင့်ဌေဖန်' ကို တွေ့ရသည်။

ဒုဂိုဏ်းချုပ် လင့်ဌေဖန်က ဂိုဏ်းစောင့်ကြီးရှေ့တွင် ရပ်လိုက်၏။

"ကျုပ်ဟာ ထိုက်ဟူဂိုဏ်းဝင်တစ်ယောက်ပဲ .... ထိုက်ဟူဂိုဏ်းရဲ့ စည်းကမ်းချက် အမှတ်နှစ်အရ ချူယိုဖုန်းနဲ့ ယှဉ်ပြိုင်ပါ့မယ် .... "

မည်သူကိုမျှ မကြည့်ဘဲ တုံးတိတိလေသံနှင့် ပြောလိုက်ခြင်း ဖြစ်သည်။

ဂိုဏ်းစောင့်ကြီးမှာ မျက်နှာအိုဒေသွား၏။

"လင့်ဒွေဖန် .... မင်း ဂိုဏ်းချုပ်ကြီးရဲ့သား ချူယိဖုန်းကို ဘာများ မကျေနပ်တာရှိလို့လဲကွယ် .... "

လေသံဖြင့်မေး၏။

ဒုဂိုဏ်းချုပ် လင့်ဒွေဖန်က ....

"ကျုပ်ဘာသာ ဘာကိုပဲမကျေနပ်မကျေနပ် .... ဂိုဏ်းစောင့်ကြီးနဲ့ ဘာဆိုင်လဲ .... အခု ကျုပ် ဒီမှာရပ်နေတာ စည်းကမ်းချက် အမှတ်နှစ်ကို ဂိုဏ်းစောင့်ကြီးက ဖော်ဆောင်ပေးဖို့ စောင့်နေတာပဲ ဖြစ်တယ် .... ကျုပ် ချူယိဖုန်းနဲ့ ယှဉ်ပြိုင်မယ် .... "

ဂိုဏ်းစောင့်ကြီးက ပင့်သက်ချလိုက်ပြီး ....

"ကောင်းပါပြီ .... ကောင်းပါပြီ .... ကျုပ် သဘောတူရတော့ မှာပေါ့ .... "

ဂိုဏ်းချုပ်အဆောင်အယောင်များကို စင်မြင့်ပေါ် ပြန်တင်လိုက်၏။

ချူယိဖုန်းကို အဆောင်အယောင်များပေး၍ မဖြစ်တော့ပေ။

"ကဲ .... အခု ဂိုဏ်းချုပ်သစ်နေရာအတွက် သိုင်းပညာယှဉ်ပြိုင်ပွဲ ပြုလုပ်ရပါတော့မယ် .... ချူယိဖုန်းနဲ့ လင့်ဒွေဖန်တို့ ဒီဘက်စည်းဝိုင်း အနီးကို ကြွကြပါ .... "

ဂိုဏ်းဝင်များမှာ ဂိုဏ်းချုပ်သစ်နေရာကို လုလာသော လင့်ဒွေဖန်ကို မကျေနပ်ကြပေ။

သို့သော် စည်းကမ်းချက်နှစ်အရ မည်သို့မျှ မပြောသာကြပေ။ သူ့ဆောင်ရွက်ချက်က စည်းကမ်းနှင့်ညီနေသည်ကို: .... ။

ချူချင်းချင်းမှာလည်း မိမိအစ်ကိုအတွက် စိုးရိမ်နေမိ၏။

မိမိအစ်ကို ချူယိဖုန်းမှာ ထိုက်ဟူဂိုဏ်း၏ သိုင်းပညာကို ဖခင်ကိုယ်တိုင် သင်ကြားပြသပေးထား၍ ပညာကုန်တတ်မြောက်နေပြီဖြစ်သော်လည်း အတွင်းအားမှာမူ ဒုဂိုဏ်းချုပ်လင့်ဒွေဖုန်ထက် များစွာ အဆင့်နိမ့်ကျသည်။

စည်းဝိုင်းနီအတွင်း၌ သိုင်းပညာယှဉ်ပြိုင်ပွဲကြီး စတင်လေပြီ။

အောင်နိုင်သူသည် .... ဂိုဏ်းချုပ်သစ်နေရာကို ဆက်ခံခွင့်သူ တည်း။

ချူယိဖုန်းနှင့် လင့်ဒွေဖန်တို့မှာ လက်နက်မဲ့ ယှဉ်ပြိုင်ကြလိမ့် မည်။

လက်နက်မဲ့ယှဉ်ပြိုင်ခြင်းမှာ တစ်ဘက်မှကြည့်လျှင် သွေးထွက်သံယိုမှုနည်းသော်လည်း အဆင့်မြင့်သိုင်းပညာကိုထုတ်၍ ယှဉ်ပြိုင်ကြမည့်အခါတွင် အတွင်းအားချင်းယှဉ်မိကာ ပြင်းထန်သောအတွင်းဒဏ်ရာရစေနိုင်သည်။

အတွင်းဒဏ်ကြောင့် တစ်သက်လုံး လူစဉ်မမီသောအဖြစ် သိုင်းပညာပျက်သုဉ်းသွားရသောအဖြစ်များ သိုင်းလောကအတွင်း၌ များစွာရှိခဲ့ဖူး၍ သိုင်းပညာရှင်များ မတတ်သာသည့်အဆုံးမှ လက်နက်မဲ့ တိုက်နိုက်ကြသည်။

ယခု .... ချူယိုဖုန်းနှင့် လင့်ငွေဖန်တို့ မျက်နှာချင်းဆိုင်မိကြပြီ .... ။

နှစ်ဦးစလုံး အတွင်းအားများထုတ်၍ လက်ဖျား၊ လက်သီး၊ ခြေစောင်းစသည့် မိမိလိုရာသို့ ပို့ထားကြသည်။

လင့်ငွေဖန်က လက်သီးကိုမြှောက်၍ မိုးလိုက်သည်။

ဘယ်ဘက်လက်မှာ ဘယ်ဒူးကိုဖိ၍ထား၏။

ထိုက်ဟူဂိုဏ်း၏ ခြေသိုင်းကွက်။

ချူယိုဖုန်းက လက်နှစ်ဘက်ကို ဘေးသို့ ဆန့်တန်းလိုက်လေ၏။

လက်ဖဝါးကို အထက်သို့ဖြန့်လှန်ထားလိုက်သည်။

ထိုက်ဟူဂိုဏ်း၏ မိုးကောင်းရေခဲသိုင်းကွက်။

ဤသိုင်းကွက်မှာ ခြေသိုင်းကွက်ထက် အဆင့်မြင့်၏။

သဘောမှာ ချူယိုဖုန်းအား အတွင်းအားနည်းသောကြောင့် သိုင်းကွက်တူချင်းမယှဉ်ဘဲ တစ်ဆင့်မြင့်သိုင်းကွက်ဖြင့် ယှဉ်ပြိုင်မည့် သဘောပင်ဖြစ်သည်။

အတွင်းအားများသူကို သိုင်းပညာဖြင့် ယှဉ်ပြိုင်မည့်သဘောပင်ဖြစ်သည်။

ပညာအားကိုးသည့်သဘော။

"ယား .... "

သိုင်းကွက်နှစ်ခု ဆိုင်မိကြလေပြီ။

လင့်ငွေဖန်၏ ထုချလိုက်သော လက်သီးဆုပ်က လေထုကို ထိုးခွဲ၍ တဟီးဟီး မြည်သွား၏။

ချူယိုဖုန်းက .... မိုးရွာထဲမှ လမ်းလျှောက်သလို မျက်နှာကို ဆတ်ခနဲ မော့လိုက်ပြီး ညာခြေကို ရှေ့သို့လှမ်းတက်လိုက်သည်။

လင့်ငွေဖန်၏လက်သီးက .... ချူယိုဖုန်း၏ မျက်နှာနားမှ ကပ်လျက် လွဲထွက်သွားသည်။

လင့်ဒွေဖန်၏ ဘယ်ခြေမှာ ဆတ်ခနဲ မြောက်တက်လာပြီး ချူယိုဖုန်း၏ ရင်ဝမှ အထက်သို့ ဝှေ့တက်သွားသည်။

ချူယိုဖုန်းက ဆတ်ခနဲထိုင်ချလိုက်ပြီး ဘေးသို့ ဆန့်ထားသော လက်နှစ်ဘက်ကို စုံလွှဲ၍ ရှေ့တွင် ညှက်လိုက်လေသည်။

ညှပ်လိုက်သော ချူယိုဖုန်း၏ လက်နှစ်ဘက်ကြားတွင် လင့်ဒွေဖန်၏ ခြေဖျားမှာ ညပ်နေသည်။

လျှပ်တစ်ပြက်အတွင်း ခြေဖျားရှိ ထုံကျဉ်ကြောကို ချူယိုဖုန်း၏ လက်ဝါးစောင်းများက ဝိတ်ဆို့လိုက်ပြီး ဖြစ်နေသည်။

ချူယိုဖုန်းနောက်သို့ ခြေတစ်လှမ်း ပြန်ဆုတ်လိုက်လျှင် လင့်ဒွေဖန်မှာ ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ ပစ်ကျသွားလေတော့သည်။

အကြောဝိတ်ခံလိုက်ရလေပြီ။

ဂိုဏ်းဝင်များမှာ ဝေါခနဲ ဖြစ်သွားလျက် ....

"ချူယိုဖုန်း .... ချူယိုဖုန်းက .... "

ဟု ဝမ်းသာအားရ အော်ဟစ်အားပေးကြတော့၏။ ထိုက်ဟူဂိုဏ်းသားအများစုမှာ ချူယိုဖုန်းကို နှိုင်စေချင်ကြသည်။

ချူချင်းချင်း မျက်လုံးများက ကြမ်းပြင်ပေါ်တွင် လဲနေသော လင့်ဒွေဖန်ကို စူးစိုက်ကြည့်နေသည်။

လင့်ဒွေဖန်သည် အတွင်းအားကောင်းသူ၊ အကြောဝိတ်ထားသည်ကို ချက်ချင်းဖြေနိုင်လိမ့်မည်။

ချူချင်းချင်းထင်သည့်အတိုင်းပင် လင့်ဒွေဖန်က ကိုယ်တစ်ချက် လှုပ်ခါလိုက်ပြီး ....

"ယား .... "

လင့်ဒွေဖန်သည် ကြမ်းပြင်ပေါ်မှ ခုန်ထလာသည်။

လင့်ဒွေဖန် မရှုံးသေး .... ။

ဒုတိယအကြိမ် ပြန်လည်ယှဉ်ပြိုင်ရပေဦးမည်။

သုံးကြိမ်တိတိ အကြောဝိတ်ခံရလျှင်သော်လည်းကောင်း .... အကြောဝိတ်ခံရသည်ကို မိမိအတွင်းအားနှင့် ပြန်မဖွင့်နိုင်လျှင်သော်လည်းကောင်း ထိုသူရှုံးပေမည်။

ယခု လင့်ဒွေဖန် တစ်ကြိမ်အကြောဝိတ်ခံရလေပြီ .... ။

ဂိုဏ်းစောင့်ကြီး ဝေဖုံလုက အချက်ပြလိုက်လျှင် နှစ်ဦးသား မြန်လည်ရင်ဆိုင်ကြရပြန်သည်။

လင့်ဒွေဖန်က မုဆိုးဒူးထောက် ထိုင်ချလိုက်ပြီး လက်ယာလက်ကို နောက်သို့ ရိုလိုက်သည်။

ထိုက်ဟူဂိုဏ်း၏ အမြင့်ဆုံးသောသိုင်းကွက်။

မုဆိုးမြားပစ် .... ။

အတွင်းအားနှင့် သိုင်းပညာပေါင်းစပ်ထားသောအကွက်။

ချူယိုဖုန်းက လက်ယာလက်နှင့် ဘယ်ခြေရှိ ရှေ့သို့ဆန့်တန်းလိုက်သည်။

ထိုက်ဟူဂိုဏ်း၏ အမြင့်ဆုံးသော 'မြားကာဒိုင်းသိုင်းကွက်'။

ဤသိုင်းကွက်မှာလည်း အတွင်းအားနှင့် သိုင်းပညာပေါင်း စပ်ထားသောအကွက်ဖြစ်သည်။

ချူချင်းချင်း စိုးရိမ်သွားသည်။

ချူယိုဖုန်းမှာ အတွင်းအားနည်းသူဖြစ်၍ မုဆိုးမြားပစ်ဖို့ ဤမြားကာဒိုင်းသိုင်းကွက်နှင့် ခုခံနိုင်ပါ့မလားဟု စဉ်းစားလိုက်သည်။

"ယား ...."

လင့်ငွေဖန်က မုဆိုးဒူးထောက် အနေအထားဖြင့်ပင် ရှေ့သို့ တစ္ဆေခုန်လိုက်သည်။

တစ္ဆေခုန်ဟုဆိုသော်လည်း လေးငါးလံခန့် ဝေးကွာသော ချူယိုဖုန်းဆီသို့ လှစ်ခနဲ ရောက်လာသည်အထိ လျင်မြန်လှသည်။

လင့်ငွေဖန်၏ လက်များက မြားအစင်းပေါင်းများစွာ ပစ်လွှတ်လိုက်သည့်နှယ် ချူယိုဖုန်း၏ ခန္ဓာကိုယ်အနှံ့အပြားသို့ တဝှစ်ဝှစ်မြည်၍

ထိုးစိုက်လာသည်။

ချူယိုဖုန်းက လက်ယာလက်နှင့် ဘယ်ခြေကို စက်ဝိုင်းနှစ်ခုအသွင် ဝှေ့ယမ်း၍ မြားများပမာ စိုက်ဝင်လာသော လင့်ငွေဖန်၏ လက်များကို ကာကွယ်သည်။

ဤအခိုက်မှာပင် ချူယိုဖုန်းက သိုင်းကွက်ကို ချက်ချင်းပြောင်းလိုက်သည်။

သူ၏ ညာခြေထောက်ကို ထောက်ကန်၍ သူ့ခန္ဓာကိုယ်မှာ လေထဲသို့ ဝဲ၍ တက်သွားသည်။

တိမ်ခြေကြယ်ကြွေသိုင်းကွက် .... ။

ရုတ်တရက် မှင်တက်မိသွားသော လင့်ငွေဖန်၏ ကိုယ်ပေါ်သို့ ကြယ်တစ်စင်း ကြွေဆင်းလာသည့်ပမာ ချူယိုဖုန်း၏ ခန္ဓာကိုယ်က စိုက်ကျသွားသည်။

"ဝုန်း ...."

လင့်ငွေဖန်၏ရင်ဝသို့ ချူယိုဖုန်း၏ ကြယ်ကြွေလက်သီးထိသွားခြင်းဖြစ်သည်။

ချူယိုဖုန်း ကြမ်းပြင်ပေါ်၌ ခြေစုံရပ်လိုက်လေ၏။

ဂိုဏ်းဝင်များ ဝေါခနဲဖြစ်သွားပြန်သည်။

"ချူယိုဖုန်းဟေ့ .... ချူယိုဖုန်း .... "

"ဒီတစ်ခါ လင့်ဒွေဖန် မထနိုင်တော့ဘူးဟေ့ .... "

လင့်ဒွေဖန်မှာ လဲကျရာမှ သွေးပွက်ခနဲ အန်လိုက်၏။

သည်တစ်ခါတော့ ချူချင်းချင်းပင် ဝမ်းသာသွားလေပြီ။

"အစ်ကိုချူယိုဖုန်းဟေ့ .... အစ်ကိုချူယိုဖုန်းကွ .... "

ဟု ဝမ်းသာအားရ အော်လိုက်မိသည်။

သို့သော် ....

လင့်ဒွေဖန်သည် အတွင်းအားများကို စုစည်းပြီး .... မတ်တတ် ရပ်လိုက်ပြန်သည်။

သူ၏အတွင်းအားမှာ အံ့သြဖွယ်ကောင်းနေသည်။

ဂိုဏ်းဝင်များ၏ ဆူညံသံများ ချက်ချင်းတိတ်သွား၏။

ဂိုဏ်းစောင့်ကြီးက ....

"လင့်ဒွေဖန် မင်း ဆက်ပြိုင်ဦးမလို့လား .... မင်းအတွင်းဒဏ်ရာ ရသွားတယ် မဟုတ်လား .... "

လင့်ဒွေဖန်က ဂိုဏ်းစောင့်ကြီးကို ခါးသီးစွာပြောလေ၏။

"ဒီမယ်အဘိုးကြီး .... ကျုပ် ဘာမှမဖြစ်ဘူးဗျ .... ကျုပ်အတွက် ဘာမှစိုးရိမ်မနေနဲ့ .... စိုးရိမ်ရမှာက ချူယိုဖုန်းနဲ့ ခင်ဗျားပဲ .... ဟား ....

ဟား .... ဟား .... "

သူသည် အော်ဟစ်ရယ်မောလိုက်ပြီး ချူယိုဖုန်းထံသို့ ကြမ်းပေါ် လက်စုံထောက်၍ ကျွမ်းပစ်ဝင်သွား၏။

ချူယိုဖုန်း ရှေ့သို့ရောက်သောအခါ ဆတ်ခနဲ မြင်းခွထိုင်၍ လက်နှစ်ဘက်ကို ဖြန့်မိုးမြှောက်လိုက်၏။

ထိုက်ဟူဂိုဏ်း၏ ကျားသစ်ဆင်ကုတ်သိုင်းကွက်ဟန်။

ချူယိုဖုန်းက ညာခြေနောက်ပစ်၍ ဘယ်လက်ကို ဆင်နှာမောင်းသဏ္ဌာန် ရှေ့သို့မြှောက်လာသည်။

ဆင်ပြောင်သိုင်းကွက်။

ဤအခိုက်မှာပင် လင့်ဒွေဖန်က မြှောက်မိုးထားသော လက်ကို ရုတ်ခြည်း အနည်းငယ်နှိမ့်၍ လက်ဖျားများကို ငှက်နှုတ်သီးသဏ္ဌာန် စုချန်လိုက်၏။

ချူယိုဖုန်း အံ့အားသင့်သွားသည်။

ဤအကွက်မှာ ထိုက်ဟူမူပိုင်သိုင်းပညာမဟုတ်။

"ယား .... "

ဆင်နှာမောင်းသဏ္ဌာန် ရှေ့ကာလိုက်သော ချူယိုဖုန်း၏ လက်မောင်းကြားမှ လင့်ဒွေဖန်၏ ငှက်နှုတ်သီးသဏ္ဌာန် လက်ဖျားမှ ဝိုးခနဲ

ပြေးဝင်လာသည်။

"အား .... "

"ဝုန်း .... "

ချူယိုဖုန်း၏ရင်ဝမှာ မီးစနှင့်ထိုးလိုက်သလို ပူခြစ်သွားပြီး ကြမ်းပေါ်လဲကျသွား၏။

"ဟာ .... "

"ဟင် .... အို .... "

ဂိုဏ်းဝင်များ ထိတ်လန့်တကြား အော်ဟစ်ကြ၏။

ဂိုဏ်းစောင့်ကြီးက လဲကျသွားသော ချူယိုဖုန်းကို မကြည့်ဘဲ လင့်ငွေဖန်သာ လက်ညှိုးငေါက်ငေါက်ထိုးနေသည်။

"မင်း .... မင်း .... ထိုက်ဟူဂိုဏ်းပညာကို မသုံးဘဲ စွန့်ရဂိုဏ်းရဲ့ သိုင်းပညာကိုသုံးတယ် .... မင်း .... မင်းသစ္စာဖောက် .... "

ဂိုဏ်းစောင့်ကြီးမှာ စကားကိုဆုံးအောင် မပြောနိုင်တော့။

လင့်ငွေဖန်၏ လက်မနှင့် လက်ညှိုးကြားမှ တောက်ထုတ်လိုက်သော ဆံဖြူအပ်ကလေးများ .... နှလုံးသားသို့ စိုက်ဝင်သွားတော့သည်။

ဂိုဏ်းဝင်များမှာ ဆူညံအော်ဟစ်နေကြသောကြောင့် ဂိုဏ်းစောင့်ကြီး ပြောသည်ကို မကြားလိုက်ကြချေ။

ချူချင်းချင်းကသာ ပြေးထွက်သွားပြီး ဂိုဏ်းစောင့်ကြီးကို ပွေ့ထူလိုက်၏။

ဂိုဏ်းစောင့်ကြီးက ....

"သခင်မလေး .... ကျွပ် ဆံဖြူအဆိပ်အပ်စူးတာပြီ .... မနေရတော့ဘူး .... သခင်မလေးရဲ့ ဖခင်ကြီးဟာလည်း ကျွပ်လို အဆိပ်အပ်ထိတာပဲ .... ဒါ လင့်ငွေဖန်လက်ချက် .... ဂိုဏ်းချုပ်ကြီးကို လုပ်ကြံတာ လင့်ငွေဖန် .... လက် .... စား .... ချေ .... "

ဂိုဏ်းစောင့်ကြီး ဆုံးချေပြီ။

အခြေအနေကို ချူချင်းချင်း နားလည်လိုက်ပြီ။

ချက်ချင်းပင် အစ်ကို့ချူယိုဖုန်းကို ပွေ့ချီပြီး ခန်းဆေးမှ ပြေးသွားတော့သည်။

လင့်ငွေဖန်မှာ ဂိုဏ်းချုပ်အဆောင်အယောင်များ ဆင်မြန်းနေ၏။

"ကဲ .... ကျွပ်ဟာ ထိုက်ဟူဂိုဏ်းရဲ့ စည်းကမ်းအရ ဂိုဏ်းချုပ်ဖြစ်ပြီ .... ဒီတော့ ကျွပ်အမိန့်ကို တစ်သဝေမတိမ်း နာခံကြပါ .... အခု အသက်ကြီးလို့ နှလုံးသွေးရပ်ပြီး သေဆုံးသွားတဲ့ ဒီဂိုဏ်းစောင့်

ကြီး ဝေဖုံးလုကို ကောင်းကောင်းမွန်မွန် သင်္ကြိတ်ဖို့ အစီအစဉ်လုပ်ပေ တော့ .... "

လင့်ဒွေဖန်၏ ယုတ်မာမှုကို မည်သည့်ဂိုဏ်းဝင်မျှ မရှိပ်မိကြ ချေ။

ဂိုဏ်းသားများမှာ ဂိုဏ်းစည်းကမ်းအရ ဂိုဏ်းချုပ်အသစ်ဖြစ် လာသော လင့်ဒွေဖန်၏စကားကို လိုက်နာကြလေ၏။

အမှန်တကယ်အားဖြင့် လင့်ဒွေဖန်သည် ထိုက်ဟူဂိုဏ်း၏ စည်း ကမ်းချက် ဖောက်ဖျက်ကျူးလွန်သူသာတည်း။

ထိုက်ဟူဂိုဏ်း၏ မူပိုင်သိုင်းကွက်ကို မသုံးဘဲ သိမ်းစွန်ရဲဂိုဏ်း၏ သိုင်းကွက်ဖြင့် ချူယိဖုန်းကို အနိုင်ယူသွားခြင်း ဖြစ်သည်။

သို့သော် ဤအချက်ကို ဂိုဏ်းဝင်များ မသိကြ။

လင့်ဒွေဖန်၏ မတရားမှုကိုသိသော ဂိုဏ်းစောင့်ကြီးမှာလည်း လင့်ဒွေဖန်၏ ဆံဖြူအဆိပ်အပ်ဖြင့် သေဆုံးခဲ့ပြီ။

ချူယိဖုန်းမှာလည်း အတွင်းဒဏ်ရာကို ကျိတ်၍ ဆေးကုသနေရ ၏။

လင့်ဒွေဖန်သည် သိမ်းစွန်ရဲသိုင်းကွက်ကိုသုံး၍ အနိုင်ယူသွား ခြင်းဖြစ်ကြောင်းနှင့် မိမိတို့ဖခင် ဂိုဏ်းချုပ်ကြီးကို လုပ်ကြံသူမှာလည်း

လင့်ဒွေဖန်ဖြစ်ကြောင်းကို ဂိုဏ်းဝင်များအား ယခုမှ ရှင်းပြ၍လည်း ယုံကြည်ကြမည် မဟုတ်တော့။

ဂိုဏ်းချုပ်နေရာ ရသွားသော လင့်ဒွေဖန်ကို မကျေနပ်၍ လည် ဆည်လုပ်ကြံပြောသည်ဟု ထင်မှတ်ကြပေလိမ့်မည်။

ချူယိဖုန်းနှင့် ချူချင်းချင်းတို့မှာ ထိုသို့အထင်မခံနိုင်။

မိမိတို့ ဘိုးစဉ်ဘောင်ဆက် တည်ထောင်ခဲ့သော ထိုက်ဟူဂိုဏ်း၏ အထင်လွဲမှားမှုကြောင့် ထိုက်ဟူဂိုဏ်းကို အပြီးတိုင် လင့်ဒွေဖန်၏ လက်ထဲထည့်ခဲ့ရမည်ထက်၊ အချိန်ယူ၍ ဤမသမာမှုကို ဖော်ထုတ်ရန် ဆုံးဖြတ်ခဲ့ကြသည်။

သို့နှင့် ချူချင်းချင်းသည် မိခင်ကြီးရှိရာ ကျောက်တွင်းသိုင်း ပညာရှင်ကြီးယုလင်းလျှံထံသို့ ခရီးထွက်ခဲ့၏။

မိခင်ကြီးမှာ .... မြောက်ဘက်ပင်လယ် ကျောက်စက်မိုးမျော် လိုဏ်ဂူအတွင်း၌ ကျောက်တွင်းသိုင်းပညာ လေ့ကျင့်နေခဲ့ခြင်းဖြစ် သည်။

လင့်ဒွေဖန် ဂိုဏ်းချုပ်ဖြစ်လာပြီးနောက် .... ထိုက်ဟူဂိုဏ်းမှာ မတရားသော အပြုအမူများ လုပ်လာ၏။ အောက်လမ်းဂိုဏ်းတစ်ခု၏ လုပ်ရပ်များ ပြုလုပ်လာသည်။

ဟုန်ကျက်ကန်ပူဇော်ပွဲကို အကြောင်းပြု၍ မတရားငွေရှာလာ
ကြ၏။

ထိုက်ဟူဂိုဏ်းသားများလည်း အကျင့်ပျက်လာသည်။

အမှန်မှာ လင့်ငွေဖန်၏ နောက်ကွယ်တွင် 'သိမဲးစွန်ရဲ' ဂိုဏ်း
ရှိနေသည်။

ထိုသိုင်းဂိုဏ်းမှာ အောက်လမ်းဂိုဏ်းသားတည်း။

ထိုအောက်လမ်းသိုင်းဂိုဏ်း၏ ကြီးကိုင်မှုဖြင့် ထိုက်ဟူဂိုဏ်းမှာ
နာမည်ပျက်နေရခြင်း ဖြစ်သည်။

ကျောက်တွင်းသိုင်းပညာရှင် မိခင်ကြီး ယုလင်းလျှံမှာလည်း
ဖခင်ကြီး ကွယ်လွန်ပြီးနောက် စိတ်ထောင်းကိုယ်ကြေဖြစ်ကာ ကွယ်
လွန်ခဲ့သည်။

ချူချင်းချင်းက ဆက်လက်၍ ကျောက်တွင်းသိုင်းပညာ လေ့
ကျင့်နေစဉ် လူဝဂျပုကြီးနှင့် ဝိန်ရှည်ရှည်ညီအစ်ကို သိုင်းပညာရှင်များ
ရောက်လာပြီး ချူချင်းချင်းကို ရန်ရှာသည်။

ကော့ဖေးဟုန်က ဝင်ကယ်ခဲ့သည်။

ထိုလူဝဂျပုကြီးနှင့် ဝိန်ရှည်ညီအစ်ကိုမှာ သိမ်းစွန်ရဲအောက်လမ်း
သိုင်းဂိုဏ်းက စေလွှတ်လိုက်သည့် သေမင် တမန်များ ဖြစ်ကြသည်။

သူတို့သည် သူတို့၏ကိစ္စကို အောင်မြင်စွာ မဆောင်ရွက်နိုင်ချေ။

ဤကိစ္စများကို သိနေခဲ့သော ကိုက်ပန်ဂိုဏ်းချုပ်က ကော့ဖေး
ဟုန်နှင့်အတူ ချူချင်းချင်းကို ဝင်ကယ်ခဲ့ခြင်းသာ ဖြစ်လေတော့သည်။

မဟုတ် ပြန်နေပါတယ် .... လင့်ငွေဖန်ကလည်း အစ်ကို့ကို သုတ်သင်လိုက်ရင် ထိုက်ဟူဂိုဏ်းသားတွေ ရိပ်မိသွားမှာစိုးလို့ ဒုဂိုဏ်းချုပ်နေရာမှာ အစ်ကို့ကိုထားတယ် .... ဒါပေမယ့် နောက်ဝိုင်းမှာ ထိုက်ဟူဂိုဏ်းထဲကို သိမ်းစွန့်ရဲဂိုဏ်းသားတွေဝင်လာပြီး .... အစ်ကို့ကို လုပ်ကြံကြတယ် .... "

"ဟင် .... ညီမအစ်ကို ဒုကျဖြစ်သွားတာပေါ့ .... "

"မဖြစ်ပါဘူး .... အစ်ကိုက ရိပ်မိတော့ ခရီးထွက်မယ်လို့ ကြိုပြောပြီး ကိုယ်ရောင်ဖျောက်နေလိုက်တယ် .... "

"သြော် .... ဒီလိုဆို ညီမအစ်ကို ရှိသေးတာပေါ့ .... သူ့ကို အစ်ကိုတွေ့ချင်တယ် .... "

"တွေ့ရမှာပေါ့ အစ်ကိုရယ် .... အစ်ကိုဟာ ညီမတို့ ထိုက်ဟူဂိုဏ်းကို ပြန်ထူထောင်ဖို့ကိစ္စမှာ အဓိက အကူအညီပေးရမယ့်သူပဲ .... ကဲ .... လာ အစ်ကို .... ညီမရဲ့အစ်ကိုကို တွေ့ရအောင် ချီးယွင်တည်းခိုခန်းကို သွားကြမယ် .... "

ချူချင်းချင်းက လှော်တက်ကို ကောက်ကိုင်ပြီး လှော်ခတ်လိုက်သည်။

လှေဦးက ရေဆီပ်သို့ဦးတည်လျက် ပြေးသွားလေတော့၏။

အခန်း(၁၆)

အကူအညီဖိတ်ခေါ်ခြင်း

ချူချင်းချင်းမှာ ရှည်လျားစွာ ဇာတ်ကြောင်းပြန် ပြောရသဖြင့် ဓောသွား၏။

ကန်ရေပြင်ကို လက်ဖြင့် ရိုက်ချသည်။ ရေပန်းများ လွင့်စင်သွား၏။

သူမ၏ဒေါသများသည် ကန်ရေပြင်ပေါ် သို့ ကျရောက်သွားခြင်းပင်။

ချူချင်းချင်း ပြောပြသောဇာတ်လမ်းတွင် အတွေးနစ်မြောသွားခဲ့သော ကော့ဖေးဟုန်က ပြန်မေးလိုက်လေ၏။

"ညီမ အစ်ကိုကော ဘယ်ရောက်သွားလဲ .... "

"အစ်ကိုချူယိုဖုန်းက .... ပထမတော့ ထိုက်ဟူဂိုဏ်းမှာ ဟန်

မြင်းများထားရှိသည့်နေရာ၌ ကော့ဖေးဟုန်၏ မဟူရာမြင်းကြီးနှင့် ချူချင်းချင်းတို့၏ မြင်းမှာ ဘေးမသီရန်မခဘဲ ရှိနေ၏။

သူတို့၏မြင်းများဖြင့် ချီးယွင်တည်းခိုခန်းသို့ အမြန်ဆုံး စိုင်းနှင်ကြလေတော့၏။

ချီးယွင်တည်းခိုခန်းအတွင်းသို့ ကော့ဖေးဟုန်နှင့် ချူချင်းချင်းတို့ ဝင်လိုက်လျှင် ဆိုင်တာဝန်ခံစားပွဲနောက်၌ မြင်နေကျဖြစ်သော လူဝကြီးယိုဖုံးကို မတွေ့ရပေ။

လူဝကြီးယိုဖုံးအစား ရှန်ဖီးရောက်နေ၏။

ရှန်ဖီးက ချူချင်းချင်းကိုမြင်လျှင် မသိမသာ ခေါင်းညိတ်ပြီး အချက်ပြ၏။

ချူချင်းချင်းက ကော့ဖေးဟုန်လက်ကိုဆွဲပြီး ....

"လာ အစ်ကို .... အရက်လှောင်ထားတဲ့ မြေတိုက်ခန်းထဲကို သွားရမယ် .... "

ဆိုင်တာဝန်ခံစားပွဲ၏ အနောက်ဘက်မှ ပတ်ကာ စားဖိုခန်းသို့သွားသော လမ်းမြောင်ကလေးအတိုင်း ခေါ်လာ၏။

လမ်းမြောင်ကလေးထောင့်ချိုးသို့ရောက်လျှင် စားဖိုခန်းဘက် မသွားဘဲ လက်ယာဘက်သို့ ချိုးဝင်သည်။

အခန်း၌ အလင်းရောင်အားနည်းလှသည်။

အခန်းထောင့်ရှိ အရက်စည်ကြီးများကြားတွင် အမှောင်ရိပ်များ ခိုဝင်နေသည်။ ပုန်းခိုရန် အကောင်းဆုံးနေရာ ဖြစ်သည်။

ချူချွင်းချင်းက အရက်စည်များဂိုရာသို့ လျှောက်သွားပြီး အရက်စည်များကို လက်နှင့်လိုက်လံ၍ ခေါက်ကြည့်နေသည်။

တစ်နေရာအရောက်တွင် အရက်စည်တစ်လုံးကို ခေါက်လိုက်ရာ အထဲ၌ အရက်မရှိသောကြောင့် ကျယ်လောင်စွာမြည်၏။

ချူချွင်းချင်းက ကော့ဖေးဟုန်ကို လက်ပြပြီးခေါ်သည်။

ကော့ဖေးဟုန် အနီးသို့ရောက်လျှင် အရက်စည်ကြီးကို ဘေးသို့ ရွှေ့လိုက်သည်။

အရက်စည်အောက်တွင်ရှိသော ကောက်ရိုးများကို ဘေးသို့ ဖယ်လိုက်သည်။

ပြီးလျှင် ပေါ်လာသောကြမ်းပြင်ပေါ်သို့ လက်နှင့် ညင်သာစွာ ခေါက်သည်။

အတွင်း၌ လိုဏ်သံပါသောအသံ ထွက်လာသည်။

မည်သို့မျှ မထူးခြားသေး။

ချူချွင်းချင်းက လက်နှင့် ထပ်မံခေါက်ပြန်သည်။

တစ်ချက်တစ်ခါ၊ နှစ်ချက်နှစ်ခါ၊ နှစ်ချက်တစ်ခါ၊ နှစ်ချက်ဆက်တိုက်တစ်ခါခေါက်သည်။

အထဲမှ ပြန်လည်ခေါက်သံ ပေါ်လာသည်။

ထို့နောက် .... ကြမ်းပြင်သည် အောက်သို့ နိမ့်လျှောသွားပြီး အပေါက်ကြီးတစ်ခု ပေါ်လာသည်။

"ချူချွင်းချင်းလား .... ဆင်းခဲ့လေ .... "

အထဲမှ လိုဏ်သံပါသောအသံကို ကြားလိုက်ရသည်။

ချူချွင်းချင်းက အောက်သို့ဆင်းသွားသည်။ နောက်မှ ကော့ဖေးဟုန် လိုက်ဆင်းခဲ့သည်။

လှေကားထစ်များကို နင်းဆင်းလာရာ မြေအောက်ခန်းထဲရောက်လာမှန်း သိရတော့သည်။

မှောင်ရိပ်ကြီးစိုးနေသည်။ ထိုလူက ကော့ဖေးဟုန်တို့ အောက်သို့ရောက်သည်နှင့် အပေါက်တံခါးကို ပြန်ပိတ်လိုက်၏။

တိုသူက စတင်စကားပြောလေ၏။

"ကဲ .... မြေအောက်ခန်းအရှေ့ဘက်ကိုသွားကြ .... "

သူသည် နောက်မှဆင်းလိုက်လာသည်။

ချုချွင်းချင်း၊ ကော့ဖေးဟုန်နှင့် ထိုသူတို့သုံးဦး မြေအောက်ခန်းအမှောင်ထဲတွင် စမ်း၍ လျှောက်လာကြ၏။ အတန်ကြာသောအခါ အရှေ့ဘက်၌ မီးအလင်းရောင်ကို မြင်ရသည်။

နံရံပေါ်ရှိ သံချိတ်ကွင်းကြီးများထဲ၌ ကညင်ဆီမီးတိုင်ကြီးများကို ထိုးစိုက်ထားသောကြောင့် ထိုနေရာရှိ အခန်းပတ်ဝန်းကျင်တွင် အလင်းရောင်ရှိနေသည်။

ပြင်ဆင်ထားသော စားပွဲရှည်ကြီး၏ ထိပ်အစွန်၌ ကိုက်ပန်ဂိုဏ်းချုပ်ကြီးထိုင်နေပြီး အရက်စဉ့်အိုးကြီးကို မော့သောက်နေသည်ကို တွေ့ရသည်။

"ဟင် .... ဂိုဏ်းချုပ်ကြီးပါလား .... "

မမျှော်လင့်ဘဲ မြင်တွေ့လိုက်ရသဖြင့် ကော့ဖေးဟုန် နှုတ်မှ လွတ်ခနဲ ထွက်သွားသည်။ သူ အံ့သြမိသည်မှာ အဆန်းမဟုတ်ပေ။ ဂိုဏ်းချုပ်ကြီးနှင့် ထိုက်ဟူဂိုဏ်းသည် အဆက်အစပ်မရှိဟု သူ ထင်ထားသည် မဟုတ်ပါလား။

ထိုစဉ် ကော့ဖေးဟုန်တို့နှင့် ယှဉ်၍ လျှောက်လာသောလူက အလင်းရောင်ထဲ ဝင်ရပ်သည်။

"ဟာ .... ဒါ လူဝကြီးယိုဖုံးပါလား .... "

ကော့ဖေးဟုန် လွတ်ခနဲ ပြောလိုက်မိလေ၏။

ဂိုဏ်းချုပ်ကြီး၊ ချုချွင်းချင်းနှင့် လူဝကြီးယိုဖုံးတို့သည် ကော့ဖေးဟုန် အံ့သြနေသည်ကို သဘောကျ၍ ရယ်ကြသည်။

ကော့ဖေးဟုန် ငေးကြောင်ကြည့်နေသည့်အခိုက် လူဝကြီးယိုဖုံးက သူ၏ဝစ္စနေသော ဗိုက်ကြီးကို တဘုန်းဘုန်းထုသည်။

ထို့နောက် စားပွဲပေါ်သို့ စိုက်ထားသော ဓားမြှောင်ကို နှင်ယူလိုက်ပြီး သွေဝမ်းဗိုက်ကို ထိုးစိုက်ချလိုက်လေတော့သည်။

"ဟေ့ မလုပ်နဲ့ .... "

ကော့ဖေးဟုန်က စိုးရိမ်စွာဖြင့် လှမ်းတားစဉ်မှာပင် လူဝကြီး၏ဝမ်းဗိုက်၌ ဓားမြှောင်က စိုက်နေချေပြီ။

"ဟား .... ဟား .... ဟား .... "

လူဝကြီးယိုဖုံးမှာ မည်သည့်ဝေဒနာမှ ခံစားရပုံမပေါ်ဘဲ ရယ်မောနေလေ၏။

ထို့နောက် စိုက်နေသောဓားမြှောင်ကို အောက်သို့ဆွဲ၍ ခွဲချလိုက်၏။

"ဗြိ .... "

သွေးတစ်စက်မျှ ထွက်မလာချေ။

အဝတ်စများသာ ပြတ်တောက်၍ ထွက်လာသည်။

ဗိုက်ကြီးစူဝနေအောင် သူခါးခ်ိဳ့ အဝတ်စများ အထပ်ထပ် ရစ်ပတ်ထားခြင်းသာ ဖြစ်သည်။

"ဗိုက်ပူကြီး မရှိတော့ ခုမှပဲ တစ်ကိုယ်လုံးပေါ့သွားတော့တယ်၊ ဟဲ .... ဟဲ .... "

စောစောက ဗိုက်စူကြီးထွက်လျက် ဝဖီးနေသော နေရာတွင် ယခု ဝိန်သွယ်ချောမောသော လူရွယ်ကလေးတစ်ဦး ရပ်နေလေ၏။

လူဝကြီးယိုဖုံးမရှိတော့။

"အဲဒါ ချူချင်းချင်းရဲ့အစ်ကို ချူယိုဖုန်းလေ .... "

ချူချင်းချင်းက ပြောပြလေ၏။

အမှန်တော့ ချူယိုဖုန်းသည် လူဝကြီးယိုဖုံး ဟန်ဆောင်လျက် ဤချိုးယွင်တည်းခိုခန်းတွင် ကိုယ်ရောင်ဖျောက်ခြင်းဖြစ်သည်။ ထိုက်ဟူဂိုဏ်းသင်းအတွင်းရေးများကို ထောက်လှမ်းပြီး အချိန်အခါကို စောင့်နေခြင်းပင်၊။

"တွေ့ရတာ ဝမ်းသာပါတယ် ချူယိုဖုန်း .... ခင်ဗျားက လူဝကြီးယိုဖုံးလို ဟန်ဆောင်ထားတာ အင်မတန်ဝိရိတာပဲ .... ကျွန်တော်က ခင်ဗျားကို ထိုက်ဟူဂိုဏ်းချူပ်အဖြစ် မသိတော့ ပြောမှားဆိုမှားရှိခဲ့ရင် ခွင့်လွှတ်ပါ .... "

ကော့ဖေးဟုန်က ဦးညွှတ်ဂါရဝပြုပြီး တောင်းပန်လိုက်၏။

ချူယိုဖုန်းက ကော့ဖေးဟုန် ပခုံးကို ရင်းရင်းနှီးနှီး ဖက်လိုက်၍ အေးဆေးစွာပြောသည်။

"အရင်လိုပဲ ဆက်ဆံပါ ညီလေး .... အစ်ကိုကို ရှိသေတာထက် ခင်မင်တာကိုပဲ လိုချင်တယ် .... "

ချူယိုဖုန်းမှာ ကော့ဖေးဟုန်ထက် အသက်ကြီးသည်။ ကိုက်ပန်ဂိုဏ်းချူပ်ကြီးက အားလုံးကို ဖိတ်ခေါ်လိုက်၏။

"ကဲ .... ကဲ .... ထိုင်ဟေ့ .... စားရင်းသောက်ရင်းနဲ့ပဲ တိုင်ပင်ဆွေးနွေးကြတာပေါ့ .... "

သူတို့အားလုံး စားပွဲဝိုင်းတွင် ဝိုင်းထိုင်လိုက်ကြသည်။

ချူချင်းချင်းက ပန်းကန်များချပေးပြီး အစားအသောက်များကို ထည့်ပေးနေသည်။

"စား .... အစ်ကို .... "

ချူချင်းချင်း၏ ပျူငှာသောကြောင့် ကော့ဖေးဟုန် အနေခက်နေသည်။

ဤသည်ကို ရိပ်စားမိသော ချူယိုဖုန်းက ....

"ကဲ .... စား ညီလေး .... ဘာမှအားမနာနဲ့ .... စားရင်း စကားပြောကြတာပေါ့ .... "

ကော့ဖေးဟုန်မှာ တူနှစ်ချောင်းကို ကောက်ကိုင်ပြီး အစားအသောက်များကို စားသည်။

"ညီလေး .... အစ်ကိုတို့ကိစ္စမှာ ကူညီဖို့ စိတ်ဆုံးဖြတ်ပြီးပြီလား .... "

ချူယိုဖုန်းက အစာစားရင်း လှမ်းမေးလိုက်သည်။

"ကျွန်တော် အကြောင်းစုံတော့ သိပြီးပါပြီ .... ဘယ်လို ကူညီရမလဲဆိုတာ သိချင်သေးတယ် .... "

ကော့ဖေးဟုန်က စကားကို မယုတ်မလွန်ပြောသည်။

ချူယိုဖုန်းက အရက်အိုးကို မော့သောက်လိုက်၏။

ထို့နောက် အသားတုံးကြီးများကို ကောက်ဝါးနေသော ဂိုဏ်းချုပ်ကြီးကို လှမ်းကြည့်သည်။

ဘယ်လိုလဲ ပြောလိုက်ရမလား ဟူသော သဘောပင်။

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက ပြောသည်။

"ပြောသာ ပြောလိုက်ပါကွာ .... ဒီမောင်ရင်လေးက မင်းကို

ကူညီပါစေမယ် .... ငါ တာဝန်ယူပါတယ် .... "

ထိုအခါ ချူယိုဖုန်းမှာ စိတ်သက်သာရာ ရသွားဟန်နှင့် သက်ပြင်းချ၍ ပြောသည်။

"ညီလေး ကော့ဖေးဟုန် .... ထိုက်ဟူဂိုဏ်းချုပ်ကို သုတ်သင်ရှင်းလင်းပေးဖို့ပါပဲ .... "

"ဗျာ .... လူသတ်ရမယ် .... "

စကားဆုံးသည်နှင့် ချူယိုဖုန်းက အရက်တစ်ခွက်မော့သောက်လိုက်သည်။

"ညီလေးရော သောက်ဦးမလား .... "

ကော့ဖေးဟုန်က ခေါင်းခါပြလိုက်သည်။

"ဒီလိုကွ ညီလေးရ .... အခု ဟုန်ကျဲကန်ပူဇော်ရုံမှာ ချူချင်းချင်းက သိုင်းဝင်ပြိုင်လိမ့်မယ် .... ချူချင်းချင်းက သိုင်းပြိုင်ဖို့ စာရင်းပေးပြီးပြီ .... မနက်ဖြန် ကော်ဇောစိမ်းပေါ်က သိုင်းသမားတွေက ဝင်ပြိုင်မယ် .... "

ကော့ဖေးဟုန် ချူချင်းချင်းဘက်သို့ လှည့်ကြည့်သည်။

ချူချင်းချင်းမျက်နှာမှာ ဆုံးဖြတ်ချက်ချပြီးသားမျက်နှာမျိုး ဖြစ်နေသဖြင့် ကော့ဖေးဟုန်မှာ ဘာမျှမပြောသာတော့ပေ။

"ချူချွင်းချင်းက .... ထိုက်ဟူဂိုဏ်းသားတွေကို အနိုင်ရအောင် တိုက်ခိုက်ပြီး ထိုက်ဟူဂိုဏ်းခွဲမှူးနဲ့ ဆက်ယှဉ်လိမ့်မယ် .... ထိုက်ဟူဂိုဏ်းခွဲမှူးကို သူ နိုင်မှာသေချာတယ် .... အဲဒီအချိန်မှာ ညီလေးဝင်ရမှာပဲ .... "

"ကျွန်တော် ဘာလုပ်ရမှာလဲ .... "

"ဂိုဏ်းချုပ်ကြီးက ချူချွင်းချင်းကို ဂိုဏ်းခွဲမှူးနေရာပေးရမယ်၊ အဲဒီမှာ ပရိသတ်ထဲက မကျေနပ်သူများရှိရင် ပြိုင်နိုင်ပါတယ်ဆိုတာ ကြေညာလိမ့်မယ် .... ညီလေးက ချူချွင်းချင်းကို အနိုင်ဝင်တိုက်ပေးတော့ .... "

"အို .... ကျွန်တော် ချူချွင်းချင်းကို တိုက်ရမယ် ဟုတ်လား ကျွန်တော် ဘယ်နယ်သူကိုတိုက်ရမှာလဲ .... "

ကော့ဖေးဟုန်၏ စကားကိုကြားလိုက်ရသောအခါ ချူယိုဖုန်းက လှိုက်လှိုက်လဲလဲ ရယ်မောမိလေတော့၏။

ချူချွင်းချင်းက ရှက်ပြုံးဖြင့် ခေါင်းငုံ့သွားသည်။

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက ဝင်၍ ရှင်းပြ၏။

"မင်း ချူချွင်းချင်းကို ဟန်ဆောင်တိုက်ရမှာပါကွာ .... ချူချွင်းချင်းက ဒဏ်ရာရချင်ယောင်ဆောင်ပြီး မင်းကို အချွေးပေးလိမ့်မယ်"

ချူယိုဖုန်းက ဆက်ရှင်းပြသည်။

"ချူချွင်းချင်းကို အနိုင်ရတဲ့အခါ ဂိုဏ်းချုပ်ကြီးက ထိုက်ဟူဂိုဏ်းရဲ့ ထုံးစံအတိုင်း ညီလေးနဲ့ ဆက်ယှဉ်ပြိုင်လိမ့်မယ် .... အဲဒီအချိန်မှာ ညီလေး အစ်ကိုတို့ကိုယ်စား သူ့ကို သုတ်သင်ရှင်းလင်းပစ်ဖို့ပါပဲ"

"နေပါဦး အစ်ကိုချူယိုဖုန်း .... ကျွန်တော် မေးချင်တာက တစ်ခုရှိပါတယ် .... ကျွန်တော့်မေးခွန်းကို အစ်ကို စိတ်မဆိုးပါနဲ့ .... ကျွန်တော်မေးချင်တာက အစ်ကို့ဖခင်ကြီးကိုက သတ်သွားတဲ့ ရန်သူကို အစ်ကိုကိုယ်တိုင် ဘာကြောင့်မသတ်တာလဲ .... "

ချူယိုဖုန်း မျက်နှာပျက်သွားသည်။

ကြေကွဲဝမ်းနည်းဟန်ဖြင့် ခေါင်းငိုက်စိုက်ကျသွားသည်။

"တိရစ္ဆာန်ကြီးကို ကျုပ်လက်နဲ့သတ်ချင်တာပေါ့ဗျာ၊ ဒါပေမယ့်"

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက ....

"ချူယိုဖုန်းသတ်လို့ မဖြစ်ဘူးကွ .... သူတို့ ထိုက်ဟူဂိုဏ်းက ပညတ်ချက်တွေကို လိုက်နာရတယ်၊ ဂိုဏ်းချုပ်ဖြစ်ပြီးသူတစ်ယောက်ကို သူဘာသာ မကွယ်လွန်မချင်း မသုတ်သင်ရဘူး .... အဲဒါကြောင့် မင်းကို အကူအညီတောင်းတာပဲ .... "

"ဩော် .... ကျွန်တော် ဒီအချက်ကို မသိလို့ပါ .... "

"ကိစ္စမရှိပါဘူး ညီလေးရာ .... မသိလို့ဘဲဥစ္စာ .... "

ဤသို့ဖြင့် သူတို့ဂိုဏ်းချုပ်နေရာ ပြန်လည်ရယူရေးအတွက် အသေးစိတ်ညှိနှိုင်းတိုင်ပင်ကြသည်။

အစားအစာများ စားသောက်ပြီးသွားသောအခါ တိုင်ပင်ဆွေးနွေးပွဲလည်း ပြီးဆုံးသွား၏။

"အင်း .... ကျွန်တော်က ကူညီမယ်သာ အာမခံခဲ့တယ် .... ဂိုဏ်းချုပ်ကြီးကို နိုင်ပါ့မလား မသိဘူး .... သူက သိမ်းစွန်ရဲသိုင်းနဲ့ ထိုက်ဟူသိုင်းကို တတ်မြောက်ထားတယ် .... ကျွန်တော်မနိုင်ရင် အခက်ပဲ .... ကျွန်တော်က သိုင်းကွက်ဆိုလို့ ပန်းစကြာလက်တောက် သိုင်းကွက်ရယ်၊ တောင်ဖြိုးကွက်ရယ်၊ ပန်းချိုင့်ဝှမ်းသခင်မရဲ့ ကိုယ် ဖော့ပညာရယ် ဒါပဲတတ်သေးတယ် .... "

ကော့ဖေးဟုန်က သူကိုယ်သူ စိတ်မချဘဲ ဖြစ်နေသည်။

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက ....

"မင်း မပူပါနဲ့ကွာ .... မင်းကို သိုင်းပညာသင်ပေးဖို့ မင်းရဲ့ဆရာကြီး တာအိုတန်ရောက်နေ ၂ပြီကွာ .... "

ကော့ဖေးဟုန် အံ့အားသင့်နေစဉ်မှာပင် ကော့ဖေးဟုန်တို့ဆင်းလာသော တံခါးပေါက်ဆီမှ တံခါးခေါက်သံ ပေါ်လာသည်။

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက အချက်ပြလိုက်သောအခါ ချုယိုဖုန်းသည် အလျင်အမြန် ထသွားလေတော့၏။

ဆရာကြီး တာအိုတန်ကို သွားရောက်ကြိုဆိုခြင်းသာ ဖြစ်ပါသည်။

ဆရာကြီးတာအိုတန် တစ်လှမ်းချင်းလျှောက်လာနေသည်ကို ကော့ဖေးဟုန် မြင်ရသည်။

"ဆရာကြီး .... "

ကော့ဖေးဟုန်က ဝမ်းသာအားရ အော်ခေါ်လိုက်သည်။

"ငါတပည့်ကြီး မဟာဘူတကျမ်း သိုင်းပညာကို တတ်မြောက်အောင်မြင်ခဲ့တဲ့အတွက် ငါ ဂုဏ်ယူပါတယ် .... "

ဆရာကြီးသည် လိုက်လဲစွာ ပြောနေခြင်းဖြစ်သည်။

ထိုစဉ် ....

ဆရာကြီးတာအိုတန်၏ နောက်ကွယ်မှ လူရိပ်နှစ်ခု ပေါ်လာဖြန်သည်။ မိန်းကလေးနှစ်ဦး။ သူတို့ မည်သူတို့နည်း။

ကော့ဖေးဟုန်ရင်ထဲတွင် ဝမ်းသာလုံးဆို့သွားသည်။

သူမြင်လိုက်ရသော မိန်းကလေးနှစ်ဦးမှာ ထန်စွမ်ချင်းနှင့် ယွင်စည်ကျဲ။

ကော့ဖေးဟုန် ခေါ်လိုက်ချင်သည်။

ဆရာကြီးတာအိုတန်က ကြိုက်မှကြိုက်ပါမည်လောဟု စိုးရိမ်စိတ်က နှုတ်ကိုပိတ်ထားလိုက်သည်။

စိတ်ဂယောက်ဂယက် ဖြစ်သွားသောကြောင့် စားပွဲပေါ်ရှိ အချဉ်ရည်ပန်းကန်ကို လက်နှင့်တိုက်မိပြီး ကော့ဖေးဟုန်၏ အဝတ်ပေါ်သို့ ဖိတ်ကျကုန်သည်။

"အို .... အစ်ကို အကျီတွေပေကုန်ပြီ .... နေ .... နေ ကျွန်မသုတ်လိုက်မယ် .... "

ချူချင်းချင်းက ပြောပြီး လက်သုတ်ပဝါဖြင့် ဂရုတစိုက် သုတ်ပေးလိုက်သည်။

ဤသို့ ချူချင်းချင်းက ကော့ဖေးဟုန်ကို တယုတယ ပြုစုနေသည်ကို မြင်လိုက်ရသောကြောင့် ထန်စွမ်ချင်းနှင့် ယွင်စည်ကျဲတို့၏ ရင်ထဲတွင် နှင့်ခနဲ ခံစားလိုက်ကြရသည်။

ယွင်စည်ကျဲက ပိုပြီးခံစားရသည်။

သူမတို့ကို မြင်သော်လည်း နှုတ်ဆက်ဖော်မရသောကြောင့် စိတ်ကောက်ချင်နေရာမှ ယခုကဲ့သို့ ချူချင်းချင်းနှင့် တရင်းတနှီး ရှိနေသည်ကို မြင်သောအခါ လွန်စွာစိတ်ဆိုးသွားကြတော့သည်။

သူ့ဘေးတွင် ချူချင်းချင်း ရှိနေသောကြောင့် မိမိတို့ကို မြင်ပါလျက်နှင့် မခေါ်ဝဲခြင်း ဖြစ်မည်ဟု အထင်လွဲသွားကြသည်။ ကော့ဖေးဟုန် မခေါ်ခြင်းမှာ ဆရာကြီးတာအိုတန် စိတ်ဆိုးမည်စိုးသောကြောင့် ဖြစ်သည်။

ထန်စွမ်ချင်းမှာ မျက်နှာလေးအိုစာပြီး ခေါင်းငုံ့သွားသည်။

ယွင်စည်ကျဲမှာမူ မာနဖြင့် မျက်နှာကို မော့လိုက်သည်။

ကော့ဖေးဟုန်ကမူ သူ့အပေါ်တွင် အထင်လွဲသွားကြပြီဆိုသည်ကိုပင် မသိလိုက်ချေ။

ထန်စွမ်ချင်းနှင့် ယွင်စည်ကျဲတို့၏ အမှုအရာကိုမြင်သောအခါလည်း မိမိကဲ့သို့ပင် ဆရာကြီးတာအိုတန် မကြိုက်မည်စိုး၍ နှုတ်ဆက်ဘဲ နေသည်ဟု ကော့ဖေးဟုန် ထင်လိုက်မိ၏။

ဆရာကြီးတာအိုတန်က စားပွဲတွင်ဝင်ထိုင်လိုက်ပြီး ကိုက်ပန်ဂိုဏ်းချုပ်ကြီးကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

"ဘယ့်နယ်လဲ သောက်စားနိုင်တုန်းပဲလား: .... "

"ပို့သသောမေတ္တာကြောင့် ကျန်းမာပကတိပါပဲ .... အသောက်ရော အစာရော မလျော့ဘူးကွ .... ဒီမှာကြည့်လေ .... ဟား: .... ဟား: .... ဟား: .... "

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက သူ့ရှေ့မှ အရက်စွဲအိုးကြီးကို လက်နှင့်ပုတ်ပြသည်။

ဆရာကြီးတာအိုတန်နှင့် ဂိုဏ်းချုပ်ကြီးတို့သည် လှိုက်လှိုက်လဲလဲ ရယ်မောနေကြတော့၏။

ဆရာကြီးတာအိုတန်ကိုကြည့်၍ ကော့ဖေးဟုန် အံ့အားသင့်နေသည်။

ဆရာကြီးတာအိုတန်မှာ ရယ်ခဲသည်။ မပြုံးမရယ်နေတတ်သူဖြစ်သည်။

ယခုကဲ့သို့ လှိုက်လှိုက်လဲလဲ ရယ်မောနေသည်ကို တစ်ခါမှ မမြင်ဘူးချေ။

"ကဲ .... ကဲ .... တို့သူငယ်ချင်းနှစ်ယောက် ပြီးမှ ရှေးဟောင်းနောင်းဖြစ် ပြောကြတာပေါ့ .... အခုတော့ ငါတပည့် ကော့ဖေးဟုန်ကို ရှင်းပြစရာရှိတာတွေ ရှင်းပြလိုက်ဦးမယ် .... "

ဆရာကြီးတာအိုတန်ကကော့ဖေးဟုန်ဘက်သို့လှည့်လိုက်သည်။

"ငါတပည့်နဲ့ ချုယိုဖုန်းတို့ မောင်နှမ အသေအချာနားထောင်ကြ .... ထိုက်ဟူဂိုဏ်းကိစ္စမှာ ငါဘယ်လို ပါဝင်ပတ်သက်ခဲ့တယ်ဆိုတာ ပြောပြမယ် .... "

သူသည် စကားစမျိုးလိုက်ပြီးနောက် ထန်စွမ်ချင်းနှင့် ယွင်စည်ကျဲတို့ကို ထိုင်ရန်အချက်ပြလိုက်လေ၏။

ထန်စွမ်ချင်းနှင့် ယွင်စည်ကျဲတို့ ထိုင်ပြီးကြသောအခါ ဆရာကြီးတာအိုတန်က စတင်စကားပြောလေတော့၏။

အခန်း (၁၇)

ညဉ့်ငှက်ညီနောင်

ဆရာကြီး တာဟိုတန်က ဖြည်းညင်းစွာ ပြောကြားလေ၏။

"ကွယ်လွန်သွားပြီဖြစ်တဲ့ ချူယိဖုန်းတို့ မောင်နှမရဲ့ဖခင် ထိုက်ဟူဂိုဏ်းချုပ် ချူတင်ဖုန်းဟာ ဆရာနဲ့ သွေးသောက်ညီအစ်ကိုပဲ .... သူ ဆုံးတဲ့သတင်းကို ကြားတော့ ဆရာ အသေးစိတ်စုံစမ်းခဲ့တယ်၊ သိမ်းစွန်ရဲဂိုဏ်းရဲ့ လက်ချက်မှန်း သိရတယ် .... အဲဒီလို သိတဲ့အခြိန်မှာပဲ .... သိမ်းစွန်ရဲဂိုဏ်းရဲ့ လက်ပါးစေ လင့်ငွေဖန်က ချူယိဖုန်းကို မတရား အနိုင်ယူပြီး ထိုက်ဟူဂိုဏ်းချုပ် လုပ်သွားပြီလို့ သတင်းရတယ်၊ သိမ်းစွန်ရဲဂိုဏ်းဟာ ထိုက်ဟူဂိုဏ်းကို အကြောင်းမဲ့ ထိန်းချုပ်တာ မဟုတ်ဘူး .... အကြောင်းရှိတယ် .... "

ဆရာကြီး တာအိုတန်စကားကို ခေတ္တနားလိုက်ပြီး သူ့ရင်ဘတ်ထဲမှ တစ်စောင်ကို ထုတ်လိုက်၏။

"ဒီစာဟာ လွန်ခဲ့တဲ့ တစ်နှစ်ကျော်က လင့်ငွေဖန်ကို သိမ်းစွန်ရဲဂိုဏ်းချုပ်က ပေးလိုက်တဲ့စာပဲ .... ဒီစာ လင့်ငွေဖန်လက်ထဲ ရောက်ပြီးမှ ဆရာတို့ကို ကြည်ညိုတဲ့ လျှို့ဝှက်မိတ်ဆွေတစ်ဦးက ခိုးယူလာပေးတာပဲ .... ရော့ ဖတ်ကြည့်ကြ .... "

ချူယိဖုန်းနှင့် ချူချင်းချင်းတို့ ထိုစာကို ဖတ်ပြီးနောက် ကော့ဖေးဟုန်ကို ကမ်းပေးသည်။

စာမှာ ....

သစ္စာခံ လင့်ငွေဖန် ....

ကျွန်ုပ် သိမ်းစွန်ရဲ့ ဂိုဏ်းချုပ်ကြီးက သင့်အတွက် လက်ဆောင်ရတနာထုပ်နှင့်အတူ ဤအမိန့်စာကို ပို့လိုက်သည်။

ကျွန်ုပ်၏ စီမံပေးချက်အရ သင်သည် ယခု ထိုက်ဟူဂိုဏ်းချုပ်ဖြစ်နေပေပြီ။

သင့် ထိုက်ဟူဂိုဏ်းအတွင်းသို့ ကျွန်ုပ်၏ လူယုံများသွင်းပါ။ အရေးကြီး၍ အချက်အချာကျသော နေရာတိုင်းတွင် ခန့်ထားပေးရန် ဖြစ်သည်။

ကျွန်ုပ်တို့ လုယက်တိုက်နိုက်၍ရသော ရတနာများကို သူ့ဌေး သူကြွယ်လောကဌ သင်က တာဝန်ယူ ထုခွဲပေးပါ။

ရတနာ သယ်ပိုခြင်း။ ရောင်းချ၍ ရသောငွေများကို ကျွန်ုပ်ထံ ပို့ပေးခြင်းများကို ကျွန်ုပ် ပို့ပေးခြင်းများကို ကျွန်ုပ်လူယုံများ ဆောင် ရွက်ပေးလိမ့်မည်။

သစ္စာခံသမျှ ကြီးပွားစေအံ့
သစ္စာဖျက်လျှင် ကြေပျက်ရမည်။
သိမ်းစွန့်ရဲဂိုဏ်းချုပ်

ကော့ဖေးဟုန် စာကို ဖတ်ပြီးသောအခါ သိမ်းစွန့်ရဲဂိုဏ်း၏ ရည်ရွယ်ချက်ကို သဘောပေါက်သွားသည်။

ဆရာကြီး တာအိုတန်က စာကို လှမ်းယူပြီး ....

"အဲဒါကြောင့် ဆရာလည်း ထိုက်ဟူဂိုဏ်းကိစ္စမှာ တစ်နည်း တစ်ဖုံ ပါဝင်ဆောင်ရွက်မှ ဖြစ်တော့မယ်ဆိုပြီး ဒီသူငယ်ချင်းနဲ့ တိုင်ပင် ကြတယ် .... "

ဟု ပြော၍ ကိုက်ပန်ဂိုဏ်းချုပ်ကြီးကို ညွှန်ပြသည်။

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက တဟဲဟဲ ရယ်မောနေ၏။

"သူ့အကြံပေးချက်ကြောင့် ပင်တရာဥယျာဉ် သိုင်းဆရာကြီး မင်လန်ချင်းနဲ့ ဖြူယော်တောင်ကုန်းက သိုင်းဆရာမကြီး ချင်ပန်းကူး ဆီ သွားခဲ့တယ် .... ဒီသိုင်းကောရာဓ်ကြီးနှစ်ဦးက ထိုက်ဟူဂိုဏ်းကိစ္စ ကို သိုင်းလောကတစ်ခုလုံးအတွက် အရေးကြီးမှန်း သဘောပေါက်ကြ တယ် .... သူတို့နှစ်ဦး ဝိုင်ဆိုင်တဲ့ မဟာဘူတ သိုင်းပညာကျမ်းကို ပေးလိုက်တယ် .... တပည့်ကောင်းတစ်ဦးကို ရွေးချယ်ဖို့တော့ သတို ပေးကြတယ် .... ကဲ .... ဒီလူငယ်က မဟာဘူတ သိုင်းကျမ်းကို လေ့ကျင့်ပြီး ရှင်းဖို့ ထိုက်ဟူဂိုဏ်းရဲ့ ပြဿနာကို ဖြေရှင်းပေးရမှာ ဖြစ် တယ် .... "

ဤအခါမှ ကော့ဖေးဟုန်သည် သူ့ကို သိုင်းအဖွဲ့မှ နှင်ထုတ်ပြီး မဟာဘူတ သိုင်းပညာကို .... သင်ကြားပေးခြင်း၏ ရည်ရွယ်ချက်ကို သဘောပေါက်တော့သည်။

"ဒီကိစ္စကို သိမ်းစွန့်ရဲဂိုဏ်းက မရိပ်မိဖို့ အရေးကြီးတယ် .... ကော့ဖေးဟုန်ကို ဆရာကိုယ်တိုင် သင်ကြားမပေးဘဲ သိုင်းအဖွဲ့ထဲက နှင်ထုတ်လိုက်ရတယ် .... မဟာဘူတ သိုင်းပညာကျမ်းကို ပေးလိုက် ရတာလည်း အဲဒီအကြောင်းကြောင့်ပဲ .... ဒါကြောင့် တပည့်နောက်ကို ဆရာ့သူငယ်ချင်း ကိုက်ပန်ဂိုဏ်းချုပ်ကြီးကို လိုက်လံစောင့်ရှောက်

နေတာပဲ .... "

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက ရယ်မောလျက် ပြောလေ၏။

"ခင်ဗျားတပည့်ကို ကျုပ်ကိုယ်တိုင် စောင့်ရှောက်ခဲ့ပါတယ်ဗျာ .... "

ထိုအခါမှ ဒကော့ဖေးဟုန်သည် ဘုထံတွင် မဟာဘူတ သိုင်းပညာကျမ်းပါလာကြောင်း၊ ကိုက်ပန်ဂိုဏ်းချုပ်ကြီး သိနေသည့်အချက်နှင့် သူအား နှင်းဖုံးတောင်တွင် သိုင်းပညာ သွားသင်ရန် ညွှန်ကြားသော အချက်ကို ရိပ်မိတော့၏။ ထိုစဉ်က သူ မရိပ်မိခဲ့ချေ။

"ကဲ .... အခုလို စီစဉ်ထားတဲ့အတိုင်း အားလုံး အဆင်ပြေဖို့ မလွယ်ဘူး၊ တပည့် ကော့ဖေးဟုန်က အခုဆိုရင် မဟာဘူတ သိုင်းပညာကျမ်းကို တတ်မြောက်ခဲ့ပြီမို့ သိုင်းလောကထဲက အဆင့်မြင့် သိုင်းပညာရပ်အားလုံးကို တစ်ခါမြင်ရုံနဲ့ တတ်မြောက်နိုင်ပြီ .... ဒီတော့ ပထမအဆင့်အနေနဲ့ ဆရာ တစ်သက်လုံး ဆည်းပူးလေ့လာ တတ်ကျွမ်းထားတဲ့ သိုင်းပညာကို ငါတပည့်အတွက် အမွေပေးရမယ် .... ဒုတိယ အဆင့်အနေနဲ့ ထိုက်ဟူဂိုဏ်းကိစ္စ ဆောင်ရွက်ရမယ် .... တတိယ သိမ်းစွန်ရဂိုဏ်းကို ဖြိုခွင်းရမယ် .... "

ဆရာကြီး တာအိုတန်က ပြောသည်။

ကော့ဖေးဟုန်က ....

"ဆရာ့အမိန့်ကို နာခံဖို့ အသင့်ပါ ဆရာကြီး .... "

ထိုအချိန်တွင် .... ကိုက်ပန်ဂိုဏ်းချုပ်ကြီး၏ မျက်နှာမှာ ရုတ်တရက် ပြောင်းလဲတင်းမာသွားပြီး ဆရာကြီး တာအိုတန်ကို ကြည့်သည်။

ဆရာကြီး တာအိုတန်က စားပွဲပေါ်ရှိ အရက်ထည့်သည့် ကြွေပန်းကန်လုံးကို ကောက်ကိုင်ပြီး လက်ငါးချောင်းဖြင့် အတွင်းအားထည့်၍ ဖိညှစ်ပစ်လိုက်၏။

ကြွေပန်းကန်လုံးမှာ ကျိုးကျိုးပွတ်ပွတ် အသံမြည်ပြီး လက်အတွင်း၌ တစ်မှုတ်ချင်း အိုင်းအစများ ဖြစ်သွားသည်။

ကော့ဖေးဟုန်တို့ အံ့အားသင့်နေစဉ် ဆရာကြီး တာအိုတန်က သူ့လက်တွင်းမှ ပန်းကန်ကွဲအစများကို ကိုက်ပန်ဂိုဏ်းချုပ်ကြီး ထိုင်နေရာဘက်သို့ ပစ်ထည့်လိုက်သည်။

"ဝုန် .... "

"ဆရာကြီး .... "

ကော့ဖေးဟုန်က ထိတ်လန့်တကြား အော်လိုက်သည်။

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက ခါးကို နောက်သို့ လှန်ချပြီး ရောင်

လိုက်၏။

ကြွေပန်းကန်စများမှာ လွင့်ပျံပြီး ကိုက်ပန်ဂိုဏ်းချုပ်ကြီးကို ကျော်၍ မြေအောက်ခန်း၏ အမှောင်ထုထဲသို့ တိုးဝင်သွားသည်။

"အား .... အီး .... "

အမှောင်ထုထဲမှ အော်သံနှစ်ခု ကြားရသည်။

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက ခါးကို ပြန်မတ်လိုက်ပြီး ထိုင်နေရာမှ အမှောင်ရိပ်ထဲသို့ လွှားခနဲ ခုန်ဝင်လိုက်သည်။

ကိုက်ပန်ဂိုဏ်းချုပ်ကြီး၏ ခန္ဓာကိုယ်မှာ .... ၄က်တစ်ကောင် တောင်ပံဆန့်၍ ပျံသွားသည့်နှယ် အမှောင်ရိပ်ထဲ တိုးဝင်ပြီး ပျောက်သွား၏။

ဆရာကြီး တာအိုတန်ကတော့ ထိုင်ခုံတွင် အေးဆေးစွာ ထိုင်နေမြဲ။

မကြာမီ အမှောင်ရိပ်ထဲမှ ကိုက်ပန်ဂိုဏ်းချုပ်ကြီး ထွက်လာသည်။

သူလက်နှစ်ဖက်ဖြင့် လူနှစ်ယောက်ကို တရွတ်တိုက် ဆွဲလာသည်။

အလင်းရောင်ထဲ ရောက်သောအခါ ကိုက်ပန်ဂိုဏ်းချုပ်ကြီးက

သူလက်ထဲမှ လူနှစ်ယောက်ကို ကြမ်းပေါ် ပစ်ချလိုက်သည်။

အဝတ်စဖြင့် ပြုလုပ်ထားသော အရုပ်ကလေးနှစ်ရုပ်ပမာ မလှုပ်မရှားဘဲ လဲကျနေတော့၏။

ဆရာကြီး တာအိုတန်က ကိုက်ပန်ဂိုဏ်းချုပ်ကြီးအား ပြောလေ၏။

"အကြောပြန်ဖွင့်ပေးလိုက်ပါ သူငယ်ချင်း .... "

ထိုအခါမှ ကော့ဖေးဟုန်တို့မှာ အဖြစ်အပျက်ကို နားလည်သွားတော့သည်။

ဤလူနှစ်ယောက်က အမှောင်ရိပ်ထဲတွင် ခိုအောင်းလျက် မြေအောက်ခန်းသို့ ဝင်ခဲ့ကြ၏။ မိမိတို့ ပြောနေသည်ကို တိတ်တဆိတ် ချောင်းမြောင်းနားထောင်နေခဲ့ပုံရ၏။

မိမိတို့က ဘာမျှ သိသော်လည်း အတွင်းအားကောင်းသော ကိုက်ပန်ဂိုဏ်းချုပ်ကြီးနှင့် ဆရာကြီး တာအိုတန်တို့က လှုပ်ရှားသံကို ကြားလိုက်ရ၏။

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက ဆရာကြီး တာအိုတန်ကို အမိဖမ်းရန် အချက်ပေးလိုက်သောကြောင့် ဆရာကြီး တာအိုတန်က ကြွေပန်းကန်စများဖြင့် ပစ်၍ အကြောပိတ်လိုက်ခြင်းပင်။

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက ထိုလူနှစ်ယောက်ပခုံးရှိ ယွေးခွေကြောတွင် စိုက်ပင်နေသော ပန်းကန်ကွဲစများကို နှုတ်ပေးလိုက်၏။

"အီး .... အဲ .... "

ထိုလူနှစ်ယောက်ထံမှ ညည်းသံများ ထွက်ပေါ်လာပြီး ဒယီးဒယိုင်နှင့် မတ်တတ်တရပ်သည်။

အလင်းရောင်အောက်တွင် ထိုလူနှစ်ယောက်၏ မျက်နှာများကို မြင်လိုက်ရတော့သည်။

တစ်ယောက်က အရပ်အနည်းငယ်ပုပြီး .... ဟစ်ယောက်က အနည်းငယ် အရပ်ရှည်သည့် ကွဲပြားချက်မှအပ ကျန်ရုပ်လက္ခဏာများ အားလုံး ချွတ်စွပ်တူညီကြသည်။

အမြှာညီအစ်ကိုများ ဖြစ်ကြဟန်တူသည်။

နှစ်ယောက်စလုံး နှာခေါင်းကောက်ကောက်၊ မျက်ခုံးကုပ်ကုပ်၊ နှုတ်ခမ်းမွေးများနှင့် ဖြစ်ကြသည်။

ဂိုဏ်းချုပ်ကြီးက ....

"ဒီကောင်တွေကို ကျုပ် သိတယ် .... သိုင်းလောကထဲမှာ သတင်းစုံစမ်းပြီး အရေးကြုံးတဲ့သတင်းတွေကို ပြန်ရောင်းစားနေတဲ့ကောင်တွေပေါ့ .... နာမည်က ညဉ့်ငှက်ညီနောင်တဲ့ .... "

ဆရာကြီးတာအိုတန်က အေးစက်မာကျောစွာ မေးလိုက်၏။

"မင်းတို့ ဒီအခန်းထဲကို ဘယ်လိုလုပ် ရောက်နေတာလဲ .... ဘယ်တုန်းက ရောက်နေတာလဲ .... "

ညဉ့်ငှက်ညီနောင်အနက် ပုသော်လှက ....

"ကျွန်တော်တို့ ဒီနေ့မနက်ကတည်းက ဒီအခန်းထဲ ရောက်နေတာပါ .... တစ်နေလုံး ဒီအခန်းထဲက စောင့်နေတာပါ .... ဒီအခန်းထဲကို ရောက်အောင်တော့ သိမ်းစွန့်ရဂိုဏ်းက ကူညီပေးပါတယ်"

ဆရာကြီး တာအိုဟန်က ....

"ဒီလိုဆို မင်းတို့ သိမ်းစွန့်ရဂိုဏ်းအတွက် သတင်းလာစုံစမ်းတာပေါ့ .... "

"မှန်ပါတယ် ဧင်ဗျား .... "

ညဉ့်ငှက်ညီနောင်နှစ်ယောက်လုံးက ပြုံးရယ်နေကြလေ၏။

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက ....

"ဟေ့ .... မင်းတို့ ဒီကိစ္စကို ဘာကြောင့် လွယ်လွယ်ဖွင့်ပြောနေတာလဲ .... "

ဝိန့်ရှည်က ....

"ကျွန်တော်တို့ သိုင်းလောကထဲမှာ .... သတင်းရောင်းစားပြီး

အသက်မွေးဝမ်းကျောင်းနေတဲ့ လူတွေပါ ခင်ဗျာ .... အဲဒါကြောင့်
ဆရာကြီးများ အလိုရှိမယ်ဆိုရင် သိမ်းစွန်ရဲဂိုဏ်းရဲ့ သတင်းကို ရောင်း
ချင်လို့ပါပဲ .... "

သူတို့သည် သေမည်ကို ကြောက်ပုံမရချေ။

နှစ်ယောက်စလုံးပင် ပြိုးပြိုးရယ်ရယ် ရှိနေကြလေ၏။

ဆရာကြီး တာအိုတန်၏ မျက်နှာထားသည် လွန်စွာ တင်းမာ
သွားလေ၏။

"မင်းတို့ တော်တော်သစ္စာမရှိတဲ့ကောင်တွေပဲ .... မင်းတို့ကို
သိမ်းစွန်ရဲဂိုဏ်းက ငွေကြေးပေးပြီး သတင်းစုံစမ်းခိုင်းလိုက်တယ် ....
သူတို့ပေးတဲ့ ငွေကို ယူတယ် .... အခုတစ်ခါ ငါတို့နဲ့ တွေ့တော့ ငွေ
လိုချင်လို့ သူတို့ဂိုဏ်းရဲ့ သတင်းကို ရောင်းမယ်ပြောနေပြန်တယ် ....
ဒီကောင်တွေကို ကျုပ် မကြည့်ချင်ဘူးဗျာ .... "

ဆရာကြီး တာအိုတန်က ဒေါသကြီးစွာဖြင့် ပြောလိုက်သည်၊

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက လက်ကာပြလျက် ....

"ဒီကိစ္စကို ငါ ကြ[illegible]ရင်းပါ့မယ်ကွာ .... ခင်ဗျား အေးအေးဆေး
စမ်းပါ .... "

သူသည် ညဉ့်ဉက်ညီနောင်ဘက်သို့ လှည့်လိုက်၏။

"ဟော .... မင်းတို့ သစ္စာမရှိဘူးလို့ ငါသူငယ်ချင်းက ပြောနေ
တယ် .... အဲဒါ မင်းတို့ ဘာပြောချင်သလဲ .... "

ညဉ့်ဉက်ညီနောင် လူပုက ဖြေရှင်း၏။

"ကျွန်တော်တို့ .... သစ္စာမရှိတာ မှန်ပါတယ် .... ဒါပေမယ့်
ကျွန်တော်တို့က ဘယ်သူ့ကိုမှ သစ္စာခံခဲ့တာ မဟုတ်ပါဘူး .... သစ္စာ
စောင့်စရာ မလိုလို့ သစ္စာမရှိတာပါ .... ကျွန်တော်တို့က သတင်းကို
ငွေနဲ့ ရောင်းစားနေတဲ့ လူတွေ ဖြစ်ပါတယ် .... ဒါကြောင့် ဘယ်သူဆီ
မှာမှ သစ္စာခံမထားပါဘူး .... ငွေရရင် သတင်းပေးမယ် .... ဒါပါပဲ"

"အေး .... မင်းတို့ ပြောတာလည်း ဟုတ်သားပဲ၊ ကဲ .... သိမ်း
စွန်ရဲဂိုဏ်းရဲ့ သတင်းကို မင်းတို့ ဘယ်လောက်နဲ့ ရောင်းမှာလဲ"

"ဒီတစ်ခါတော့ ကျွန်တော်တို့က ငွေကြေးနဲ့ မရောင်းပါဘူး
ခင်ဗျာ .... ကျွန်တော်တို့ အသက်ရဲ့ တန်ဖိုးနဲ့ ရောင်းမှာပါ .... "

"သြော် .... မင်းတို့ကို မသတ်ဘဲ လွှတ်ပေးရမယ် ဆိုပါတော့"

"မှန်ပါတယ် ခင်ဗျာ .... "

"မင်းတို့ကို မလွှတ်ဘဲ အတင်းအမွေ သတင်းကို ရအောင်ညှဉ်း
ဆဲယူမယ်ဆိုရင်ကောကွာ .... "

ကိုနှစ်ဦးသည် ကျယ်လောင်စွာ ရယ်မောကြလေ၏။

"ဆရာတို့ စုံစမ်းကြည့်ကြပါ .... ကျွန်တော်တို့ ဘယ်လောက် ခံနိုင်ရည်ရှိကြသလဲဆိုတာ .... ခံနိုင်ရည်ရှိရင်လည်း သေဖို့ပဲ ရှိတာပေါ့ဗျာ .... လူသေဟာ ဘယ်တော့မှ စကားမပြောနိုင်ပါဘူး .... "

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက ဆရာကြီးတာအိုတန်ကို လှမ်းကြည့်သည်။

ဆရာကြီးတာအိုတန်က စဉ်းစဉ်းစားစားဖြင့် ပြောသည်။

"ဒီကောင်တွေကိုပြန်လွှတ်လိုက်ရင် ဒီကောင်တွေ ဒီကသတင်းကို သိမ်းစွန့်ရဂိုဏ်းကို သွားရောင်းနေဦးမှာပေါ့ .... လွတ်လို့ မဖြစ်သေးဘူး .... "

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက ....

"ကဲ .... ကြားတယ် မဟုတ်လား၊ အဲဒီတော့ ဒီလိုလုပ် .... မင်းတို့က သိမ်းစွန့်ရဂိုဏ်းရဲ့သတင်းကို ပြော .... ငါ မင်းတို့အသက်ကို မသတ်ဘူး .... ဒါပေမယ့် သိုင်းကွက်သုံးကွက်နဲ့ တိုက်ခိုက်မယ် .... ခုခံနိုင်ရင် ဒီအတိုင်းသွားတော့ .... မခုခံနိုင်လို့ ငါ ကျွေးတဲ့ဆေးကို စားရင်တော့ တစ်လတိတိ မင်းတို့ သိုင်းပညာမဲ့ပြီး စကားဆို့အနေလိမ့်မယ် .... ဘယ့်နယ်လဲ .... "

ညဉ့်ဦးကျော်ကြီးနောင် တွေဝေသွားသည်။ ပိန်ပိန်လူက ....

"ဂိုဏ်းချုပ်ကြီး တစ်ယောက်တည်းပဲ သိုင်းကွက် သုံးကွက် တိုက်ရမှာနော် .... "

"အေးပါကွ .... "

"ကိုက်ပန်ဂိုဏ်းချုပ်ကြီး ကျွေးမယ့်ဆေးက .... ကျွန်တော်တို့ အသက်အန္တရာယ်ကို မထိခိုက်စေရဘူးနော် .... "

"မထိခိုက်စေရပါဘူး .... သိုင်းပညာ တစ်လတိတိ မဲ့နေပြီး စကားဆို့အ,ရုံတင်ပါ .... ငါဟာ သိုင်းလောကမှာ နာမည်တစ်လုံးနဲ့ နေတဲ့လူပါ .... "

"ကဲ .... ကောင်းပြီလေ၊ ကျွန်တော်တို့ သဘောတူပါတယ်"

"ဒီလိုဆိုရင် မင်းတို့ သိမ်းစွန့်ရဂိုဏ်းရဲ့ သတင်းကို ပြောပေတော့ .... "

"ပြောစရာတွေကတော့ အများကြီးပါပဲ .... ဒါပေမယ့် ဆရာကြီးတို့ မသိသေးတဲ့ အချက်ထဲက အရေးကြီးတာတွေပဲ ပြောပါတော့မယ် .... သိမ်းစွန့်ရဂိုဏ်းက ဆရာကြီးတို့ အစီအစဉ်ကို မရိပ်မိသေးပါဘူး၊ ဒါပေမယ့် ချယ်ဖုန်း ချိုးယွင်တည်းခိုခန်းမှာ ရုပ်ဖျက်ပြီးနေတာတော့ သိပါတယ် .... သူမှာ ဘာအစီအစဉ်တွေရှိသလဲဆိုတာ သိချင်လို့ ကြိုးရှည်ရှည်နဲ့ လှန်ထားတာပါ .... ဒီနေ့ အရေးကြီးတဲ့ တွေ့ဆုံမှု

ဒီအခန်းထဲမှာ လုပ်မယ်ဆိုတာ သူတို့ သိထားပါတယ် .... ဒါကြောင့် ကျွန်တော်တို့ကို လွှတ်လိုက်တာပါ .... "

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက ကြားဖြတ်၍ မေးသည်။

"သိမ်းစွန်ရဲဂိုဏ်းက ဘယ်မှာရှိတာလဲ .... သိမ်းစွန်ရဲဂိုဏ်းချုပ် ဘယ်သူလဲ .... "

ထိုမေးခွန်းကိုကြားလျှင် ညဉ့်ငှက်ညီနောင် နှစ်ဦး၊ တစ်ဦးကို တစ်ဦး အပြန်အလှန် ကြည့်မိကြ၏။ သူတို့ ပြောရန် ခက်ခဲနေသလော။ ပြီးမှ နှစ်ဦးသား ခေါင်းညိတ်အချက်ပြသည်။

"ကိုက်ပန်ဂိုဏ်းချုပ်ကြီး မေးတာက ကျွန်တော်တို့ သိသမျှ သတင်းတွေထဲမှာ တန်ဖိုးအရှိဆုံးသတင်းပါပဲ .... "

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက ....

"မင်းတို့အသက်တွေထက် ပိုတန်ဖိုး ရှိနေရော့သလား .... "

ညဉ့်ငှက်လူဝက ရယ်မောလျက် ....

"ကျွန်တော်တို့ အသက်ထက် ပိုပြီး တန်ဖိုးရှိတဲ့ သတင်းရယ်လို့ တော့ မရှိပါဘူးဗျာ .... "

"ကဲ .... ဒီလိုဆိုလည်း ပြောပေတော့ .... "

"ပြောရရင်တော့ သိမ်းစွန်ရဲဂိုဏ်းချုပ် ဘယ်သူလဲဆိုတာ မသိ

ပါဘူး .... ဂိုဏ်းတည်ရာ နေရာကိုလည်း မသိပါဘူး .... "

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက နှုတ်ခမ်းမဲ့လျက် ....

"ဟေ .... ဒီလိုဆို မင်းတို့သိတာ ဘာရှိသေးလဲကွ .... "

"ရှိပါတယ် .... သိမ်းစွန်ရဲဂိုဏ်းကို ထိန်းချုပ်ထားတဲ့ ဂိုဏ်းချုပ်ဟာ တစ်ယောက်မဟုတ်ပါဘူး .... နှစ်ယောက်ပါ .... "

"သေချာရဲ့လားကွ .... "

"သေချာပါတယ်၊ အရင်က လေးယောက်ပါ .... နှစ်ယောက်က သေချင်းဆိုးနဲ့ သေသွားပါပြီ .... "

"ဘယ်သူ သုတ်သင်လိုက်တာလဲကွ .... "

"ယွင်းဟိုင်ဆရာကြီးပါ .... သိမ်းစွန်ရဲ ဂိုဏ်းချုပ်လေးယောက်ဟာ ဒီဆရာကြီးနဲ့ ပညာသင်ဘက်၊ တစ်ဆရာတည်း တပည့်တွေပါ။ ဒီသိမ်းစွန်ရဲဂိုဏ်းချုပ် ဖြစ်လာမယ့် လေးယောက်က သူတို့ရဲ့ ဆရာရင်းကို လုပ်ကြံပြီး သိမ်းစွန်ရဲသိုင်းပညာကျမ်းကို ခိုးသွားပါတယ် .... အဲဒါကြောင့် ဆရာ့ကိုယ်စား ယွင်းဟိုင်ဆရာကြီးက သူတို့လေးယောက်ကို လိုက်လံသုတ်သင်ပါတယ် .... နှစ်ယောက် သေသွားပေမယ့် ကျန်တဲ့နှစ်ယောက်က သိမ်းစွန်ရဲသိုင်းကျမ်းကို အပြီးတိုင် တတ်မြောက်သွားလေတော့ ယွင်းဟိုင်ဆရာကြီးလည်း မနိုင်တာနဲ့ လိပ်တောင်ပေါ်

မှာနေပြီး သူသိုင်းပညာ တိုးတက်ဖို့ လေ့ကျင့်နေပါတယ် .... ဒီအတော အတွင်းမှာ ကျွန်တဲ့နှစ်ယောက်ပေါင်းပြီး မကောင်းမှုတွေ ကျူးလွန်နေ တော့တာပါပဲ .... "

"ယွင်းဟိုင်ဆရာကြီးက ဒီနောက်မှာ ဒီလူယုတ်မာတွေကို ဆက်ပြီး မသုတ်သင်တော့ဘူးလား .... "

"ယွင်းဟိုင်ဆရာကြီးဟာ လိပ်တောင်ပေါ်ကနေ အောက်ကို ဆင်းလာလို့ မဖြစ်တော့ပါဘူး .... အဆင့်မြင့် သိုင်းပညာကို အပြင်း အထန် လေ့ကျင့်ရင်း အတွင်းဒဏ်ပိပြီး ကိုယ်အောက်ပိုင်း သေသွားပါ တယ် .... "

"ဟင် .... ဒီလိုဆိုရင် သိမ်းစွန်ရဲ့ ဂိုဏ်းချုပ်နှစ်ယောက်က လိပ် တောင်ပေါ်တက်ပြီး ယွင်းဟိုင်ဆရာကြီးကို ဘာကြောင့် မလုပ်ကြံတာ လဲ .... "

ကော့ဖေးဟုန်က ဝင်မေးလိုက်ခြင်းဖြစ်၏။

"ယွင်းဟိုင်ဆရာကြီး လေ့ကျင့်အောင်မြင်ထားတဲ့ သိုင်းပညာ ကြောင့်ပါ .... ယွင်းဟိုင်ဆရာကြီးက သိမ်းစွန်ရဲ့ သိုင်းပညာကို အနိုင် ယူနိုင်တဲ့ နှစ်ကိုယ်ပွား စွန့်စားသိုင်းပညာကို တတ်မြောက်အောင်မြင် သွားလို့ပါ .... သိမ်းစွန်ရဲ့ ဂိုဏ်းချုပ်တွေ သွားတိုက်ရင် သေချာပေါက်

ရှုံးမှာပါပဲ"

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက ....

"သိမ်းစွန်ရဲ့ဂိုဏ်းချုပ်တွေကို မြင်ဖူးတဲ့သူ ဘယ်သူရှိလဲ"

"ယွင်းဟိုင်ဆရာကြီးပဲ ရှိပါတယ် .... "

"ဒီလိုဆိုရင် ယွင်းဟိုင်ဆရာကြီးနေတဲ့ လိပ်တောင်ကို ဘယ် လို သွားရမလဲ .... "

"ကျွန်တော်တို့မှာ လိပ်တောင်ကို သွားနိုင်တဲ့ လမ်းညွှန်မြေပုံ ရှိပါတယ် .... ကဲ .... ကျွန်တော်တို့ ပြောစရာသတင်းတွေလည်း ကုန်ပါပြီ၊ လိပ်တောင်လမ်းညွှန်မြေပုံကို ဂိုဏ်းချုပ်ကြီး လက်ကို အပ်ပါ မယ် .... ရော့ .... ယူပါတော့ ခင်ဗျား .... "

ထိုသို့ ပြောပြီးသည်နှင့် ညဉ့်ဉက်လူဝက သူ့ရင်ဘတ်အတွင်း မှ သားရေလိပ်မြေပုံကလေးကို နှိုက်ယူပြီး ကိုက်ပန်ဂိုဏ်းချုပ်ကြီးထံ သို့ ပစ်ပေးလိုက်လေတော့၏။

အခန်း (၁၈)

အတုမဲ့အလင်းသိုင်း

ထိုက်ပန်ဂိုဏ်းချုပ်ကြီးက အော်လိုက်၏။

"ဟိုက် .... တယ်ကောင်းတဲ့ လင်းဆွဲတောင်ပံဖြန့် သိုင်းကွက်ပါလားကွ .... "

"ကဲ .... အဲဒီမှာ ဂဠုန်ခေါင်းခွဲတိုက်ကွက်ဟေ့ .... "

ဟု ကြိုးဝါး၍ ရင်ဝသို့ တိုးဝင်လာသည့် သားရေပြားကို ဝါးစိမ်းတုတ်ဖြင့် ထက်အောက် စုန်ဆန်လှုပ်ရှားပြီး ရိုက်ချလိုက်သည်။

သားရေမြေပုံမှာ စားပွဲပေါ်သို့ ဖုတ်ခနဲ ပြုတ်ကျသွားသည်။

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက ဝါးစိမ်းတုတ်ဖြင့် သားရေမြေပုံကို ရိုက်ချနေစဉ်တွင် ညဉ့်ငှက်ညီနောင်သည် ထွက်ပေါက်ရှိရာသို့ လွှား

ခနဲ ခုန်ထွက်သွားလေတော့သည်။

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက သူ့လက်ထဲရှိ ဝါးစိမ်းတုတ်ကို စုံကိုင်လိုက်ပြီး လက်ဖဝါးနှင့် လက်ချောင်းများသို့ အတွင်းအားထည့်၍ ရှေ့သို့ ဆန့်ထုတ်လိုက်သည်။

ဝါးစိမ်းတုတ်သည် လေထဲသို့ လွှင့်ပျံသွားပြီး မြေပြင်သို့ပင် ခြေပြန်မကျသေးသော ညဉ့်ငှက်ညီနောင်၏ ဒူးခေါင်းကွေးများဆီသို့ ထိမှန်သွားတော့သည်။

"အဲဒါ ပထမအကွက်ပဲဟေ့ .... "

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက ကိုယ်ဖော့ပညာဖြင့် ညဉ့်ငှက်ညီနောင်နှစ်ဦး အနီးသို့ ခုန်လွှားရောက်ရှိသွားသည်။

ညဉ့်ငှက်ညီနောင်နှစ်ဦးမှာ မပြေးသာသောကြောင့် .... နှစ်ဦးလက်တွဲလိုက်ပြီး ရပ်လိုက်ကြသည်။

လူပုက ဟန့်တားလိုက်၏။

"နေပါဦး ဆရာကြီး .... ဆရာကြီး မှားနေပြီ .... "

ကိုက်ပန်ဂိုဏ်းချုပ်ကြီး ကိုယ်ရှိန်သတ်လိုက်၏။

"ငါ ဘာမှားတာလဲကွ .... "

"ဆရာကြီး စောစောက ပထမတစ်ကွက်ကို အော်လိုက်တာ

မှားပါဟယ် .... ဆရာကြီးတိုက်တာ နှစ်ကွက်ရှိခဲ့ပါပြီ .... ပထမ တစ်ကွက်က ဂဠုန်ခေါင်းခွဲ သိုင်းကွက်ပါ .... ဒုတိယတစ်ကွက်က ခွေးပစ်တုတ်သိုင်းပါ .... "

ကိုက်ပန်ဂိုဏ်းချုပ်ကြီးမှာ ပါးစပ်အဟောင်းသားနှင့် အံ့အား သင့်နေသည်။

ထို့နောက် အားရပါးရ ရယ်မောလေတော့၏။

"အေး .... ဟုတ်တယ်ဟေ့၊ မင်းတို့ လူပါးတွေပဲ .... ငါက မင်းတို့ရဲ့ ပတ်သက်ပြီး သိုင်းကွက်သုံးကွက်ပဲ ထုတ်သုံးမယ်လို့ ကတိ ပေးခဲ့တာကိုး .... ကဲ ကဲ .... နှစ်ကွက်ရှိပြီလို့ ငါ ဝန်ခံပါတယ်ကွာ၊ အဲဒါထက် ငါ ခုနက သုံးလိုက်တဲ့ သိုင်းကွက်က ခွေးပစ်တုတ်သိုင်း ဖြစ်မှန်း မင်းတို့ ဘယ်လိုသိတာလဲကွ .... "

"ကျွန်တော်တို့က သိုင်းလောကကို အမှောင်ရိပ်ထဲကနေ အမြဲ ကြည့်နေတာဆိုတော့ ဆရာကြီး တိုက်ခိုက်ခဲ့ဖူးတာတွေ ဘေးက မြင် ခဲ့ဖူးတာကြောင့်ပါ .... "

"အင်း .... မလွယ်ပါလား၊ ကဲ ကဲ .... ဒီတစ်ခါ တတိယမြောက် နောက်ဆုံးသိုင်းကွက်ကို တိုက်တော့မယ်၊ သတိထားကြ .... အခုထုတ် မယ့် သိုင်းကွက်က နှည်းနှည်းထူးခြားတယ် .... မင်းတို့ သိအောင်

ကြိုပြောထားရရင် သိုင်းကွက်က တစ်ကွက်တည်းဆိုပေမယ့် သိုင်းကွက် ရဲ့ နောက်ဆက်တွဲအဖြစ် အလှည့်အပြောင်း သုံးမျိုးတိတိ ရှိတယ် .... ဘယ်လိုပဲ လှည့်ပြောင်းလှည့်ပြောင်း တစ်ကွက်တည်းပဲဆိုတာ မင်းတို့ သိအောင် ကြိုပြောထားတာ .... "

"အဲဒီ သိုင်းကွက်ကို ကျွန်တော်တို့ သိပါတယ် ဆရာကြီး .... ခွက်ထိုးလက်ဖြန့် သိုင်းကွက်ပါ .... "

ကိုက်ပန်ဂိုဏ်းချုပ်ကြီး မျက်လုံးပြူးသွားလေတော့၏။

"ဟား ဟား ဟား .... မင်းတို့က ပါးရုံနပ်ရုံတင် မဟုတ်ဘူး၊ တော်လည်းတော်တဲ့ကောင်တွေပဲဟေ့ .... အင်း .... မင်းတို့ကို ငါ သဘောကျပြီကွာ .... မင်းတို့ အမှောင်လောကထဲက ထွက်ခဲ့ပါလား ကွာ .... အလင်းရောင်ထဲမှာ မင်းတို့ အစွမ်းအစတွေကို အသုံးချပါ လား၊ မင်းတို့ဘဝဟောင်းကို စွန့်လွှတ်မယ်ဆိုရင် ဂိုဏ်းဝင်အဖြစ် ခွင့် ပြုမယ်ကွာ .... ဘယ့်နယ်လဲ .... "

"အခုလို ကျွန်တော်တို့ကို ချီးမြှင့်တာ ကျေးဇူးတင်ပါတယ် ခင်ဗျာ .... ကျွန်တော်တို့ စဉ်းစားပါရစေဦး .... ကျွန်တော်တို့ရဲ့ မကောင်းတဲ့အကျင့်တွေကို စွန့်နိုင်တဲ့အခါကျရင် ဆရာကြီးဆီ ပြန်လာ ခဲ့ပါမယ် .... "

"အေး အေး .... သာဓု သာဓု၊ ကဲ .... အသင့်ပြင်တော့ .... ငါ သိုင်းကွက်ထုတ်တော့မယ် .... "

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက ခွက်ထိုးလက်ဖြန့် သိုင်းကွက်ကို ထုတ်လိုက်သည်။

ဤသိုင်းကွက်မှာ ကိုက်ပန်ဂိုဏ်း အဆင့်မြင့် မူပိုင်သိုင်းကွက် ဖြစ်သည်။ မည်သည့်ဂိုဏ်းကမျှ တုပတီထွင်မရချေ။

တောင်းရမ်းစားသောက်သူတို့၏ ဓရိုက်သဘာဝကို မှုတည်၍ တီထွင်ထားခြင်းပင်။

တောင်းရမ်းစားသောက်သူတို့မှာ ချမ်းသာကြွယ်ဝသူ လူအများကြားသို့ ရောက်လျှင် ခွက်ထိုး၍ အလှူခံလေ့ရှိ၏။

ဤတွင် ကြွယ်ဝသူများအနက် အချို့ မပေးကမ်းချင်။ တချို့ကသာ ပေးကမ်းချင်၏။

ထိုအခါ မျက်နှာကိုကြည့်၍ စိတ်အကဲခတ်ပြီး ခွက်ကို ပေးကမ်းမည့်သူ၏ လက်ထဲ ထိုးခံရသည်။

အကယ်၍ တစ်ချိန်တည်း တစ်ပြိုင်တည်း ပေးကမ်းသူနှစ်ဦးကို မြင်လျှင် လက်ကိုပါ ဖြန့်လိုက်ရပေမည်။

ထို့အပြင် ကြွယ်ဝသူများမှာ အချိန်တိုတိုလေးအတွင်း စိတ်

ပြောင်းလဲတတ်လေရာ ထိုအခါ ချက်ချင်းပင် ခွက်နှင့် လက်ကိုရုပ်၍ အခြားပေးကမ်းမည့်သူထံ ပြောင်းလဲတောင်းခံရပေမည်။

ခွက်ထိုးလက်ဖြန့် သိုင်းကွက်မှာ ကိုသဘောတွင် အခြေခံပေသည်။

ညဉ့်ငှက်ညီနောင်က အချင်းချင်း လက်တွဲ၍ [illegible]းအားချင်း ဖလှယ်ထားကြသည်။

ဤအချိန်တွင် တစ်ယောက်ကို တိုက်ခိုက်ပါက နှစ်ယောက်၏ အတွင်းအားနှင့် ရင်ဆိုင်ရပေမည်။

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက သူ၏အကြည့်ကို ညဉ့်ငှက်ညီနောင် နှစ်ဦး မျက်နှာပေါ်သို့ စူးစိုက်ထားလိုက်ပြီး အတွင်းစိတ်ကို အကဲခတ်သည်။

ရုတ်တရက် လက်သီးဆုပ်ကို ညဉ့်ငှက်လူဝ၏ နားထင်ဆီသို့ ဆန့်တန်းလိုက်ပြီး လက်ယာလက်ကိုဖြန့်လျက် ညဉ့်ငှက်လူပိန်၏ ရင်ဝဆီသို့ ထိုးသွင်းလိုက်၏။

ခွက်ထိုးလက်ဖြန့်သိုင်းကွက်၏ ပထမဝိုင်း။

ညဉ့်ငှက်လူဝက နားထင်ဆီသို့ တိုးဝင်လာသော လက်သီးဆုပ်ကို သူ့လက်ဖြင့် ဒီးကွက်ကုတ် ကုတ်လိုက်၏။

တစ်ပြိုင်တည်းမှာပင် ညဉ့်ဒုက်လူပိန်က ရင်ဝနား ဝေဝေလာသော ဖြန့်ထားသည့်လက်ဝါးကို မြွေမွေးယင်ဖမ်း သိုင်းကွက်ဖြင့် တို့ဖြန်၏။

ကိုက်ပန်ဂိုဏ်းချုပ်ကြီးမှာ ညဉ့်ဒုက်ညီနောင်၏ မျက်နှာကိုသာ ကြည့်နေသော်လည်း သူတို့၏ တိုက်ကွက်များကို သိလိုက်သည်။

ထို့ကြောင့် ဘယ်လက်သီးဆုပ်ကို အထက်အောက်နှင့် ဘေးနှစ်ဖက်သို့ တစ်ပြိုင်တည်း တုန်ခါလှုပ်ရှားလိုက်သည်။

ဖြန့်ထားသော လက်ယာဘက် လက်ဖဝါးကို ပက်လက်အနေအထားမှ မှောက်ချလိုက်ပြီး ညဉ့်ဒုက်လူပိန်၏ ချက်ဆီသို့ စိုက်ဝင်သွား၏။

ဤသည်မှာ ခွက်ထိုးလက်ဖြန့် သိုင်းကွက်၏ အလှည့်အပြောင်း အမှတ်တစ်ပင်။

ညဉ့်ဒုက်လူဝက သူ ကုတ်လိုက်သော ဇီးကွက်ကုတ် လက်ထဲမှ လွတ်ထွက်သွားပြီး နားထင်နှစ်ဖက်၊ မေးစေ့နှင့် ဦးခေါင်းဆီ ခြိမ်းခြောက်တိုးဝင်လာသော ဂျက်သီးဆုပ်ကို အမှောင်တောရှင်းသိုင်းကွက်ဖြင့် ကာကွယ်၏။

ညဉ့်ဒုက်လူပိန်က ချက်ဆီသို့ စိုက်ဝင်လာသော လက်ဖဝါးကို

လေပြည်ချိုတိုးသိုင်းကွက်ဖြင့် တားဆီး၏။

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက သူ့သိုင်းကွက်၏ အလှည့်အပြောင်း အမှတ်နှစ်ကို ထုတ်လိုက်သည်။

ဘယ်ဘက်လက်သီးဆုပ်က လက်ဖဝါးဖြစ်သွားကြီး လက်ယာလက်ဖဝါးက လက်သီးဖြစ်ကာ လက်ဖဝါးဖြစ်သော ဘယ်ဘက်က ညဉ့်ဒုက်လူဝ၏ ချက်ဆီသို့ စိုက်ဆင်း၍ လက်သီးဖြစ်သွားသော လက်ယာဘက်က ညဉ့်ဒုက်လူပိန်၏ နားထင်ဆီသို့ မြောက်တက်သွားသည်။

ဤအကွက်မှာ လုံးဝ မမျှော်လင့်သော အလှည့်အပြောင်းဖြစ်သည်။

ထိုပြင် အလွန်လျင်မြန်လှ၏။

ညဉ့်ဒုက်ညီနောင်မှာ ပြောင်းသွားသော သိုင်းကွက်ကို ချက်ချင်း ပြောင်းလဲခုခံရန် ကြိုးစားသောကြောင့် သူတို့နှစ်ဦး ဖလှယ်ထားသော အတွင်းအားများ ကသောင်းကနင်း ဖြစ်ပြီး မခုခံနိုင်တော့ချေ။

နားထင်ကို ထိသွားသော လူဝမှာ ဘေးသို့ လွှင့်စဉ်လဲကျ၍ ချက်ကို ဆုပ်ကိုင်ခံရသော လူပိန်မှာ ပျော့ခွေသွားသည်။

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက ချက်ချင်းပင် ဦးနှောက်နှင့်အာရုံကြောကို ထိန်းချုပ်သော လှို့ဝှက်ဆေးတစ်မျိုးကို ကျွေးလိုက်လေ

၏။

ညဉ့်ငှက်ညီနောင်နှစ်ဦးမှာ သတိရလာပြီး ပြန်လည်မတ်တပ်ရပ်လာကြသည်။

သို့သော် သူတို့သည် သိုင်းပညာမဲ့ပြီး သာမန်လူများလို ဖြစ်နေသည့်ပြင် စကား လုံးဝမပြောနိုင်တော့ဘဲ ဆွံ့အ နေလေပြီ။

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက ....

"ကဲ .... မင်းတို့ သွားကြတော့၊ တစ်လတိတိ ပြည့်တဲ့အချိန်မှာ မင်းတို့ စကားပြန်ပြောနိုင်မယ် .... သိုင်းပညာလည်း နဂိုပကတိအတိုင်း ပြန်ရမယ် .... "

ညဉ့်ငှက်ညီနောင်မှာ ကိုက်ပန်ဂိုဏ်းချုပ်ကြီးကို ဦးညွှတ်အရိုအသေပြုပြီး ထွက်ပေါက်ရှိရာ အမှောင်ထဲသို့ တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

မြေအောက်ခန်းထဲ၌ ချုယိဖုန်းနှင့် ချုချင်းချင်းတို့ မရှိကြတော့။

နောက်တစ်နေ့ ထိုက် ဂိုဏ်းကိစ္စအတွက် ကြိုတင်ဆောင်ရွက်ရန် ကိစ္စများ ပြုလုပ်ရန် သွားကြလေပြီ။

ကညင်ဆီမီးတိုင်ကြီးများ၏ အလင်းရောင်အောက်တွင် ကော့

ဖေးဟုန်၊ ဆရာကြီး တာအိုတန်နှင့် ကိုက်ပန်ဂိုဏ်းချုပ်ကြီး ရှိနေသည်။

ကော့ဖေးဟုန်ကို သိုင်းပညာများ ပေးရန် ပြင်ဆင်နေကြခြင်း ဖြစ်သည်။

ယွင်စည်ကျဲနှင့် ထန်စွမ်ချင်းတို့မှာမူ သိုင်းပညာ လေ့ကျင့်နေကြသော ဆရာကြီးနှစ်ဦးနှင့် ကော့ဖေးဟုန်ကို သောက်ရေး၊ အစားအစာ၊ အရက်၊ အားဆေးနှင့် အခြားလိုအပ်သော ဆေးဝါးများကို ပေးကမ်းပြုစုရန် မလှမ်းမကမ်း၌ စောင့်နေရလေသည်။

"ကော့ဖေးဟုန် .... မင်းကို အခုပေးမယ့် သိုင်းပညာက ဆရာတို့ မျိုးရိုးစဉ်ဆက် အမွေခံပြီး စောင့်ရှောက်ထိန်းသိမ်းလာတဲ့ မျိုးရိုးဝိုင် သိုင်းပညာပဲ .... သိုင်းလောကထဲမှာ ဆရာတို့ သိုင်းပညာရဲ့ အမည်ကို သိတဲ့လူ မရှိဘူး .... အခု မင်းကို ထုတ်ဖော်ပြောတော့မယ် .... ဆရာတို့ မျိုးရိုးဝိုင် သိုင်းပညာရဲ့ အမည်ဟာ 'အတုမဲ့အလင်း' သိုင်းပညာပဲ .... "

ကော့ဖေးဟုန်က ဆရာကြီး တာအိုဟန် ရှေ့တွင် ဒူးထောက်နားထောင်နေသည်။

"အတုမဲ့ အလင်းသိုင်းရဲ့ အခြေခံဟာ နေရောင်ခြည်ပဲ .... နေရောင်ခြည်ဟာ ခရီးအနန္တ ဝေးကွာတဲ့ သူရိယနေမင်းဆီကနေ ငါတို့

မြေကမ္ဘာကို တစ်မှုတ်ချင်း အပျောက်လာနိုင်အောင် လျင်မြန်တဲ့ အင်အားရှိတယ် .... အတုမဲ့ အလင်းသိုင်းဟာလည်း ဒီလိုပဲ လျင်မြန်တဲ့ အစွမ်းရှိတယ် .... "

ကညင်ဆီမီးတိုင်၏ လှုပ်ရှားနေသော အလင်းရောင်မှာ ကော့ဖေးဟုန်၏ မျက်နှာပေါ်သို့ တစ်ခြမ်းမှောင် တစ်ခြမ်းလင်း ထိုးကျနေသည်။

တဖျပ်ဖျပ် တောက်ပနေသော ကော့ဖေးဟုန်၏ မျက်လုံးအစုံတွင် တက်ကြွမှု၊ စိတ်ပါဝင်စားမှု၊ စိတ်အားထက်သန်မှုမျာ ပြည့်လျှမ်းနေသည်။

ဆရာကြီး တာအိုတန်၏ တည်ကြည်သောအသံက ဖြည်းဖြည်းချင်း ထွက်ပေါ်နေသည်။

"ပြီးတော့ .... နေရောင်ခြည်ဟာ သာမန်မျက်စိနဲ့ ကြည့်ရင် အဖြူရောင်သာ ဖြစ်ပေမယ့် အမှန်က အနီ အဝါ အပြာ အစိမ်း ဆိုတဲ့ အရောင်ခုနစ်မျိုး ပေါင်းစပ်ပါဝင်နေတယ် .... အတုမဲ့ အလင်းသိုင်းကိုလည်း သာမန် တွေ့မြင်သူတို့အဖို့ သိုင်းပညာတစ်မျိုးတည်း ထင်ရပေမယ့် အမှန်က မတူတဲ့ သိုင်းပညာရပ်ကြီးပေါင်း ခုနစ်မျိုးတိတိ ပေါင်းစပ်ထားတာပဲကွယ့် .... "

ကော့ဖေးဟုန်က ဆရာကြီးတာအိုတန် ပြောသမျှ စကားများကို သည်းနှောက်ထဲ၌ မမေ့မပျောက် စွဲမှတ်နေစေရန် အာရုံသွင်း၍ နားထောင်နေသည်။

"သူရီယနေမင်းဟာ ထွက်ပြူစမှာ အင်မတန် အံ့သြဆန်းကြယ်ပြီး တစတစ ပူပြင်းလာတယ် .... နေမွန်းတည့်ချိန်မှာ လူသားတွေ အားလုံးကို လွှမ်းမိုးအရိုင်ယူတော့မယ် .... ဒီက တစ်ဆင့် လွှန်ပြီး ကျနေဖြစ်သွားတဲ့အခါ အင်မတန် ပူပြင်းစွာနဲ့ နေခြည်တွေ လွှက်တယ်"

"အတုမဲ့ အလင်းသိုင်းဟာလည်း ထူးခြားဆန်းကြယ်တဲ့ သိုင်းပညာခုနစ်မျိုးရဲ့ အံ့ဖွယ်အကွက်တွေကို သိုင်းကွက် အစဉ်းမှာ ထုတ်သုံးရတာမို့ တော်ရုံ သိုင်းပညာရှင်တွေဟာ တိုက်ခိုက်မှု အစမှာပဲ ရှုံးနိမ့်သွားကြတယ် .... "

"နေမွန်းတည့်ချိန်နဲ့တူတဲ့ အတုမဲ့ အလင်းသိုင်းရဲ့ အတွင်းအားပိုင်းဆိုင်ရာတွေ ထုတ်သုံးလာပြီဆိုရင်တော့ တစ်ယောက်တည်းနဲ့ လူများစွာကို တိုက်ခိုက်အောင်နိုင်တော့တာပဲ .... အတုမဲ့အလင်းသိုင်းရဲ့ နက်ရှိုင်းတဲ့စွမ်းအားဟာ သိုင်းကွက်ရဲ့ အဆုံးပိုင်းမှာ ရှိတယ် .... အဆင့်မြင့် သိုင်းပညာရှင်များနဲ့ ယှဉ်ပြိုင်တဲ့အခါ ကျနေနဲ့ တူတဲ့ ဒီအပိုင်းက အောင်လံစိုက်နိုင်လိမ့်မယ် .... "

သိုင်းပညာ၏ ခက်ခဲနက်ရှိုင်းသော လျှို့ဝှက်ချက်များကို ကောဖေးဟုန် စိတ်ပါဝင်စားစွာ နားထောင်နေမိသည်။

"ဒါပေမယ့် .... ငါတပည့် တစ်ခု သိထားရမှာက အတုမဲ့အလင်း သိုင်းပညာက ဘယ်လောက်ပဲ ကောင်းနေ ကောင်းနေ တခြားသိုင်းပညာနဲ့ ပညာရှင်များကို အထင်မသေးရဘူး .... မလေးမစား မလုပ်ရဘူး .... "

"လောကမှာ ဘယ်တောင်ကိုမှ အမြင့်ဆုံးလို့ မထင်နဲ့ .... ဒီတောင်ထက် ပိုမြင့်တဲ့ နောက်တစ်တောင် ရှိနေသေးတာပဲ၊ ပင်လယ်ကိုလည်း ကိုယ်တွေ့မှုးတဲ့ ပင်လယ် အကျယ်ဆုံးမထင်နဲ့ .... ဒီထက်ကျယ်တဲ့ ပင်လယ်ရှိသေးတယ် .... အေး .... ချိုင့်ဝှမ်းတွေဟာလည်း တစ်ခုထက်တစ်ခု ပိုနက်ကြတယ် .... "

ဆရာကြီးဟာအိုတန်၏ ဆုံးမစကားများကို အသည်းထဲမှာ စွဲ၍ မှတ်ထားလိုက်သည်။

ထို့ပြင် ....

"ကဲ .... အခု အတုမဲ့အလင်းသိုင်းရဲ့ အခြေခံ အဦးအစကနေ သိုင်းကွက်ရဲ့ အထွတ်အထိပ်အထိ ဆရာကြီး ပြပေးသွားမယ် .... ငါတပည့် ကြည့်ပြီး မှတ်ပေတော့ .... သိုင်းကွက်တွေနဲ့ အတွင်းအား

ပညာ၊ ကိုယ်ဖော့ပညာ တွဲသုံးပုံကို မှတ်မိရှင်းလင်းဖို့ ငါတပည့် သင်ကြားအောင်မြင်ခဲ့တဲ့ မဟာဘူတ သိုင်းပညာကျမ်းရဲ့ ဥပဒေသတွေကို နှလုံးသွင်းပြီး ကြည့်ပေတော့ .... "

ဆရာကြီး တာအိုတန်က သူ့ကျောတွင် လွယ်ထားသော ငွေရောင်ဓားကို ထုတ်လိုက်သည်။

ဆရာကြီး တာအိုတန်၏ လက်အတွင်းမှ ငွေရောင်ဓားသွားသည် နေရောင်ခြည်တန်းများပမာ ဖြာထွက်လာ၏။

ကညင်ဆီမီးရောင်အောက်တွင် .... နေတစ်စင်း ပြူထွက်လာသလို ထင်မှတ်ရသည်။ ဆရာကြီး တာအိုတန် လှုပ်ရှားလိုက်သော အခါ ....

ဓားသွားကို မမြင်ရတော့ဘဲ ဓားရိပ်များသာ ပြန့်ကျယ်လွှမ်းနေ၏။

တစတစနှင့် အတုမဲ့အလင်းသိုင်း၏ အလယ်ပိုင်း ရောက်လာသည်။

သိုင်းကွက်များဖြင့် အတွင်းအား၊ ကိုယ်ဖော့ပညာကို အနှစ်တ် အကွက်ကျကျ တွဲသုံးထားသည်။

လေထုကို ထိုးခွဲနေသော ဓားသွား၏တုန်ခါသံမှာ လှိုင်းဂယက်

ထနေတော့သည်။

မနားတမ်း လှုပ်ရှားရွေ့ပြောင်းနေသော ဓားသွားတွင် ရိုက်ခတ်နေသည့် မီးအလင်းရောင်မှာ ပြိုးပြိုးပြက်ပြက်လက်နေ၏။

သိုင်းကွက်ကို မြင်ရသည်မှာ မွန်းတည့်နေတစ်စင်းကို ကြည့်မြင်ရသလိုပင်။

သိုင်းကွက်များ လှုပ်တစ်ပြက် ပြောင်းလဲသွားသည်။

နေးကွေးသွားသယောင် ထင်ရသော်လည်း နှုတ်ချက်တိုင်းတွင် ပြင်းထန်သော အတွင်းအားများ သက်ရောက်နေသည်။

ဓားကွက်တိုင်း အတွင်းအားကိုတွဲ၍သုံးထား၏။

ငွေရောင်ဓားသွားမှာ လေထုကို ထိုးခွဲ ပွတ်တိုက်ရဖန် များသောကြောင့် အဖြူရောင်မှ နီကြင်ကြင်အရောင်သို့ပင် ပြောင်းလဲလာခဲ့သည်။

ကိုယ်ဖော့ပညာ လုံးဝမသုံးဘဲ အတွင်းအားကိုသုံးပြီး တစ်ကွက်ချင်း လှုပ်ရှားနေရသောကြောင့် ဆရာကြီး တာအိုတန်၏ မျက်နှာတွင် ချွေးသီးချွေးပေါက်များ ယိုဆင်းလာသည်။

အတုမဲ့ အလင်းသိုင်း၏ နိဂုံးပိုင်း သိုင်းကွက်များသည် ကြောက်မက်ဖွယ် အံ့သြဖွယ် ပြီးဆုံးသွားချေပြီ။ ဆရာကြီး တာအိုဘန်က တင်

ပျဉ်ခွေ ထိုင်ချလိုက်သည်။

ထန်စွမ်ချင်းက အရက်နှင့် အားဆေးမြစ်များ စိမ်ထားသော အတွင်းအားပြည့်ဆေးကို စဉ်ဆိုးကြီးဖြင့် တည့်ယူလာပြီး ဆရာကြီး တာအိုတန်ကို ရိုသေစွာ ကမ်းပေးသည်။

အတွင်းအားထုတ်၍ သိုင်းကွက်များ ကစားပြရသောကြောင့် ပင်ပန်းနေသော ဆရာကြီးတာအိုတန်က အတွင်းအားပြည့်ဆေးကို တစ်ကျိုက်ပြီးတစ်ကျိုက် မော့သောက်သည်။

ကော့ဖေးဟုန်မှာ ဤအရာများကို မမြင်တော့။

သူ .... ကြည့်နေသော်လည်း ဆရာကြီး တာအိုတန်ကိုလည်း ကောင်း၊ ယွင်စည်ကျဲနှင့် ထန်စွမ်ချင်းကိုသော်လည်းကောင်း မတွေ့ချေ။

သူအာရုံထဲတွင် မကြာခင်က ဆရာကြီး တာအိုတန် ပြသွားသော အတုမဲ့ အလင်းသိုင်း၏ ခရာခဲဆစ် သိုင်းကွက်များကို ဆန်းစစ်ခွဲခြမ်းစိတ်ဖြာနေသည်။

ဤသည်ကို ကော့ဖေးဟုန် မော်ကျောမှ အကဲခတ်နေသော ကိုက်ပန်ဂိုဏ်းချုပ်ကြီးက ရိပ်မိပြီး ဆရာကြီးတာအိုတန်ကို လှမ်း၍ အချက်ပြလိုက်သည်။

ဆရာကြီး တာအိုတန်က ယွင်စည်ကျဲနှင့် ထန်စွမ်ချင်းကို ငြိမ်ငြိမ်သက်သက် နေရန်နှင့် ကော့ဖေးဟုန် အတွေး အနှောင့်အယှက် မဖြစ်စေရန် လက်ပြပြီး အနီးမှ နှင်လိုက်လေသည်။

ထန်စွမ်ချင်းက ခြေသံလုံလုံနှင့် အခန်းထောင့်သို့ သွားထိုင်နေသည်။ စိတ်ကောက်နေဆဲဖြစ်သော ယွင်စည်ကျဲကမူ ကော့ဖေးဟုန်ကို မကျေနပ်ဘဲ မသိမသာ ခြေကို ဆောင့်ပြီး အခန်းထောင့်သို့ သွားထိုင်သည်။

အတန်ကြာသွား၏။

ကော့ဖေးဟုန် မလှုပ်သေး။

သူအာရုံထဲတွင် အတုမဲ့ အလင်းသိုင်းပညာကို လေ့ကျင့်နေဆဲ။ သူဦးနှောက်ထဲ၌ သိုင်းပညာကို ဆန်းစစ်နေဆဲပင်။

နှောက်ထပ် အချိန်များ ကုန်သွားပြန်သည်။

ကော့ဖေးဟုန်သည် နေရာမှ မရွေ့။

အတုမဲ့ အလင်းသိုင်း၏ အခက်အခဲဆုံးသော သိုင်းကွက်များကို မဟာဘူတ သိုင်းပညာကျမ်း၏ ဥပဒေသများဖြင့် ခွဲစိတ်လေ့လာနေရာ တစတစ သူအာရုံထဲ၌ ရှင်းလင်းကွဲပြားလာလေတော့သည်။

နှက်ရှိုင်းသော လျှို့ဝှက်ချက်များကို သိလာသည်။

ဖုံးကွယ်နေသော စွမ်းအားများကို မြင်လာသည်။

မကြာမီတွင် ....

ကော့ဖေးဟုန်သည် ဝမ်းသာလိုက်မောသော အသံကြီးနှင့် .... အော်လျက် ခုန်ထလိုက်လေသည်။

"ရပြီ ရပြီ .... ကျွန်တော် အတုမဲ့အလင်းသိုင်းကို ရပြီ ဆရာကြီး .... "

ဆရာကြီး တာအိုတန်နှင့် ကိုက်ပန်ဂိုဏ်းချုပ်ကြီးတို့လည်း ယခုမှ ရယ်မောနိုင်ကြတော့သည်။

ထန်စွမ်ချင်းနှင့် ယွင်စည်ကျဲမှာလည်း သက်ပြင်းချလိုက်ကြပြီး ရင်ထဲ၌ ဝမ်းသာသွားကြလေသည်။ ယွင်စည်ကျဲသည် သူမ၏ စိတ်ကောက်မှုများကို မေ့သွား၏။

ဆရာကြီး တာအိုတန်က ....

"ကဲ .... တစ်ဝက်တော့ အောင်မြင်သွားပြီ .... မင်း ခေါင်းထဲမှာ ရပြီဖြစ်တဲ့ အသိပညာတွေကို လက်တွေ့နဲ့ ပေါင်းစပ်ဖို့ပဲ လိုတော့တယ် .... မင်း သိရှိပြီးဖြစ်တဲ့ အတုမဲ့ အလင်းသိုင်းကို လက်တွေ့ဘယ်လိုအသုံးချရမလဲဆိုတာ အခုကစပြီး လေ့ကျင့်ရမယ် .... ဒီအဝိုင်းဟာ အခက်ခဲဆုံးပဲ .... ဒါကို အောင်မြင်ရင်တော့ ငါတပည့်ကြီး ထိပ်

တန်းသိုင်းပညာရှင် ဖြစ်ပြီ .... "

ကော့ဖေးဟုန်က ခြေခုံရပ်ပြီး ဆရာကြီးတာအိုတန်အား လက်နှစ်ဖက်ဆုပ် ဦးညွှတ်ဂါရဝပြုလိုက်လေတော့၏။

အခန်း (၁၉)

အတုမဲ့ အလင်းတမန်တော်

မြေအောက်ခန်းထဲတွင် ဂန္ဓီရတုံကူးသလို သိုင်းပညာအဆင့်မြင့်တက်လာစေရန် တန်းတက်ပေးနေခြင်း ဖြစ်တော့သည်။

ဆရာကြီး တာအိုတန်က အမိန့်ပေးလိုက်၏။

"နေဦး တပည့် .... မင်းကိုယ်ပေါ်က အဝတ်အစားတွေ ချွတ်လိုက်ဦး .... "

ကော့ဖေးဟုန်က သူ့ကိုယ်ပေါ်မှ ဝတ်ရုံအင်္ကျီအဖြူကြီးကို ချွတ်ချလိုက်သည်။ သူ့ဆရာ ခိုင်းလျှင် သူ ဘာမဆို လုပ်မည်။

ကော့ဖေးဟုန်မှာ မိန်းမလှာတစ်ယောက် မဟုတ်ပါ .... ။

ယောကျ်ားတစ်ယောက်တွင် ရှိသင့်ရှိထိုက်သော ကိုယ်ခန္ဓာ

မှဲ့စည်းမှုရှိသည်။

ကော့ဖေးဟုန်၏ အကျိုးမဲ့သော ခန္ဓာကိုယ်ကို မြင်ရသည့် ထန်စွမ်ချင်းမှာ ရုက်သွေးဖြန်းသွားပြီး မျက်နှာငုံ့သွားသည်။

ယွင်စည်ကျဲလည်း မျက်နှာလွဲနေလိုက်ရလေတော့သည်။

"ကဲ .... စပေတော့ .... "

ဆရာကြီး တာအိုတန်က ဌေရောင်စားကို ပစ်ပေးလိုက်လေသည်။

ဆရာကြီး အချက်ပေးလိုက်လျှင် ကော့ဖေးဟုန်က အတုမဲ့အလင်းသိုင်း၏ ပထမဝိုင်း သိုင်းကွက်များကို တစ်ကွက်ချင်း လှုပ်ရှားကစားပြ၏။

သူ မည်မျှသဘောပေါက်ကြောင်း ပြန်စစ်ဆေးခြင်းသာ ဖြစ်သည်။

စားချက်မှာလည်း အဟုန်ပြင်းလာသည်။

ကော့ဖေးဟုန်သည် .... အားသွန်ခွန်စိုက် သိုင်းကွက်များကို ကစားနေသည်။

အချိန်ကြာလာသည်နှင့်အမျှ ကော့ဖေးဟုန် ကိုယ်ထဲရှိ စွမ်းအားများ ကုန်ခန်းလာသည်။

အသက်ရှူသံများ ပြင်းလာသည်။

ချွေးသီးချွေးပေါက်များ ယိုစီးလာသည်။

အလွန်မောပန်းနေပြီဖြစ်သည်။

သူလက်ထဲမှ ဌေရောင်စားမှာ ဝိဿာခြိန်များစွာ စီးသောသံတုံးကြီးကို မ,ပြီး လှုပ်ရှားနေသယောင် ထင်မှတ်လာရသည်။

ဆရာကြီး တာအိုတန်၏အသံ ပေါ်လာသည်။

"နားလိုက်ဦး .... "

ကော့ဖေးဟုန်က လှုပ်ရှားမှုများ ရပ်လိုက်ပြီး တင်းထားသော စိတ်ကို လျှော့ချလိုက်သည်နှင့် ခန္ဓာကိုယ်တစ်ခုလုံး ပျော့ခွေကျသွားတော့သည်။

တာအိုတန်က လှမ်းခေါ်လိုက်၏။

"ယွင်စည်ကျဲ နဲ့ ထန်စွမ်ချင်း .... "

ယွင်စည်ကျဲနှင့် ထန်စွမ်ချင်းတို့ ကော့ဖေးဟုန်ထံ အပြေးအလွှား ရောက်ရှိလာကြသည်။

ထန်စွမ်ချင်းက ကော့ဖေးဟုန်၏ ဦးခေါင်းကို သူမ၏ ရှူးပေါ်သို့ မှေ့တင်ပြီး အလွန်ရှားပါးသော ဆေးမြစ်များဖြင့် ဖော်စပ်ချက်လုပ်ထားသော အရက်ချိုကို ပန်းကန်လုံးထဲသို့ ထည့်၍ ကော့ဖေးဟုန်ကို

တိုက်သည်။

ယွင်စည်ကျဲမှာလည်း အလုပ်များနေသည်။

ကျောက်စိမ်းကို အမှုန့်ထောင်း၍ ကျားသစ်သွေးဖြင့် ရောစပ်ကာ အခြားဆေးဝါးများဖြင့် စပ်တားသည့် အတွင်းအားဖြည့်ဆေးကို ဆီနှင့်စပ်၍ ဂေ ၊ ဟုန်၏ ခန္ဓာကိုယ်ပေါ်တွင် နေရာမလပ်အောင် သုတ်လိမ်းပေးနေရသည်။

အကြောစိုင်များကိုလည်း နှိပ်နယ်ပေးနေရသည်။

ထိုအခါ မောပန်းနွမ်းနယ်မှုများ တဖြည်းဖြည်း ပျောက်လာသည်။

အားခွန်ဗလများ တိုးပွားလာသည်။

ကေဖေးဟုန်မှာ ....

"ကျေးဇူးပါပဲ ညီမတို့ရယ် .... မင်းတို့ ပြုစုပေးတာကြောင့် အစ်ကို အမောပြေပါပြီ .... "

ကေဖေးဟုန်က တီးတိုးပြောလိုက်၏။

ထန်စွမ်ချင်းက ခေါင်းငုံ့သွားသည်။

ယွင်စည်ကျဲက နှုတ်ခမ်းစူ၍ မျက်စောင်းတစ်ချက် ထိုးပြီး မည်သူမျှ မမြင်အောင် ကေဖေးဟုန်၏ အသားစိုင်ကို လက်သည်းဖြင့်

ဆိတ်လိုက်လေသည်။

ကေဖေးဟုန်မှာ ဆရာကြီး တာအိုတန် ဒုံပိမိသွားမည်စိုးသောကြောင့် မျက်နှာထားကို မပြောင်းရဲပေ။

ကေဖေးဟုန် မျက်နှာတင်းပြီး ဟန်ဆောင်နေသည်ကို သိသော ယွင်စည်ကျဲမှာ မအောင့်နိုင်တော့တဲ့ ခစ်ခစ် ပြုံးလိုက်မိတော့၏။

ကေဖေးဟုန် လုံးနေရာမှ ထလိုက်ရသည်။

ထန်စွမ်ချင်းနှင့် ယွင်စည်ကျဲတို့လည်း မူလ အခန်းထောင့်ကို ပြန်နေလိုက်ကြရသည်။

ဆရာကြီး တာအိုတန်က ကေဖေးဟုန် အနီးသို့ ကပ်လာပြီး အရေးကြီးသည့် အချက်များကို မှာကြားသည်။

"ပထမဝိုင်း သိုင်းကွက်တွေကို တော့ ငါတပည့် မြင်သွားပါပြီ၊ အခု ဒုတိယဝိုင်း စမယ် .... အတွင်းအားနဲ့ ကိုယ်ဖော့ပညာကို သိုင်းကွက်တွေနဲ့ စည်းချက်ပါးချက်ညီညီ ပေါင်းစပ်နိုင်ဖို့ သတိထားပါ"

"ဟုတ်ကဲ့ပါ ဆရာကြီး .... "

"ကဲ .... စ,ပေတော့ .... "

ကေဖေးဟုန် ငွေရောင်ဓါးမြှောက်လိုက်သည်။

ယွင်စည်ကျဲနှင့် ထန်စွမ်ချင်းတို့သည် စိုးရိမ်တကြီး စောင့်ကြည့်နေကြလေ၏။

မကြာမီကပင် ကော့ဖေးဟုန် ခန္ဓာကိုယ်အား ပွတ်သပ်နှိပ်နယ်ပေးခဲ့ရသည့် သူလက်ဖျားများကို ငေးစိုက်ကြည့်နေမိသည်။

ပူနွေးသော အငွေ့အသက်များက ယခုတိုင် လက်ဖျားတွင် စွဲထင်နေဆဲ။

ထန်စွမ်ချင်းလည်း စိတ်လှုပ်ရှားနေသည်။

ပေါင်ပေါ်တွင် မွေ့တင်ခဲ့သော ကော့ဖေးဟုန်၏ မျက်နှာကို ပြန်လည်မြင်ယောင်မိသည်။

ချောမော၍ ယောကျ်ားဝီသသော မျက်နှာ၊ ညို့ဓာတ်ပါသော အပြိုး၊ အရောင်လက်သော အကြည့်။

ထန်စွမ်ချင်း၏ နားထဲတွင် လေကို ထိုးခွဲ၍ ပြေးလွှားလှုပ်ရှားနေသော ဓားသံများကို ကြားနေရသည်။

ကော့ဖေးဟုန်၏ အသက်ရှူသံပြင်းပြင်းကိုလည်း နားထောင်နေမိသည်။

အတွင်းအားထုတ်သံ၊ မာန်တင်းသံ၊ ခြေရွှေ့သံ၊ ခုန်ပျံလှုပ်ရှားသံ၊ ဓားဝှေ့သံ၊ ခုတ်သံ၊ လေတိုးသံများ။

"နားလိုက်ဦး ငါတပည့် ...."

ဆရာကြီး တာအိုတန်၏ အမိန့်။

ကော့ဖေးဟုန် တစ်ခါနားရပြန်ပါပြီ။

အတုမဲ့ အလင်းသိုင်း ဒုတိယဝိုင်း သိုင်းကွက်များ ပြီးဆုံးသွားလေ၏။

ထန်စွမ်ချင်းနှင့် ယွင်စည်ကျဲတို့ ကော့ဖေးဟုန်ထံ ပြေးသွားကြပြန်သည်။

အားဆေးများ တိုက်ကျွေးသည်။ လိမ်းဆေးများ လိမ်းပေးသည်။

ဤသည်မှာ သူတို့တာဝန်ပင်။ ဆရာကြီး တာအိုတန်က ဤတာဝန်ကို သူတို့နှစ်ဦးအား ပေးထားခဲ့သည်။

ထန်စွမ်ချင်းက သူမရင်ထဲတွင် စည်းထားသော ပိုးပဝါကို ဖြုတ်၍ ကော့ဖေးဟုန် နဖူးပေါ်မှ ချွေးများကို သုတ်ပေးသည်။

ယွင်စည်ကျဲက မမြင်ဟန်ပြုသည်။

ကော့ဖေးဟုန် ထန်စွမ်ချင်းကို ပြုံးပြသည်။

ထန်စွမ်ချင်းလည်း အပြုံးဖြင့် တုံ့ပြန်သည်။

အတုမဲ့ အလင်းသိုင်း၏ နိဂုံးဝိုင်း သိုင်းကွက်များ စ,ရန်အချိန်

ရောက်ပြန်ပေပြီ။

ထန်စွမ်ချင်းက အားပေးသော အပြုံးကို ပြုံးပြလိုက်သည်။

ကော့ဖေးဟုန် ရင်ထဲတွင် ခွန်အားများ နှစ်ဆတိုးလာသည်။

ငွေရောင်စားကို ပင့်၍ လေထုကို ခွဲလိုက်သည်။

လေတိုးသံ တရှိုးရှိုး မြည်သွားသည်။

ခြေကို မြေပြင်မှာ ဖိ၍ ရွေ့သည်။

သူလုပ်ရှားမှုက အခန်းတွင်း၌ လှိုင်းထနေသည်။

ဆရာကြီး တာအိတန်၏အသံ ထွက်ပေါ်လာသည်။

"ရပ်တော့ .... မင်း အောင်မြင်ပြီ .... "

ထန်စွမ်ချင်းမှာ ရင်ထဲတွင် လှိုက်တက်လာသော ဝမ်းသာမှုကို မထိန်းချုပ်နိုင်တော့ပေ။

လေထဲသို့ ခုန်တက်ပြီး လက်တွင်း၌ ကိုင်ထားသော ပဝါလေးကို ကော့ဖေးဟုန်ထံ ပစ်ပေါက်လိုက်သည်။

ပိုးပဝါမှာ တိမ်ဖြူလေးကဲ့သို့ ကော့ဖေးဟုန်ထံသို့ လွင့်ပျံသွားသည်။

ကော့ဖေးဟုန်မှာ သူဇရာ၏ ပြောသံကိုကြားပြီးဖြစ်၏။ သူ အောင်မြင်ပြီကို သိလိုက်၏။ သို့သော် ....

ငွေရောင်စားမှာ ငွေခြည်တန်းများပမာ ဖြာလက်နေဆဲ။

လွင့်ပျံသွားသော ပိုးပဝါစမှာ လှုပ်ရှားနေသော ငွေရောင်စားသွားရိပ်နှင့် ထိုးစိုက်မိပြီး အဝိုင်းဝိုင်း ပြတ်တောက်၍ ကော့ဖေးဟုန်ကိုယ်ပေါ် သို့ မိုးရွာသွန်းချလိုက်သလို ပဝါစများ လွမ်းခြိုသွားလေတော့သည်။

ကော့ဖေးဟုန်၏ သိုင်းကွက်များလည်း ပြီးဆုံးသွားချေပြီ။

"အောင်မြင်သွားပြီ .... "

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက ကြည်နူးစွာ အော်ဟစ်လိုက်သည်။

ထန်စွမ်ချင်းနှင့် ယွင်စည်ကျဲတို့ကလည်း ....

"ဒါမှ အစ်ကို ကော့ဖေးဟုန်က .... "

အော်ဟစ်လိုက်သံများ အခန်းတွင်း၌ ပဲ့တင်ထပ်သွားသည်။

ကော့ဖေးဟုန် ပြုံးနေသည်။

ဆရာကြီး တာအိုတန်ကလည်း ပြုံးနေသည်။

သူတို့ အားလုံး ဖြစ်စေချင်သည့်အတိုင်း ဖြစ်မြောက်ခဲ့လေသည်။

မြေအောက်ခန်းထဲမှ သူတို့ ထွက်လာကြသောအခါ အရှေ့အရပ်တွင် ရောင်နီပျို့လျှံနေသည်။

သြကာသ လောကကြီးသည် နေ့သစ်ရက်ကို မဂုံလာအပေါင်း ခရေခေါင်းစွာဖြင့် မွေးဖွားခဲ့ပေသည်။

ထိုသူမှာကား လုလင်ငယ် ကော့ဖေးဟုန်တည်း။

အခန်း (၂၀)

အစီအစဉ်အရ လုပ်ဆောင်ခြင်း

ဟုန်ကျက်ကန် ပူဇော်ပွဲသည် လူများ လေ့များဖြင့် ကြိတ်ကြိတ်တိုး စည်ကားနေသည်။

သိုင်းပြိုင်ပွဲ စသည်မှာလည်း အတန်ကြာခဲ့ပြီ။

တစ်ယောက်ပြီးတစ်ယောက် သေဆုံးနေသော ကော်ဇောစိမ်းပေါ်မှ သိုင်းသမားများကို ပရိသတ်က အော်ဟစ်အားပေးနေသည်။ ကော်ဇောစိမ်းပေါ်မှ သိုင်းသမားများသည် .... အားနည်းသူများဖြစ်ကြောင်း ပရိသတ်က သိနေကြ၏။

"ချပစ်လိုက်ကွ .... ခုတ်လိုက်ပါတော့လား။ သေမထူး နေမထူး ဟေ့ .... သွေးရဲတာ တို့ ကြိုက်တယ် .... "

မည်မျှပင် အော်ဟစ်အားပေးနေသော်လည်း ကော်ဇောစိမ်းပေါ်မှ သိုင်းသမားများမှာ အခြေအနေ မကောင်းချေ။

သွေးရေကျသူ များနေချေပြီ။

ထိုအချိန်တွင် ချူချွင်းချင်းက ကော်ဇောစိမ်းပေါ်မှ လှမ်းဆင်းလိုက်သည်။

အဘိုးကြီး ရှန်က ချူချွင်းချင်းနှင့် တိုက်ခိုက်ရမည့် ထိုက်ဟုဂိုဏ်းသား၏ အမည်ကို ကြေညာသည်။

ပရိသတ်မှာ လှော်တက်များကို ရိုက်ခတ်လျက် ချူချွင်းချင်းကို အားပေးကြသည်။

"မိန်းကလေးပေမယ့် အထင်မသေးနဲ့ဟော့ .... ကျားသစ်မလေး ချူချွင်းချင်းကွ .... "

ပွဲစပေပြီ။

ချူချွင်းချင်းက သူမလက်တွင်းမှ ဓားကို ရှေ့သို့ ဆန့်တန်းလျက် ငြိမ်သက်စွာ ရပ်နေသည်။

ထိုက်ဟုဂိုဏ်းသားက မိန်းမသားဖြစ်သော ချူချွင်းချင်းကို အထင်သေးဟန် တူသည်။

သူလက်တွင်းမှ ဓားမောက်ကိုမြှောက်ပြီး ခြောက်လိုက်သည်။

ချူချွင်းချင်းက မလှုပ်။

ဓားကို ဖြောင့်တန်းစွာ ဆန့်လျက် ကျောက်ဆစ်ရုပ်ကလေးပမာ ရပ်မြဲ ရပ်နေသည်။

ထိုက်ဟုဂိုဏ်းသားက ချူချွင်းချင်း၏ လက်ဝဲဘက်သို့ ရွေ့သည်။

ချူချွင်းချင်းက ကြည့်ပင် မကြည့်။

"ဟေး .... "

အသံပေးပြီး ဓားမောက်ကြီးကို ဝင့်လိုက်ပြန်သည်။

ချူချွင်းချင်းက ဂရုမစိုက်။

ထိုက်ဟုဂိုဏ်းသားများက သူကသာ လုပ်ရှားပြီး ခြိမ်းခြောက်နေသော်လည်း ချူချွင်းချင်းက မလှုပ်ဘဲနေသောအခါ အနည်းငယ် ရွံ့သွားဟန်တူသည်။

ဒေါသပေးသည် ထွက်လာသည်။

"ယား .... "

ဟု အော်ဟစ်ကြိုးဝါးလျက် ဓားမောက်ကြီးကို ထောင်ပြီး အလံစိုက် သိုင်းကွက်ဖြင့် ပြေးဝင်လာ၏။

ချူချွင်းချင်းက ငြိမ်၍ရပ်နေဆဲပင်။

ထိုက်ဟူဂိုဏ်းသားမှာ ချူချွင်းချင်း အနီးသို့ ရောက်သွားသည်။

"မိန်းကလေး သတိထား .... "

ပရိသတ်က အော်ဟစ်သတိပေးသည်။

ဓားမောက်ကြီးမှာ ဝေ့ဝဲပြီး ချူချွင်းချင်း လည်ပင်းပေါ်သို့ လွှဲချလိုက်၏။

ထိုအခိုက်မှာပင် ရှေ့သို့ ဆန့်တန်းပြီး ငြိမ်သက်နေသော ချူချွင်းချင်း၏ ဓားသည် လျှပ်တစ်ပြက် လှုပ်ရှားပြီး ထိုက်ဟူဂိုဏ်းသား၏ ရင်ဝသို့ မြွေဆစ်ကောင်လို တိုးဝင်သွားသည်။

"အ .... "

ထိုက်ဟူဂိုဏ်းသား၏ ပါးစပ်မှ အသံတိုးတိုးမျှသာ ထွက်ပေါ်လာသည်။

ဓားမောက်ကြီးကို မြှောက်၍ ငြိမ်သက်နေသည်။

ခဏအကြာတွင် ....

ဓားမောက်ကြီးနှင့်အတူ သူ၏ ခန္ဓာကိုယ်မှာ ကျောက်ဆောင်ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားတော့၏။

စည်းဝိုင်းနီ အပြင်ဘက်သို့ တိုင်အောင် သွေးများ စီးလျှံသွားသည်။

သူမသည် ဓားတွင် ပေကျံနေသော သွေးကို ထိုက်ဟူဂိုဏ်းသား၏ အင်္ကျီတွင် သုတ်လိုက်သည်။

အံ့အားသင့်၍ တိတ်ဆိတ်နေသော ပရိသတ်သည် ယခုမှ သတိဝင်လာပြီး ဝေါခနဲ အသံမြည်သွားအောင် ချူချွင်းချင်းကို တစ်ခဲနက် အားပေးကြလေတော့သည်။

"မိန်းကလေးကွ မိန်းကလေး .... "

"ချူချွင်းချင်းဟေ့ .... ချူချွင်းချင်း .... "

"ကျားသစ်မယ်ကွ .... ကျားသစ်မယ် .... "

ဂိုဏ်းခွဲမှူး အဘိုးကြီးရှန်သည် ထိုင်ခုံပေါ်မှ ရုတ်တရက် ထရပ်လိုက်လေ၏။

သူမျက်နှာမှာလည်း နီရဲနေသည်။ သူ ဒေါသထွက်နေသည်။

မိန်းကလေးတစ်ဦး၏ လက်ချက်ဖြင့် ထိုက်ဟူဂိုဏ်းသား ကျဆုံးသွားရသည်မှာ ရှက်စရာကောင်းသည်ဟု ယူဆဟန်ရှိသည်။

သားရေထိုင်ခုံတွင် ထိုင်နေသော အစွန်ဆုံးရှိ ထိုက်ဟူဂိုဏ်းသားကို အချက်ပြလိုက်သည်။

"ကျင်းဝေ .... "

အဘိုးကြီးရှန် ခေါ်သံကြားလိုက်လျှင် ထိုက်ဟူဂိုဏ်းသားက

ခေါင်းကို နောက်သို့ ဆတ်ခနဲ မော့လိုက်သည်။

သူ့ခေါင်းပေါ်တွင် ဖရိုဖရဲ ပြန့်ကျဲနေသော ရှည်လျားသည့် ဆံပင်များမှာ လေတိုးသွားသော မြက်ပင်များကဲ့သို့ ဟူးဟူးရားရား လွင့်ပျံသွားကြသည်။

သူမျက်နှာသည် ပါးရိုးများ ငေါထွက်နေသည်။

မျက်တွင်းချိုင့်ချိုင့်၊ နှုတ်ခမ်းက အထက်လန်နေသောကြောင့် ရှေ့သွားဖြူဖြူများ ပေါ်နေသည်။

ဖြူရော်သော မျက်နှာမှာ သွေးမရှိ။

လူသေမျက်နှာကဲ့သို့။

မျက်လုံးအကြည့်က ရေခဲတုံးပမာ အေးစက်နေသည်။ ရွေ့လျားမှုမရှိဘဲ တစ်နေရာတည်း စိုက်ကြည့်နေသည်။

အကြားအာဖြင့် တိုက်ခိုက်သည့် လေသိုင်းပညာရှင် တစ်ဦး၏ ဟန်ပန်။

သူဟန်ပန်သည် မြင်ရုံနှင့် ကြောက်ဒူးတုန်လောက်၏။

ချူချင်းချင်းက စည်းဝိုင်းနီအတွင်း တစ်ပတ်ပြည့်အောင် ပတ်လျှောက်လိုက်ပြီး ထိုက်ဟူဂိုဏ်းသား ကျင်ဝေရှိရာဘက်သို့ ကျောပေးရပ်နေလိုက်သည်။

ကျင်ဝေက ထရပ်လိုက်ပြီး ချူချင်းချင်းထံသို့ လျှောက်လာသည်။

လက်ကိုလွှဲပြီး ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာရာ .... ထုံးခြောက်ရောင် သူ၏ ဝတ်ရုံကြီးမှာ လေဖြင့် လှုပ်ယမ်းနေသည်။

ခြေသံ မကြားရ။

မှန်မှန်လျှောက်လာရာမှ မြန်လာသည်။

ရုတ်တရက် ခြေကို ညွှတ်ကွေးပြီး ဆန့်ကန်ကာ ခုန်လိုက်သည်။

ချူချင်းချင်း၏ ခေါင်းအထက်သို့ ရောက်သွား၏။

ချူချင်းချင်းက ဓားကို ပန်းစကြာပမာ လှည့်ယမ်းလျက် ခေါင်းထက်တွင် ကာလိုက်သည်။

ကျင်ဝေထံမှ ရောက်လာသောအရာများ စိုက်ဆင်းလာသည်။

"ထန် .... ချွင် .... ချလွင် .... "

ငွေရောင်လက်သော အရာမှာ ချူချင်းချင်း၏ ဓားဖြင့်ထိပြီး အဝေးသို့ လွင့်ထွက်သွားသည်။

သုံးမြှောင့် သွောင့်ချွန် သံမဏိလက်နက်ပုန်းများ ဖြစ်သည်။

ကျင်ဝေသည် တစ်ပတ်ကျွမ်းပစ်လိုက်ပြီး လေထဲမှ ပြန်ကျလာကာ ချူချင်းချင်းရှေ့ စည်းဝိုင်းနီအပြင်ဘက် လှမ်းလှမ်းတွင် ခြေစုံ

ရပ်လိုက်၏။

ချူချွင်းချင်း ဓနွာကိုယ်ကို စက်ဝိုင်းခြမ်းလှည့်လိုက်ပြီး လှပ်ရှားနေသော ဓားစကြာကို ရပ်တန့်လိုက်သည်။

ကျင်းဝေကို ကျောပေးလျက်သား ဖြစ်နေပြန်သည်။

ကျင်းဝေက ချူချွင်းချင်းကို စိုက်ကြည့်နေသည်။

ကျင်းဝေ သဘောပေါက်သွားသည်။

သူ စိတ်ဆိုးသွား၏။

ချူချွင်းချင်းမှာ အဆင့်မြင့် သိုင်းပညာရှင်တစ်ဦး ဖြစ်နေသည်တကား။

သူ့ကို အဖက်မလုပ်ချင်သည့်သဘောဖြစ်ကြောင်း သိသွားသည်။

ကျင်းဝေရင်ထဲတွင် ဒေါသများ အုံကြွလာ၏။

အဆင့်မြင့် သိုင်းပညာရှင်များအတွက် ဒေါသသည် အမှားကို ကျူးလွန်စေသော နတ်ဆိုးပင်တည်း။

ကျင်းဝေက ခေါင်းကို နောက်သို့ ဆတ်လိုက်ကာ ဆံပင်များကို လေတွင် လွင့်ဝဲစေပြီး ....

"ယား .... " ဟူသော အသံနက်ကြီးဖြင့် အော်၍ ခုန်ကာ ချူ

ချင်းချင်း၏ ကျောပြင်သို့ သူလက်သည်းရှည်များဖြင့် ထိုးကုတ်ခိုက်လိုက်၏။ ချူချွင်းချင်းက လှည့်၍မကြည့်။

ခါးကို ရှေ့သို့ချိုးချကာ သူလက်ထဲရှိ ဓားကို ချိုင်းကြားမှ နောက်ပြန်ထိုးခုတ်လိုက်သည်။

ဓားသွားက နှလုံးသားကို ဖောက်သွားသည်။

ကျင်းဝေ ပြန်ထမလာတော့ပေ။

ရှန်အဘိုးကြီးသည် ငွေရောင်ထိုင်ခုံပေါ်မှ ဝုန်းခနဲ ခုန်ထလာသည်။

ထိုအချိန်တွင် ငွေမောင်းထုသံ တဒုဒူကို ကြားရသည်။

ဟုန်ကျက်ကန်ရေပြင်မှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

ငွေမောင်းထုသံကြားလျှင် ရှန်အဘိုးကြီးမှာ ကုယ်ရှိန်တန့်သွားလေတော့သည်။

လှေများပေါ်ရှိ လူများသည်လည်း ငွေမောင်းသံ ထွက်ပေါ်လာသော ဟုန်ကျက်ကန်ရေပြင်သို့ အာရုံပြောင်းသွားကြသည်။

"ဂိုဏ်းချုပ်ကြီး ကြွလာပြီ .... ဂိုဏ်းချုပ်ကြီး ကြွလာပြီ"

မည်သူက စတင် အော်လိုက်သည် မသိ။ ပရိသတ်ထဲမှ ထို အသံမှာ တစ်ဦးနှစ်မှ တစ်ဦးသို့ ကူးစက်သွားသည်။

ရုန်အဘိုးကြီးနှင့် ထိုက်ဟူဂိုဏ်းသားများမှာလည်း လူပ်လူပ်ရှားရှားဖြစ်သွားပြီး ချူချင်းချင်းကိုပင် ခေတ္တမေ့သွားကြသည်။

ချူချင်းချင်းက လှေများဖြင့် ကြည့်နေသော ပရိသတ်ထဲသို့ ရိပ်ခနဲ ကြည့်ပြီး တစ်စုံတစ်ဦးကို ရှာဖွေသည်။

ထို့နောက် သူ ရှာသော သူကို တွေ့ဟန်ဖြင့် မသိမသာ ခေါင်းညိတ်၍ အချိန်းအဆက် လုပ်လိုက်၏။

ဟုန်ကျက်ကန်ရေပြင်တွင် လှေကြီးတစ်စင်း လူပ်ရှားရွေ့လျားလာသည်။

ရွှေရောင်ဝင်းတောက်နေသော လှေကြီး။

လှော်တက်များကို ညီညီညာညာ လှော်ခတ်လာကြသော လှေသမားများ၏ ယိုယီးလေး တိုင်သံကိုပင် ကြားနေရသည်။ အမှန်တော့ ဤမျှ ခန်းနားရန်မလိုပါ။ ဂိုဏ်းချုပ်ကြီး၏ လှေဖြစ်သဖြင့် တမင် အော်ဟစ်နေကြခြင်း ဖြစ်သည်။

လှေသည် တရွေ့ရွေ့ လျင်မြန်စွာ ချဉ်းကပ်လာသည်။

တစ်စင်းနှင့်တစ်စင်း လှေနံချင်း ထိကပ်နေသော မြွတ်သိပ်နေသော လှေပိုင်းကြီးမှာ အလယ်အူကြောင်း လမ်းမတစ်ခုပေါ်လာပြီး ရှေ့ပြေး အမြန်လှေတစ်စင်း လှော်ခတ်ဝင်လာလေသည်။

"ဘေးကပ်ကြ .... ဘေးကပ်ကြ ...."

"လမ်းဖယ်ပေးဟော့ ထိုက်ဟူဂိုဏ်းချုပ်ကြီး လာနေတယ်"

အမြန်လှေမှ အော်ဟစ်သွားခြင်း ဖြစ်သည်။

ကျောက်ဆောင်ပေါ်တွင် အဘိုးကြီးရုန်မှာ အလုပ်များနေသည်။

ဂိုဏ်းသားများအား လခြမ်းသဏ္ဌာန်ဖြင့် ရပ်ခိုင်းပြီး ကိုယ်တိုင်က ထိုက်ဟူဂိုဏ်းအလံကို ကိုင်ပြီး ရွှေရောင်လှေကြီးကို အသင့်ကြိုနေလေတော့သည်။

တိုစဉ် စည်မျက်နှာပြင်ကဲ့သို့ ညီညာနေသော ကျောက်ဆောင်နှဟ်ခမ်းတွင် ရွှေရောင်လှေကြီး ထိုးဆိုက်လာလေတော့သည်။

ရွှေရောင်လှေပေါ်ရှိ ပေါင်းမိုးတဲနန်း၏ တံခါးဝမှ အဓိရောင်ကတ္တီပါကန့်လန့်ကာကြီး ပွင့်သွားသည်။

ထိုက်ဟူဂိုဏ်းသား အဆင့်မြင့် သိုင်းသမားလေးဦးတို့က ဝေါကြီးတစ်ခုကို ထမ်း၍ ထွက်လာ၏။

ပန်းပွတ်ပန်းပုများဖြင့် လှပဝင့်ကြွားနေသော ရွှေရောင်ဝေါကြီးပေါ်တွင် ထိုက်ဟူဂိုဏ်းချုပ်ကြီး လင့်ဒွေဖန် ပါလာသည်။

အဆင့်မြင့် သိုင်းသမားများ ဝေါကြီးကို ထမ်းလှုပ် ကျောက်

ဆောင်ပေါ်သို့ လှမ်းတက်လိုက်ကြသည်။

ဝေါမှာ အစောင်းအနိမ့် မရှိစေဘဲ ကျောက်ဆောင်ပေါ် ရောက် လာလေတော့သည်။

ထိုက်ဟူဂိုဏ်းချုပ်ကြီး လင့်ဌေဖန်အား အသင့်ကြိုနေသော အဘိုးကြီးရှုန်နှင့် ဂိုဏ်းသားများက ....

"ထိုက်ဟူဂိုဏ်းချုပ်ကြီး ကျန်းမာပါစေ .... "

ထိုက်ဟူဂိုဏ်းချုပ်ကြီး လင့်ဌေဖန်က .... လက်ယာလက်ကို မြှောက်၍ နှုတ်ခွန်းဆက်လိုက်သည်။

"ဂိုဏ်းသားများ ကျန်းမာပါစေ .... "

ကော်ဇောစိမ်းပေါ်မှ သိုင်းသမားများနှင့် စည်းဝိုင်းနီ အတွင်း ရှိနေသော ချူချင်းချင်းတို့သည် မကျေမနပ်ဖြင့် ကြည့်နေကြသည်။

ချူချင်းချင်း အနီးတွင် လဲကျနေသော ထိုက်ဟူဂိုဏ်းသား ကျင်းဝေ့ကို မြင်သွားသည်။

လင့်ဌေဖန်က မျက်နှာတင်းမာသွားသည်။

အဘိုးကြီးရှုန်က အကြည့်ရောက်သွားသည်။

အဘိုးကြီးရှုန်မှာ မျက်နှာအောက်ချလျက် ဂိုဏ်းချုပ်ကြီးအနံ့ သို့ တံ့နှေးစွာ လျှောက်လာသည်။

လင့်ဌေဖန်က ခေါင်းခါပြပြီး ဝေါထမ်းလာသော သိုင်းသမား များကို အချက်ပြလိုက်ရာ သိုင်းသမားများက ဝေါကြီးကို နှိမ့်ပေး သည်။

လင့်ဌေဖန်က ဆင်းလာလေတော့၏။

အဘိုးကြီးရှုန်က တုန်တုန်ယင်ယင်ဖြင့် လမ်းဖယ်ပေးသည်။

လင့်ဌေဖန်မှာ အဘိုးကြီးကို လုံးဝမကြည့်ဘဲ လျှောက်သွား လေတော့၏။

ရွှေရောင်ထိုင်ခုံကြီးရှေ့ ရပ်လိုက်ပြီး လခြမ်းသဏ္ဌာန်ဝိုင်းပတ် နေသော ဂိုဏ်းသားများကို လက်ပြလိုက်၏။

ထိုက်ဟူဂိုဏ်းသမားများက မိမိတို့ သားရေထိုင်ခုံငယ်များတွင် ထိုင်လိုက်ကြလေသည်။

လင့်ဌေဖန်ကမူ ရွှေရောင်ထိုင်ခုံကြီးပေါ်တွင် ထိုင်ချလိုက်လေ တော့သည်။

ထို့နောက် ....

"ကဲ .... သိုင်းဖြိုင်ပွဲ ပြန်စ,မယ် .... ဟိုမှာ ရပ်နေတဲ့ ကလေးမ မင်းနာမည် ဘယ်သူလဲ .... "

ချူချင်းချင်းက အတွင်းအားကို ထုတ်ပြီး စူးရှတိုးသက်သော

အသံနှင့် ပြောလိုက်လေသည်။

"ချူချွင်းချင်း .... "

ထိုအသံသည် ဂိုဏ်းချူပ်ကြီး၏ နားထဲတွင် စူးရှစွာ တိုးဝင်သွားလေတော့၏။

ချူချွင်းချင်း၏ အဆင့်ကို လင့်ဒွေဖန် ရိပ်စား မိလိုက်သည်။

ထို့ကြောင့် မျက်နှာတစ်ချက် ပျက်သွားသည်။ သူမျက်နှာကို ကွန်ဒွေ ပြန်ဆည်လိုက်ပြီး ....

"ချူချွင်းချင်းရဲ့ သိုင်းပညာကို ကျွပ်ကိုယ်တိုင် ချီးကျူးပါတယ်ကဲ .... အခု ချူချွင်းချင်းကို ချီးမြှောက်တဲ့အနေနဲ့ သာမန်သိုင်းသမားနဲ့ တိုက်ခိုက်ခြင်းမပြုဘဲ .... ဂိုဏ်းခွဲမှူးရှန်နဲ့ တိုက်ခိုက်ခွင့် ပြုလိုက်ပါတယ်"

လင့်ဒွေဖန်၏ စိတ်ထဲတွင် တစ်ချက်ခုတ် နှစ်ချက်ပြတ် ကြံစည်ပြီး ပြောလိုက်ခြင်းဖြစ်သည်။

ဂိုဏ်းခွဲမှူး ရှန်နှင့် တိုက်ခိုက်၍ ချူချွင်းချင်း သေသွားလျှင်လည်း တစ်ရန်အေးသည်။

အကယ်၍ ဂိုဏ်းခွဲမှူး သေပါကလည်း ကိစ္စမရှိ။ သူ ဂိုဏ်းသားများ သေဆုံးနေရသည် မဟုတ်ပါလော။

သူ ဂိုဏ်းခွဲမှူးကို မကျေနပ်ပါ။

ဂိုဏ်းသားများနှင့် ယှဉ်ပြိုင်သော မည်သည့် သိုင်းသမားမဆို အဆိပ်ကြိုတင်ခတ်ထားရန် အဖိန့်ပေးထားပြီး ဖြစ်သည်။

သို့သော် ....

ဤမိန်းကလေး ချူချွင်းချင်းမှာ အဆိပ်သင့်ဟန် လက္ခဏာများ မရှိ။

ဤသည်မှာ ဂိုဏ်းခွဲမှူးရှန်၏ ချွတ်ယွင်းချက်ပင်တည်း။

ဂိုဏ်းခွဲမှူးမှာ အသက်ကြီးလှပြီ။

အလိုမရှိတော့ပေ။ ဂိုဏ်းခွဲမှူးအား သူ အငြိမ်းစားပေးလိုနေသည်။

အကယ်၍ ချူချွင်းချင်းက ဂိုဏ်းခွဲမှူးကို အနိုင်ရလျှင် ထိုက်ဟူ ဂိုဏ်း၏ စည်းကမ်းအရ ချူချွင်းချင်းကို ဂိုဏ်းဝင်အဖြစ် သွတ်သွင်းပြီး ဂိုဏ်းခွဲမှူးနေရာသို့ ချီးမြှောက်လိုက်မည်။

ချူချွင်းချင်းကို သိမ်းသွင်းရန် အကွက်ချ တွေးပြီးဖြစ်၍ သူ ပြုံးနေခြင်းပင်။

"ကဲ .... မိန်းကလေး၊ ဂိုဏ်းခွဲမှူးရှန်နဲ့ ယှဉ်ပြိုင်ပေတော့ .... မင်း သူ့ကိုနိုင်ရင် ရာထူးတစ်နေရာ ရမယ် .... "

သူက စူးရှစွာ ပြောလိုက်လေ၏။

ချူချွင်းချင်းက .... မသိမသာ ခေါင်းဆတ်ညိတ်ပြပြီး ရှေ့သို့ တစ်လှမ်းတက်လိုက်တော့သည်။

အခန်း (၂၈)

အသက်လုတိုက်ပွဲ

ထို့ကြောင့် .... ထိုက်ဟူဂိုက်းချုပ်ကြီး၏ အမိန့်အာဏာသည် အတည်ဖြစ်၏။

ဂိုက်းခွဲမှူး အဘိုးကြီးရှုန်မှာ တွေဝေနေသည်။

သူ ချူချွင်းချင်းနှင့် မတိုက်ခိုက်ချင်ပေ။

ချူချွင်းချင်း၏ သိုင်းပညာအဆင့်ကိုလည်း သူ မြင်ပြီးချေပြီ။

သိုင်းပညာအဆင့်အရ သူ မနိုင်နိုင်။

သူက အတွေ့အကြုံနှင့် အတွင်းအားမှာ သူမထက် သာသည်။ အဆင့်မြင့်သည်။

ဤအချက်များကို အားကိုးပြီး ယှဉ်ပြိုင်လျှင် .... ကံကောင်း

ထောက်မက နိုင်,နိုင်မည်ဟု တွက်မိသည်။

အကယ်၍ သူ အနိုင်ရပြီး ချူချွင်းချင်း၏အသက်ကို သတ်နိုင်လျှင်လည်း မသတ်ရက်ပေ။

သူအဖို့ စားလည်းစူး၊ ဆုတ်လည်းရှူး ဖြစ်နေပေတော့၏။

ထိုအချိန်တွင် ချူချွင်းချင်းက သူထံသို့ လျှောက်လာနေပေပြီ။

သူ မတိုက်နိုက်၍ မဖြစ်တော့ပေ။ ထိပ်တိုက်တွေ့မှတော့ ရင်ဆိုင်ရပေတော့မည်။ မရှောင်သာသည့်လမ်းဆုံ၌ တွေ့ဆုံကြရလေပြီ။

အဘိုးကြီးရှန်က ခါးတွင် ချိတ်ထားသော ဓားကို ထုတ်လိုက်သည်။

သူ၏ဓားမှာ သာမန်ထက် အတန်ငယ် တိုး၏။

ဓားသွားဖြက် သေးသည်။ ဓားမြှောင်လည်းမကျ ဓားရှည်လည်း မကျသော ဓားမျိုးဖြစ်သည်။

ရုတ်တရက် ကြည့်လျှင် ခုတ်အားမရှိဟု ထင်ရသော်လည်း အတွင်းအားထည့်၍ လှုပ်ရှားလိုက်လျှင် မယုံကြည်နိုင်စရာကောင်းအောင် သွက်လက်လျင်မြန်လှသည်။

သူ ဆုံးဖြတ်ချက် ချလိုက်သည်။

မတတ်နိုင်တော့ချေ။ ဤတိုက်ပွဲသည် ကမ္ဘာမီးလောင်သည့် ဖြစ်ရပ်မျိုးပင်။

ကမ္ဘာမီးလောင်က သားကောင်ချနင်းရ၏။

သူသည် လေထဲသို့ လွှားခနဲ ခုန်လိုက်သည်။

ချူချွင်းချင်းကလည်း ငှက်တစ်ကောင်ကဲ့သို့ သူထံ ပျံဝဲဝင်လာသည်။

အဘိုးကြီးရှန် ဓားကို ဝှေ့ယမ်းလိုက်သည်။

"ဝှီး .... ဝှီး .... ဝှီး .... "

တဒင်္ဂအတွင်းမှာ သိုင်းကွက်ပေါင်း ရှစ်ကွက်တိတိထုတ်သည်။

သို့သော် ဟင်းလင်းပြင်ထဲမှာ အလဟဿ လွဲချော်ကုန်သည်။

ချူချွင်းချင်း ဝတ်ရုံစကိုပင် မထိ။

ချူချွင်းချင်းက ဓားဖျားဖြင့် ခတ်လိုက်သော ရိုက်ချက်ကား သူ၏ လက်ပြင်ရှိ အတွင်းအား ဗဟိုကြောဆုံကို ထိသွားသည်။

တစ်ဦးနှင့်တစ်ဦး လက်လေးကမ်းအကွာခနဲ့ ပြန်ကျသည်။

အဘိုးကြီးရှန်မှာ အခြေအနေမဟန်တော့မှန်း သူကိုယ်သူ သိသည်။

အတွင်းအား ထုတ်၍မရတော့။

ချူချွင်းချင်းက ဓားပြားဖြင့် ခတ်၍ အကြောပိတ်ခဲ့လေပြီ။

ဤအချက်ကို ချူချွင်းချင်းနှင့် မိမိမှအပ မည်သူမျှ မသိနိုင်၊ ဂိုဏ်းချုပ်ကြီးပင် မရိပ်မိနိုင်။

ချူချွင်းချင်းက မည်သည့် အဓိပ္ပာယ်ဖြင့် ဤသို့ လုပ်သနည်း။

ဓားသွားဖြင့် ရိုက်၍ အကြောပိတ်သွားမည့်အစား ဓားသွားဖြင့် မိမိအသက်ကို နုတ်သွားနိုင်ပါလျက် အဘယ့်အတွက် မသတ်လိုက်လေသနည်း။

အဘိုးကြီးရှန်သည် သူ့အသက်ကို မခင်တွယ်လှပေ .... ။ သို့လောကဆိုသည်မှာ သူနိုင်ကိုယ်နိုင် တိုက်ကြရသည်သာဖြစ်သည်၊ သေလျှင်လည်း .... လျှပ်တစ်ပြက် တခဏ်အတွင်း သေဆုံးနိုင်သည်၊ က်ကောင်းခြင်းများ မိမိထံ ဆိုက်ရောက်ခဲ့၍သာ ဤမျှအထိ အသက်ရှည်နေရခြင်းဖြစ်သည်။ ယခု ချူချွင်းချင်းက သတ်လိုက်လျှင်လည်း မိမိ၏အသက်ကို ဒီမိ မနှမြောပါ။

တိုက်ပွဲက မပြီးဆုံးသေး။

ထိုစဉ် ....

"ယား .... "

ချူချွင်းချင်းက နောက်ကျမ်းပစ်ပြီး ခုန်လွှားဝင်လာလေပြီ။

မိမိမှာ အတွင်းအား ထုတ်၍မရ။

သို့သော်ကိုသာ သာမန်အားဖြင့်သာ လှုပ်ရှားနိုင်လေတော့သည်။

ချူချွင်းချင်းသည် အနီးသို့ ပဲကျလာပြီး သူ့လက်တွင်းမှ ဓားဖြင့် သို့သော်ကော်ပေါင်း များစွာကို ထုတ်၍ ခုတ်ချက်ပေါင်း များစွာ ခုတ်နေသည်။

အဘိုးကြီးရှန်က သို့သော်ကြမ်းများကို သာမန်မျှ ထုတ်၍ ရှောင်ရှားနေသည် ဖြစ်သော်လည်း ချူချွင်းချင်း ဓားချက်က မထိ။

မည်သို့ ဖြစ်လေသနည်း။ ချူချွင်းချင်း၏ လှုပ်ရှပ်ကို အဘိုးကြီးရှန် စဉ်းစားနေသည်။

"ဟင်း .... "

အဘိုးကြီးရှန် ရိပ်စားမိလိုက်ပြီ။

ချူချွင်းချင်းက မိမိကို သတ်ချင်ပုံမရ။

ဟန်ပြသိုင်းကွက်များဖြင့် တိုက်ခိုက်ဟန်ဆောင်နေခြင်း ဖြစ်သည်။ သူ့ဟန်ပြတိုက်ကွက်များမှာ ကာယကံရှင်များသာ သိရှိနိုင်သည်။

ရုတ်တရက် ချူချွင်းချင်း၏ ဓားသွားက အဘိုးကြီးရှန်၏ ဝမ်း

ဗိုက်တွင်းသို့ မမျှော်လင့်သော အဟုန်ဖြင့် ဝင်လာသည်။

ဒီတစ်ချီတော့ သွားပြီဟု အဘိုးကြီးရှုန် တွက်သည်။

"အား .... "

လန့်၍ အော်လိုက်မိခြင်းပင်။

ဓားသွားက ထူထဲသော အကျီဝတ်ရုံပွပွကြီးကို ဖောက်၍ အရေခွံပေါ်တွင် စပါးလုံးတစ်ထောက်သာ မြုပ်ပြီး ရပ်တန့်သွားသည်။

ချူချင်းချင်းက ငေးကြည့် ပြုံးကြောင်နေသော အဘိုးကြီးရှုန်ကို မျက်နှာရိပ်မျက်နှာကဲဖြင့် အချက်ပြလိုက်လေ၏။

ထိုအခါမှ အဘိုးကြီးရှုန် သဘောပေါက်သွားတော့သည်။

ချူချင်းချင်း သူ့ကို ကယ်တင်နေပါကလား။

"အီး .... "

ညည်းညူပြီး အဘိုးကြီးရှုန် လဲကျသွားလေတော့သည်။

အဘိုးကြီးရှုန်သည် ချူချင်းချင်း၏ အလိုအတိုင်း သေဟန်ပြ၍ ဂိုဏ်းချုပ်ကြီး လင့်ငွေဖန်ကို လှည့်စားလိုက်လေပြီ။

"ဟား .... "

ပရိသတ်ကလည်း ချူချင်းချင်းကို တစ်ခဲနက် အော်ဟစ်အားပေးကြသည်။

ဂိုဏ်းချုပ်ကြီးက လက်ခုပ်လက်ဝါးတီး၍ လိုက်လိုက်လဲလဲ ရယ်မောပြီး ကောင်းချီးပေးလေ၏။

"ကောင်းတယ်ဟေ့၊ မင်း သိုင်းကွက်တွေ အင်မတန်ကောင်းတာပဲ .... ချီးကျူးပါတယ် ချူချင်းချင်းရယ် .... "

ချူချင်းချင်းက ဂိုဏ်းချုပ်ကြီး လင့်ငွေဖန်ကို ဦးညွှန်ကိုရဝပြု အရိုအသေပေးလိုက်ပြီး သူမ၏ဓားကို စည်းဝိုင်းနီပေါ်တွင် ထောက်ထားလိုက်လေ၏။

လင့်ငွေဖန်က ....

"အခု .... ကလေးမ ချူချင်းချင်းက ဂိုဏ်းခွဲမှူးကို အနိုင်ရတဲ့အတွက် ထိုက်ဟူဂိုဏ်းထဲကို ဝင်လိုက ဝင်ခွင့်ရပါတယ် .... ချူချင်းချင်း ဆန္ဒ ဘယ်လိုရှိပါသလဲ .... "

ချူချင်းချင်းက ကြိုတင်စီစဉ်ထားသည့်အတိုင်း ဖြေသည်။

"ကျွန်မဆန္ဒကလည်း ထိုက်ဟူဂိုဏ်းထဲ ဂိုဏ်းဝင်တစ်ယောက် ဖြစ်လိုပါတယ် .... "

သူမသည် စကားဆုံးသည်နှင့် ဒူးထောက်လိုက်လေ၏။

"အိမ်း .... အခုချိန်ကစပြီး မင်းဆန္ဒအတိုင်း ဂိုဏ်းဝင် ဖြစ်ပေပြီ .... "

ချူချွင်းချင်းက ခေါင်းကိုမော့၍ ....

"သာမန်ဂိုဏ်းဝင် အဆင့်မျှနဲ့တော့ ကျွန်မ မကျေနပ်နိုင်ပါဘူး ရှင် .... ဂိုဏ်းခွဲမှူးနေရာဟာ ကျွန်မနဲ့ ထိုက်တန်တယ်လို့ ထင်ပါတယ်"

လင့်ဒွေဖန်က ချူချွင်းချင်းကို ဂိုဏ်းခွဲမှူးနေရာ ပေးချင်သော်လည်း ထိုက်ဟူဂိုဏ်း၏ စည်းကမ်းချက်အရ မပေးနိုင်ပေ။

"အခု ချူချွင်းချင်းက ဂိုဏ်းခွဲမှူး နေရာကို တောင်းဆိုနေပါတယ် .... ကန့်ကွက်လိုတဲ့ဂိုဏ်းဝင်များ ရှိပါသေးလား .... အခု သိုင်းပြိုင်ပွဲက ဟုန်ကျက်ကန်ပူဇော်ပွဲမှာ အရင်းခံတာမို့ ပရိသတ်ထဲကလည်း ကန့်ကွက်ခွင့်ရှိပါတယ် .... ကန့်ကွက်လိုသူများ ကြွပါ .... "

လင့်ဒွေဖန်က သူလက်ထောက်ဂိုဏ်းဝင်ထဲမှ ကန့်ကွက်သူ ပေါ်လာမှာ စိုးရိမ်၏။

အဘိုးကြီးရှန်နှင့် ရင်းနှီးသူများရှိသည်။

ထို့ကြောင့် ဂိုဏ်းသားများကို မျက်နှာထားတင်းတင်းထား၍ ကြည့်သည်။

"ကျုပ် ကန့်ကွက်ပါတယ် .... "

အတွင်းအား ပြည့်ဝသော ကျယ်ဒလောင်စူးရှသည့် အသံ။

လင့်ဒွေဖန် အံ့အားသင့်သွားသည်။

သူ လုံးဝ မမျှော်လင့်သောနေရာမှ အသံထွက်ပေါ်လာခြင်း ဖြစ်သည်။

ဟုန်ကျက်ကန် ပူဇော်ပွဲကို လာကြည့်သည့် ပရိသတ်အတွင်း ရှိ လေတစ်စင်းမှ ထိုအသံ ထွက်ပေါ်လာခြင်း ဖြစ်သည်။ ထိုလူသည် ပရိသတ်ထဲမှသာ ဖြစ်ပေလိမ့်မည်။

ကျောက်ဆောင်ပေါ်သို့ လူရိပ်တစ်ခု ခုန်တက်လာသည်။

သူကိုယ်တွင် ဝတ်ရုံမည်းကြီး ခြုံထားသည်။

မျက်နှာကို ပါးပြိုင်းမွေးနှင့် မုတ်ဆိတ်မွေးတို့က ဖုံးလွှမ်းနေသည်။

အတန်ငယ် ခါးကိုင်းနေသဖြင့် အသက်ကြီးသော အဘိုးကြီးတစ်ယောက်ဟု ထင်ရသည်။

ဝတ်ရုံမည်းမည်း ခါးကိုင်းကိုင်းနှင့် လျှောက်လှမ်းလာသော သူသဏ္ဌာန်မှာ ထူးဆန်းနေသည်။

"ကန့်ကွက်တာ ခင်ဗျားလား .... "

လင့်ဒွေဖန်က သံပြတ်နှင့် မေး၏။

ဝတ်ရုံနက်၏အသံက ခြောက်ကပ်နေသည်။

"ဟုတ်တယ် .... "

"ခင်ဗျားနာမည် ဘယ်သူလဲ .... "

"ကျုပ်နာမည်က အရေးကြီးပါဘူး .... ဒါ ဟုန်ကျက်ကန် ပူစော်ပွဲပါပဲ .... ဟုန်ကျက်ကန် ပူစော်မွဲဟာ အားလုံးနဲ့ဆိုင်တယ်၊ အဲဒီတော့ .... ကျုပ်ဟာ ပရိသတ်ထဲက လူတစ်ယောက်ဆိုရင်ပဲ လုံလောက်ပါပြီ .... "

လင့်ဌေဖန်က ပါးစပ်ပိတ်သွားလေတော့၏။ သူလို အာဏာရှိသူကိုပင် အာခံပြောနိုင်သူကို အထင်သေး၍ မရပေ။

လူမည်းကြီး ပြောသည်မှာ ချက်ကျလက်ကျ မှန်ကန်နေသည် မဟုတ်ပါလား။

ဝတ်ရုံမည်းကြီးက သူ့လက်နှစ်ဖက်ကို ချူချင်းချင်းဘက်သို့ ဆန့်တန်းလိုက်ပြီး ....

"မိန်းကလေးဟာ ဂိုဏ်းခွဲမှူးနေရာနဲ့ မထိုက်တန်ဘူး .... ဂိုဏ်းခွဲမှူးနေရာကို လိုချင်ရင်တော့ ကျုပ်ကို နှိုင်အောင်တိုက်ပါ .... "

ချူချင်းချင်းက ....

"ရှင့်လို အသက်ကြီးပြီး ခါးကိုင်းနေတဲ့ သူကို လူထူထူရွေ့မှာ အနိုင်ယူရတာ အားနာပါတယ် .... ဒါပေမယ့် ကျွန်မကို ဂိုဏ်းခွဲမှူးနေရာနဲ့ မထိုက်တန်ဘူးလို့ ရှင် ပြောခဲ့တယ် .... အဲဒီတော့ ရှင်

စော်ကားပုံတဲ့ ကျွန်မ သိုင်းပညာကို မြည်းကြည့်စမ်းပါဦး .... "

"ယား .... "

ဒေါသတကြီး ကြိုးဝါးလိုက်ပြီး ရှေ့သို့ ခြေလှမ်းသုံးလေးလှမ်း အားယူပြေးသည်။

ထို့နောက် ကိုယ်ဖော့ပညာဖြင့် အဝေးသို့ခုန် က ဝတ်ရုံမည်းကြီး၏ ခေါင်းပေါ်အရောက်တွင် မားရောလူပါ နှိ က်ချလိုက်လေသည်။

ဝတ်ရုံမည်းကြီးက လက်နှစ်ဖက် အပေါ်သို့ ဆန့်တန်းထုတ်လိုက်သည်။

လက်တစ်ဖက်က စိုက်ကျလာသော မားသွားကို နံဘေးသို့ လွှဲဖယ်လိုက်ပြီး ကျန်လက်တစ်ဖက်က ချူချင်းချင်း၏ ခါးစည်းကို အမိဖမ်းလိုက်သည်။

တစ်ဆက်တည်း မားကို ဖယ်ထုတ်လိုက်သော လက်ဖြင့် ချူချင်းချင်း လက်ကို ချုပ်ကိုင်၍ သူမ၏ ခန္ဓာကိုယ်ကို လေထဲတွင် ဖမ်းဆွဲလိုက်၏။

ထို့နောက် ကျောက်သားပေါ်သို့ ဒုန်းခနဲ ပစ်ချတော့သည်။

"ကလေးမရေ .... ငါ့မှာ အချိန်မရှိလို့ မင်းနဲ့ ဆက်မကစားနိုင်တာ ခွင့်လွှတ်ပါကွယ် .... ဒါဟာ .... ကလေးကစားစရာလောက်

ပညာပဲ ရှိပါသေးတယ် .... "

သူက ရယ်လျက် ပြောသည်။

ချူချင်းချင်းမှာ ကျသောနေရာမှ လူးလဲထ၍ ရုက်ရွံ့သော မျက်နှာနှင့် ခေါင်းငုံ့ရပ်လိုက်သည်။

သူတို့ အားပေးနေသော ချူချင်းချင်း ရှုံးနိမ့်သွားသည်။ ရှုံးနိမ့်ရခြင်းမှာလည်း သိုင်းကွက်များစွာ တိုက်ခိုက်ရခြင်းမျိုး မဟုတ်ချေ။ တဒင်္ဂကလေးမျှသာ ကြာသည်။ ထို့ကြောင့် ပရိသတ်ကြီးမှာ အံ့အားသင့်ပြီး ငြိမ်သက်နေကြတော့သည်။

ထိုက်ဟူဂိုဏ်းသားများသည် ယခု အချိန်မတိုင်မီက မောက်ကြွားကြွား ရှိနေကြသည်။ ယခုတော့ မမောက်ကြွား မပလွားရဲကြတော့ပေ။ အားလုံး ငြိမ်ကုတ်သွားကြသည်။

ဝတ်ရုံမည်း၏ .... အံ့မခန်းလှစွာသော သိုင်းပညာကိုလည်း ကြောက်ရွံ့နေကြသည်။

ဂိုဏ်းချူပ်ကြီး လင့်ငွေဖန်လည်း ကွန်ဒြေပျက်သွားသည်။

ဝတ်ရုံမည်းက သူ့ဘက် လှည့်လာချေပြီ။

"အခုဆိုရင် ကျူပ်က ဂိုဏ်းခွဲမှူးနေရာကို တောင်းဆိုခွင့်ရှိနေပြီ ဟုတ်ပါသလား .... "

လင့်ငွေဖန် သက်ပြင်းချသည်။ စိတ်သက်သာရာ ရသွားသည်။

ဤလူမည်းကြီးမှာ ဂိုဏ်းခွဲမှူးနေရာ တောင်းဆိုသောကြောင့် တော်သေးသည်။

သို့မဟုတ်ဘဲ .... မိမိကိုပါ ယှဉ်ပြိုင်ခွင့် တောင်းလာလျှင် မိမိ အခက်ကြုံရပေတော့မည်။

"ဟုတ်ပါတယ် .... ခင်ဗျား ဂိုဏ်းခွဲမှူးနေရာ လုချင်သလား၊ ကျူပ် ခွင့်ပြုပါတယ် .... "

သူက လိုလိုလားလားပင် ဖြေလိုက်သည်။

သို့သော် ဝတ်ရုံမည်းကြီးက ခေါင်းယမ်းပြီး ....

"ကျူပ်က ဂိုဏ်းခွဲမှူးနေရာလောက်နဲ့ ဟန်မကျဘူး ထင်တယ်၊ အဲဒီတော့ ဂိုဏ်းချူပ်ကြီးနဲ့ ပညာဖလှယ်ရရင် ကောင်းမလားလို့ စဉ်းစားနေတာ .... တကယ်လို့ ဂိုဏ်းချူပ်ကြီးကို နိုင်ရင်တော့ ဟန်ကျမှာပဲ .... ကျူပ်က သိုင်းဂိုဏ်းတစ်ဂိုဏ်းဂိုဏ်းမှာ ဂိုဏ်းချူပ်လုပ်ချင်နေတာကြာပြီဗျာ .... အဲ .... ဂိုဏ်းချူပ်ကြီးကို မနိုင်ရင်လည်း အရှုံးမရှိပါဘူး၊ ဂိုဏ်းခွဲမှူးနေရာကိုပဲ ယူတာပေါ့ .... ဘယ်နယ်လဲ ဂိုဏ်းချူပ်ကြီးရဲ့"

လင့်ငွေဖန် အကြပ်ရိုက်သွားသည်။ သို့သော် ဟန်မပျက် ပြုံးလိုက်သည်။

"ခင်ဗျားသဘောပါပဲ .... အဲ .... တစ်ခုတော့ ရှိတယ်၊ သိုင်းပညာဖလယ်တဲ့နေရာမှာ ကျုပ်သဘောက ညာတာချင်ပေမယ့် ကျုပ်ရဲ့ သွေးမစွတ်ဓားကတော့ မညာတာတတ်ဘူး .... အဲဒီထက်ခင်ဗျား အသက်အတွက် ခဉ်းစားပါဦးလေ .... "

ဟု သူက ခြိမ်းခြောက်လိုက်ပြီး ကျောပေါ်မှ သွေးမစွတ်ဓားကို ဟန်ပါပါ ချွတ်လိုက်သည်။

ဝတ်ရုံမည်းကြီးက ....

"ဟား ဟား ဟား .... ခင်ဗျားဓားနာမည်က သွေးမစွတ်ဓား ဆိုတော့ ကျုပ်သွေးလည်း ဒီဓားမှာ စွတ်လိမ့်မယ် မထင်ပါဘူးဗျ .... ကျုပ်အတွက် ပူပန်သောက ရောက်မနေပါနဲ့ .... "

ဝတ်ရုံမည်းကြီးက လှောင်လိုက်သည်။

လင့်ဂွေဖန်မှာ မျက်နှာကြီးရဲလျက် ဒေါသထောင်းခနဲ ထွက်သွားသည်။

"တောက် .... ဒီလောက် အပြောကြီးလှတဲ့ကောင် သတ်ပစ်တာပဲ ကောင်းပါတယ် .... ကဲ လာဟေ့ .... သေချင်နေလှတာ ငရဲပြည် ပို့ပေးရတာပေါ့ .... "

ဝတ်ရုံမည်းကြီးက သူဝတ်ရုံမည်းကြီးအတွင်းမှ တစ်စုံတစ်ရာ

ကို ဆွဲထုတ်လိုက်သည်။

ထိုအရာမှာ နေရောင်တွင် ဝင်းလက်သွားလေသည်။

ငွေရောင်ဓားတစ်ချောင်း။

လင့်ဂွေဖန်က ကောက်ကျစ်သော အကြံနှင့် ဝတ်ရုံမည်းကြီးဓားအသင့်မဖြစ်မီပင် သိုင်းကွက်ကို ထုတ်လိုက်တော့သည်။

ဝတ်ရုံမည်းကို အချိန်မပေးလို။

လင့်ဂွေဖန် အံ့အားသင့်သွားသည်။

သွေးမစွတ်ဓားကို ထိုးသွင်းရာမှ အချိန်မီ ရပ်လိုက်သည်။

ဝတ်ရုံမည်းကြီး၏ လက်တွင်းမှ ငွေရောင်ဓားသည် တစ်မှုတ်ချင်းမှာပင် နေခြည်တန်းများပမာ ဖြန့်ကျက်လျက် ရှိပေသည်။

မဆင်မခြင် တိုးဝင်လိုက်သည်မှာ မှားနေ၏။

ဓားရောင်တန်းများက မိမိကို လွှမ်းခြုံလျက်ရှိသည်။

ပထမတော့ ဓားရိပ်ထဲက လွတ်ဖို့ ကြိုးစားတော့မည်။

သွေးမစွတ်ဓားကို ခန္ဓာကိုယ်တွင် ကပ်လိုက်သည်။

ဓားဖျားကို နဖူးစပ်တွင် ထိ၍ ဓားရိုးမှာ ပေါင်လယ်ခန့်တွင် ရှိသည်။

ခန္ဓာကိုယ်ကို ဝိခေါ်အောင် ပတ်ချာလှည့်ပြီး အပြင်သို့ ခုန်

ထွက်လိုက်သည်။

လင့်ဌေဖန် .... ထင်သည့်အတိုင်းပင် ဝတ်ရုံမည်းက မိမိကို တစ်ချက်မျှ တိုက်ကွက်မထုတ်ဘဲ လွှတ်ပေးလိုက်သည်။

အကယ်၍ ဝတ်ရုံမည်းကသာ တိုက်ကွက်ထုတ်၍ လင့်ဌေဖန်ကို တိုက်နိုက်မည်ဆိုလျှင် လင့်ဌေဖန်၏ ကိုယ်တွင် ကပ်ထားသော သွေးမစွတ်စားကိုသာ အရင် ထိပေလိမ့်မည်။

အကြိတ်အနယ် တိုက်ရမည်ဟု လင့်ဌေဖန် တွေးထင်လိုက်လေ၏။

အောင်ပွဲလော

သွေးမစွတ်စားသည် အခြား သံမဏိစားများကို ပြတ်တောက်စေနိုင်သော အစွမ်းရှိ၏။

ဤသည်ကို ဝတ်ရုံမည်းကြီးက သိ၍ တိုက်ကွက်မထုတ်ဘဲ ကြည့်နေလိုက်ခြင်းပင်။

ဝတ်ရုံမည်းကြီး ရုံ့သွားသည်ကို သိသောအခါ လင့်ဌေဖန်က သွေးမစွတ်စား အားကိုးနှင့် ချက်ချင်း တိုက်ကွက်ထုတ်လေတော့သည်။

ဝတ်ရုံမည်းက ပါးနပ်စွာ ရှောင်၏။

စားသွားချင်း မထိမီအောင် သူ့ဌေရောင်စားကို ဝေ့ခုတ်သည်။

လင့်ငွေဖန်က စားသွားချင်း အတင်းလိုက်ခိုင်းသည်။

အတွင်းအားထည့်၍ ရေတံခွန် သိုင်းကွက်ဖြင့် ခုတ်သည်။

စားကွက်များ ပြောင်းပြီး ရေတံခွန် ကျလာသည့်သဖွယ် ဝတ်ရုံမည်း၏ ခန္ဓာကိုယ်ပေါ်သို့ စားသွားက သွန်ကျလာသည်။

ဝတ်ရုံမည်းမှာ မတိမ်းသာ မရှောင်သာတော့။

ငွေရောင်စားကိုသာ ခေါင်းထက်တွင် ဝါးလုံးတန်း ထိုးခံပြီး ကိုယ်ဖော့သိုင်းပညာ၏ အတွင်းအနှစ်သာရမှ ထုတ်နုတ်ထားသည့် လေရိုင်းမှာ ယိမ်းနွဲ့.ကောက်ပင်သွဲ့. အကွက်ဆန်းကို ထုတ်လိုက်၏။

သူနှုတ်မှ ကြိုးဝါးသံပေး၍ လင့်ငွေဖန် စိတ်ကို လှည့်စားသည်။

"ဟိတ် .... "

သူအော်သံက ကြမ်းတမ်းခက်ထရော်လှသည်။

ငွေရောင်စား လှုပ်ရှားသွားသည်။

လေရိုင်းမှာ ယိမ်းနွဲ့.ကောက်ပင်သွဲ့. သိုင်းကွက်ကမူ အော်သံနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ အပျော့သိုင်းကွက် ဖြစ်သည်။ အမာမဟုတ်။

လင့်ငွေဖန်မှာ ဝတ်ရုံမည်း၏ အလှည့်ကို ခံလိုက်ရလေသည်။

သူက အားနှင့် ခုတ်ချလိုက်သော ရေတံခွန်စားချက်မှာ ငွေ

ရောင်စားကို ထိမိသည်နှင့် သံချင်းထိမိလျှင် တွေ့ရသော အမာအားကို မတွေ့ရ။ အမာ.အမာချင်း ထိပြီး စားကို မချိုးနိုင်ပေ။

ဝမ်းစိုင်ဖဲမွေ့ရာပေါ်ကို ထိုင်ချလိုက်ရသလို အိုင်သွားသည်။

ငွေရောင်စားသည် လေကြမ်းမှာ ယိမ်းနွဲ့.သွားသော ကောက်ပင်ကဲ့သို့ သွေးမစွတ်စား၏ ဖိအားအောက်တွင် အလိုက်သင့် ရွေ့လျားနေသည်။

"ဟိုက် .... "

လင့်ငွေဖန် နှုတ်မှ အာမေဋိတ်သံ ထွက်ပေါ်လာသည်။

သူ၏ သွေးမစွတ်စားမှာ ငွေရောင်စား၏ ဆွဲခေါ်ရာသို့ ကပ်ပါသွားပြီး ဝတ်ရုံမည်း၏ ခန္ဓာကိုယ်မှ လွဲထွက်သွား၏။

"တောက် .... "

လင့်ငွေဖန်က ဒေါသဖြင့် တက်ခေါက်လိုက်ပြီး နံဘေးသို့ တိမ်းသွားသော စားချက်ကို တန့်ယူကာ နွားရိုက်ကြိမ်တံ သိုင်းကွက်ဖြင့် ဝတ်ရုံမည်းကို လက်ပြန်ခုတ်လိုက်သည်။

"ဟား .... ဟား .... ဟား .... "

ဝတ်ရုံမည်းက ဟားတိုက်ရယ်မောလိုက်လေ၏။

လင့်ငွေဖန် အံ့အားသင့်ရပြန်လေ၏။

"ဟင် .... "

သူ မှားသွားချေပြီ။

အမှားကို သိရှိန်တွင် နောက်ကျနေပြီ ဖြစ်ပါသည်။

နှားရိုက်ကြိမ်တံ သိုင်းကွက်ဖြင့် လက်ပြန်ခုတ်လိုက်ချိန်တွင် ငွေရောင်ဓားဖျားက မိမိလက်မှုံသို့ လုံတစ်စင်းပမာ ချိန်ရွယ်နှင့်နေလေပြီ။

အတွင်းအားကို မရုပ်ဘဲ ခုတ်ချက်ကို ဆက်၍ လွှတ်လိုက်လျှင် မိမိဓားက ဝတ်ရုံမည်းကို ထိမည်မဟုတ်ပေ။

မိမိ၏ မေ့ကြောကို ငွေရောင်ဓားဖျား စိုက်ချပြီး ဒုက္ခရောက်လိမ့်မည်။

ထို့ကြောင့် အတွင်းအားကို ရုပ်ပြီး ဓားချက်ကို တန့်လိုက်ရလေတော့သည်။

"ဟေး .... "

ဝတ်ရုံမည်းက မမျှော်လင့်သော လှုပ်ရှားမှုကို ပြုလိုက်သည်။

ငွေရောင်ဓားသွားဖြင့် သွေးမစွတ်ဓားပြားကို တောက်ထုတ်လိုက်ခြင်း ဖြစ်သည်။

ဓားကိုဆုပ်ထားသော လင့်ငွေဖန်လက်မှာ အတွင်းအား ရုပ်

ထားသဖြင့် ကိုင်အားမမြဲတော့ချေ။

ဝတ်ရုံမည်း တောက်ထုတ်လိုက်သော အရှိန်ကြောင့် သွေးမစွတ်ဓား လွင့်ထွက်သွားလေတော့၏။

"ချလွင် .... "

"ချမ်း .... "

သွေးမစွတ်ဓားနှင့် ထိသွားသော ဝတ်ရုံမည်း လက်ထဲမှ ငွေရောင်ဓားလည်း ကျိုးသွားသည်။

တဒင်္ဂမျှ မင်တက်နေရာမှ သတိဝင်လာသော လင့်ငွေဖန်က လက်မြောက်၍ အချက်ပြလိုက်ရလေ၏။

ဝေါဝေါဝါးသော အဆင့်မြင့် သိုင်းပညာရှင် လေးဦးက လင့်ငွေဖန် အချက်ပြသည်ကို မြင်လိုက်ကြသဖြင့် စည်းဝိုင်းနီအတွင်းသို့ ခုန်ဝင်လာကြသည်။

ခုန်ဝင်လာသော သိုင်းပညာရှင် လေးဦး၏ အကာအကွယ်ကို ယူ၍ တိမ်းရှောင်ရန် ကြံစည်ခြင်း ဖြစ်သည်။

သို့သော် သိုင်းပညာရှင်လေးဦးက ဝတ်ရုံမည်းထံ ဦးမတည်ဘဲ လင့်ငွေဖန်၏ ကျောဘက်သို့ ရောက်လာပြီး လင့်ငွေဖန်၏ ထွက်လမ်းကို ဝိတ်ထားလိုက်ကြသည်။

လူယုံများ သစ္စာဖောက်ပြီဟု လင့်ငွေဖန် သိလိုက်၏ .... ။ ထို့ကြောင့် သူ ထွက်မပြေးတော့ချေ။

ထို့ကြောင့် ဝတ်ရုံမည်းကို ရင်ဆိုင်လိုက်သည်။

လင့်ငွေဖန်က သိမ်းစွန့်ရဲသိုင်းပညာဖြင့် ဝတ်ရုံမည်းကို တိုက်ခိုက်သည်။

ဝတ်ရုံမည်းက အတုမဲ့ အလင်းသိုင်းဖြင့် ပြန်လည်တိုက်ခိုက်သည်။

ဝတ်ရုံမည်း၏ တစ်ဆက်တည်း စုံလွဲရိုက်လိုက်သော လက်ဝါးပြင်က လင့်ငွေဖန် ခန္ဓာကိုယ်ကို ပြင်းထန်စွာ ထိသည်။

"ဗုန်း .... "

"အား .... "

လင့်ငွေဖန်၏ ခန္ဓာကိုယ်သည် လေထဲတွင် ဝဲပျံပြီး စည်းဝိုင်းနိုအပြင်ဘက်သို့ လွင့်စဉ်ကျသွား၏။

ကျောက်သားမျက်နှာပြင်နှင့် ရိုက်မိကာ တွန့်လိမ်လျက် သွေးတစ်ချက် အန်ပြီး ငြိမ်သက်သွားတော့သည်။

"လင့်ငွေဖန် သေပြီဟေ့ .... လင့်ငွေဖန် ရှုံးသွားပြီကွ"

လင့်ငွေဖန်ကို မုန်းတီးနေကြသော ပရိသတ်က၊ ဝမ်းသာအားရ

အော်ဟစ်ကြသည်။ ထိုက်ဟူဂိုဏ်းသည် လူမှန်းများသော ဂိုဏ်းဖြစ်၏။

ဝတ်ရုံမည်းက သွေးမစွတ်ဓားကို ကောက်ကိုင်သည်။

ထို့နောက် ထိုက်ဟူဂိုဏ်းချုပ်များ ထိုင်ရသော ရွှေရောင်ထိုင်ခုံကြီးဆီသို့ လျှောက်သွားသည်။

ဝေါဃမ်းလာသော အဆင့်မြင့် သိုင်းသမားများက လမ်းဖယ်ပေးကြသည်။

ဝတ်ရုံမည်းက ရွှေရောင်ထိုင်ခုံကြီးရှေ့ ရောက်လျှင် သွေးမစွတ်ဓားကို မြှောက်ပြီး ပစ်လွှတ်လိုက်သည်။

"ထန်း .... "

သွေးမစွတ်ဓားက ရွှေရောင်ထိုင်ခုံလက်ရမ်းပေါ်တွင် စိုက်ဝင်ပြီး တုန်ခါနေသည်။

ထို့နောက် ဝတ်ရုံမည်းက ပရိသတ်ဘက်သို့ ဦးညွှတ်ပြီး ကြည်လင်ဖြတ်သားသော အသံဖြင့် ....

"ဟုန်ကျက်ကန် ပူဇော်ပွဲကို ကြွရောက်လာတဲ့ ပရိသတ်များ ခင်ဗျား၊ ဝူးဟော် မြို့သူမြို့သားများ ခင်ဗျာ .... အခုဆိုရင် ကျွန်တော်ဟာ ဟုန်ကျက်ကန် ပူဇော်ပွဲအရသော်လည်းကောင်း၊ ထိုက်ဟူဂိုဏ်းစည်းကမ်းအရသော်လည်းကောင်း လင့်ငွေဖန်ကို တရားမျှတစွာ အနိုင်

ရှိခဲ့ပြီဖြစ်လို့ ထိုက်ဟူဂိုဏ်းချုပ် နေရာကို ယူခွင့်ရှိပါပြီ .... ဒီရွှေရောင်ထိုင်ခုံမှာ ထိုင်မယ်ဆို ထိုင်နိုင်ပါပြီ .... "

ပရိသတ်ကြီးထံမှ မည်သည့်စကားသံမျှ မကြားရ။

တိတ်ဆိတ်နေသည်။

"သို့သော်လည်း ကျွန်တော်ဟာ ဒီရွှေရောင်ထိုင်ခုံပေါ်မှာ ထိုင်သင့်သူ မဟုတ်ပါဘူး .... "

ပရိသတ်က လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။

"ဒီရွှေရောင်ထိုင်ခုံနဲ့ ထိုက်တန်သူတစ်ယောက် ရှိပါသေးတယ်၊ သူဟာ ထိုက်ဟူဂိုဏ်းသားတစ်ယောက် ဖြစ်သလို အစဉ်အလာရှိသူ တစ်ယောက်လည်း ဖြစ်ပါတယ် .... သူဟာ လင့်ဒွေဖန်ရဲ့ မတရားမှုတွေကို မကျေနပ်တာကြောင့် ထိုက်ဟူဂိုဏ်းထဲက ခေတ္တရှောင်တိမ်းနေသူပါ .... "

"ရွှေရောင်ကုလားထိုင်နဲ့ ထိုက်တန်သူ ဘယ်သူလဲ ပြောပါဦးဗျို့ .... "

"သီချင်တယ်ဗျို့ .... "

"ပြောပါ .... ပြောပါ .... "

ပရိသတ်က အော်ဟစ်တောင်းဆိုကြသည်။

ထိုက်ဟူဂိုဏ်းသားများပင် စိတ်လှုပ်ရှားလာကြလေ၏။

မည်သူပေနည်း။

ထိုက်ဟူဂိုဏ်းမှ တိမ်းရှောင်နေသူ မည်သူနည်း။

ဝတ်ရုံမည်းက လက်တစ်ဖက် မြှောက်လိုက်၏။ ငြိမ်သက်စေလိုသည့် သဘောပင်။

ပရိသတ်၏ တောင်းဆိုမှုများသည် တိတ်ဆိတ်သွားလေ၏။

ဝတ်ရုံမည်းက ထုတ်ပြောလေတော့၏။

"ရွှေရောင်ကုလားထိုင်နဲ့ ထိုက်တန်သူရဲ့ အမည်ဟာ ချူယိုဖုန်းပါ ခင်ဗျာ .... "

ဝတ်ရုံမည်း၏ ထုတ်ဖော်ပြောသံ အဆုံးတွင် ပရိသတ်ကြားမှ လူတစ်ယောက် ကျောက်ဆောင်ပေါ်သို့ ခုန်တက်လာသည်။

ချူယိုဖုန်းပေတည်း။

"ဂိုဏ်းချုပ် ချူယိုဖုန်း .... ဂိုဏ်းချုပ် ချူယိုဖုန်း .... "

ထိုက်ဟူဂိုဏ်းသားဟောင်းများကလည်း ဝမ်းသာအားရ ကြိုဆိုကြသည်။ ထိုအခါ ဂိုဏ်းသားသစ်များမှာ မလှုပ်ဝံ့ကြတော့ပေ။

ချူယိုဖုန်းကို သိကျွမ်းချစ်ခင်ကြသော ပရိသတ်ကလည်း ....

"ချူယိုဖုန်း ပြန်လာပြီဟေ့ .... ချူယိုဖုန်း ပြန်လာပြီ"

ချူယိုဖုန်းက ဝတ်ရုံမည်းထဲ လျှောက်သွားပြီး ဦးညွတ်ဂါရဝပြုလိုက်လေ၏။

ပြီးမှ .... ရွှေရောင်ထိုင်ခုံ လက်ရမ်းမှ သွေးမစွတ်ဓားကို နှုတ်ယူပြီး ခါးတွင် အသင့်ပါလာသော ဓားအိမ်လွတ်ထဲသို့ အမြှတ်တို့သွင်းလိုက်လေသည်။

ထို့နောက် ပရိသတ်ဘက်သို့ ဦးညွတ်ပြီး ....

"ကျွန်တော် ထိုက်ဟူဂိုဏ်းချုပ် ဒီကနေ့ ဒီအချိန် ဖြစ်လာတဲ့ နေ့ကစပြီး ထိုက်ဟူဂိုဏ်းကို ကောင်းမွန်သန့်စင်အောင် ပြန်ပြင်ပါ့မယ်၊ ထိုက်ဟူဂိုဏ်းဝင် မှန်သမျှ အပြစ်မဲ့သူတွေကို မစော်ကားရပါဘူး .... စော်ကားသူကို ပြင်းထန်တဲ့အပြစ် ပေးပါ့မယ် .... နှစ်စဉ် ကျင်းပတဲ့ ဟုန်ကျက်ကန် ပူဇော်ပွဲကို လာကြည့်တဲ့သူတွေထဲက မည်သည့် အခကြေးငွေမျှ ကောက်ယူခွင့်မပြုစေရပါဘူး .... အားလုံးဝိုင်တဲ့ ဟုန်ကျက်ကန် ပူဇော်ပွဲကို အားလုံး အခမဲ့ကြည့်ခွင့် ရှိစေရပါ့မယ် .... "

ပရိသတ်မှာ ဝမ်းသာလွန်းသဖြင့် ခေါင်းဆောင်းများ၊ ဝတ်ရုံများ၊ ပဝါများ လေထဲပစ်လွှင့်ကာ ....

"ဟေး .... ဒါမှ တို့ ချူယိုဖုန်းက .... "

ချူယိုဖုန်း လက်မြှောက်ပြမှ ပရိသတ်များ ပြန်လည်တီတ်ဆိတ်သွားလေသည်။

"ဒီနှစ် ကျင်းပတဲ့ ဟုန်ကျက်ကန် ပူဇော်ပွဲဟာလည်း အောင်မြင်ပြီလို့ ဆိုနိုင်ပါတယ် .... ပရိသတ်ကြီးအဖို့လည်း ဒီနေ့အတွက် နေရပ်အသီးသီးကို ပြန်ကြရန် အချိန်သင့်ပါပြီ ခင်ဗျာ .... "

"ဟေး .... "

"ဟေး .... "

ပရိသတ်ကြီးမှာ ပျော်ရွှင်စွာ အော်ဟစ်ကြပြီး လေမျှားကို လှော်ခတ်၍ ရေဆီပ်ဆီသို့ ရွှေ့လျားသွားကြလေတော့သည်။

တစတစ ကျောက်ဆောင်ပတ်ဝန်းကျင်တွင် လူများ ကင်းရှင်းသွားကြလေသည်။

ကျယ်ပြောသော ဟုန်ကျက်ကန်တော်ကြီးမှာ တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

သူ၏ အတွင်းအားကို ပြန်လည်စုစည်း၍ ကိုယ်ကို လှိမ့်လိုက်၏။

သူ၏ လှုပ်ရှားမှုကို ချူယိုဖုန်းတို့ မသိကြပေ။ သတိမထားမိကြပေ။

နောက်တစ်ပတ် လှိမ့်လိုက်ပြန်သည်။

လင့်ငွေဖန်၏ ခန္ဓာကိုယ်သည် .... သေချင်ဟန်ဆောင်၍ လဲလျောင်းနေသော ထိုက်ဟူအဘိုးကြီးရှန်အနားသို့ ရောက်သွားသည်။

အဘိုးကြီးရှန်က အသံကြားသဖြင့် လှည့်ကြည့်လိုက်သည်။

လင့်ငွေဖန် မသေသည်ကို သူ မြင်သည်။

ချူယိုဖုန်းတို့ကို အော်ဟစ်ခေါ်ရန်ပါးစပ်ကို ပြင်လိုက်၏။

သို့သော် လင့်ငွေဖန်က မြင်သွားလေပြီ။

ထိုအချိန်၌ လင့်ငွေဖန်၏ ဦးနှောက်ထုတ်သိုင်းကွက်က အဘိုးကြီးရှန်၏ ခေါင်းပေါ် ကျသွားလေတော့သည်။

"အ .... အ .... "

အော်သံတိုးတိုးမျှသာ ထွက်ပေါ်ပြီး အဘိုးကြီးရှန် ငြိမ်ကျသွားလေသည်။

လင့်ငွေဖန်မှာ အတွင်းအားထုတ်၍ ရိုက်လိုက်သောကြောင့်

ထိုက်ဟူဂိုဏ်းသားများက ချူယိုဖုန်းရှေ့သို့ တစ်ယောက်ပြီး တစ်ယောက် ရောက်လာပြီး ဂါရဝပြုကြသည်။

"ဂိုဏ်းချုပ်ကြီး ချူယိုဖုန်း ကျန်းမာပါစေ .... "

"ထိုက်ဟူဂိုဏ်းကြီး အစွန့်ရှည်ပါစေ .... "

ဝတ်ရုံမည်း၊ ချူချင်းချင်းနှင့် ဝေါထမ်းအဆင့်မြင့် သိုင်းသမားလေးဦးက ချူယိုဖုန်းကို ပီတိတွေ့သော မျက်လုံးများဖြင့် ကြည့်နေကြသည်။

ထိုအချိန်တွင် စည်းဝိုင်းနီ အနီးဌ်၌ လဲကျနေသော လင့်ငွေဖန်မှာ လူးလွန့်လှုပ်ရှားလာသည်။

လင့်ငွေဖန် မသေသေးပေ။

အသက်ပြင်းသော လင့်ငွေဖန်ပေတည်း။

ရင်ဘတ်အတွင်းမှ အောင့်လာပြီး သွေးတစ်ချက် ထိုးအန့်မိလေသည်။

ထို့နောက် ကိုယ်ကို ဆက်လှိမ့်ပြီး ကျောက်ဆောင်နှုတ်ခမ်း ပေါ်သို့ လှိမ့်လိုက်သည်။

ကျောက်ဆောင်အစပ်သို့ရောက်လျှင် အောက်သို့ တွယ်ဆင်း ပြီး ဘေးဘီဝဲယာကို ကြည့်သည်။

လင့်ဌေဖန်က ကဲကောင်းသည်။

မနီးမဝေးတွင် အမြန်လှေမှာ လူသူမဲ့ ဆိုက်ကပ်ထား၏။

လင့်ဌေဖန် လှေပေါ်တက်သည်။

လှော်တက်ကို မ,၍ ရေသံမကြားအောင် လှော်သည်။

အမြန်လှေကလေးမှာ တစတစ မြန်လာပြီး လင့်ဌေဖန်ကို သယ်ဆောင်၍ ချူယိုဖုန်းတို့နှင့် ဝေးရာကို သယ်ဆောင်သွားလေတော့ သည်။

ချူယိုဖုန်းတို့ မှားခဲ့ကြသည်။ ပြန်လှန်မစစ်ဆေးသည့်အမှား။

ချူယိုဖုန်းတို့ ပျော်ရွှင်နေကြသည်။

ချူယိုဖုန်းက ဝတ်ရုံမည်းကြီးကို ဦးညွှတ်၍ ....

"မိတ်ဆွေကြီး .... ကျွန်ုပ်တို့ ထိုက်ဟူဂိုဏ်းတည်ရာ .... ဝူလုံ အဆောက်အအုံကို လိုက်ခဲ့ဖို့ ကျွန်တော် ဖိတ်ပါတယ် .... ညည့်ခံကွေး

မွေးပါရစေ .... "

ဝတ်ရုံမည်းက ....

"ရပါတယ်ဗျာ၊ ကျွန်တော်ကလည်း ဝူလုံအဆောက်အအုံကို အလည်လာချင်နေတာ ကြာပါပြီ .... ကဲ .... သွားကြရအောင်"

ထွက်ခွာရန် ဟန်ပြင်လိုက်ကြသည်။

သူတို့၏ ဆန့်ကျင်ဘက် အဝေးတစ်နေရာသို့ ဂိုဏ်းချုပ်ဟောင်း လင့်ဌေဖန် ထွက်ပြေးသွားပြီဖြစ်သည်ကို သူတို့ မသိကြလေတကား။

ချူယိုဖုန်းက အချက်ပြလိုက်သောအခါ ဝေါထမ်းသိုင်းသမား ကြီး လေးဦးက ဝေါကြီးကို ထမ်း၍ ချူယိုဖုန်းရှေ့သို့ လျှောက်လာ သည်။

ချူယိုဖုန်းကို သယ်ဆောင်၍ ရွှေရောင်လှေကြီး ဆိုက်ကပ်ထား ရာသို့ သွား၏။

ဝတ်ရုံမည်းက ဝေါကြီးနောက်မှ လိုက်လာရင်း သွေးအိုင်ထဲ တွင်လဲကျနေသော ဂိုဏ်းခွဲမှူးအဘိုးကြီးရှုန်ကို မြင်သွားသည်။

"ဟင် .... ဘယ်လိုဖြစ်တာပါလိမ့် .... "

နှုတ်မှ အာမေဋိတ်သံ ထွက်သွား၏။

ထို့နောက် အဘိုးကြီးရှုန်အနီး ပြေးကပ်ပြီး မွေ့.ယူလိုက်လျှင်

ဝတ်ရုံမည်းလက်တွင်း၌ အသက်မဲ့နေသော ခန္ဓာကိုယ်ကိုသာ တွေ့ရတော့သည်။

ခေါင်းမှာ ဆံရာကို စစ်ဆေးကြည့်သည်။ ဤလူ မည်သို့သေရသနည်း။

လင့်ငွေဖန် လက်ချက်မှန်း သိလိုက်သည်။ အမှတ်မထင် တွေ့ရှိမှုသာ ဖြစ်သည်။

ဝတ်ရုံမည်းက လင့်ငွေဖန် လဲကျနေခဲ့သော နေရာကို လှမ်းကြည့်သည်။

လင့်ငွေဖန်ကို မတွေ့ရတော့ပေ။

ဝတ်ရုံမည်း မျက်နှာပျက်သွားသည်။

ဝတ်ရုံမည်း၏ အမူအရာကို မြင်သော ချူယိုဖုန်းက ....

"ဘာဖြစ်လို့လဲ မိတ်ဆွေကြီး .... "

"လင့်ငွေဖန် မသေဘူး .... ထွက်ပြေးသွားပြီ .... "

အားလုံး တိတ်ဆိတ်ငြိမ်သက်သွားကြ၏။

ပြီးမှ သက်ပြင်းချလိုက်ကြသည်။

ချူယိုဖုန်း အချက်ပြလိုက်သောကြောင့် ဝေယာဉ်ထမ်းသိုင်းသမားများ ခြေထောက်ရွေ့လျားကြသည်။

ဝတ်ရုံမည်းလည်း ဝေယာဉ်နောက်မှ လိုက်ခဲ့၏။

ရွှေရောင်လှေကြီးအတွင်းသို့ရောက်လျှင် အနီရောင်ကတ္တီပါကန့်လန့်ကာကြီး ကာထားသော ပေါင်းဖိုးတဲနန်းအတွင်းသို့ အားလုံး ဝင်ကြသည်။

လှေလှော်သားများ စတင် လှော်ခတ်ကြသည်။

ရွှေလှေကြီး ရွေ့လျားလေပြီ။

ချူချင်းချင်းက ဝတ်ရုံမည်းနှင့် ဝေထမ်းသိုင်းသမားများဘက်သို့ လှည့်၍ ....

"ကဲ .... ထိုက်ဟူဂိုဏ်းကိစ္စ အောင်မြင်ပါပြီရှင် .... အစ်ကိုတို့ ရုပ်ဖျက်ထားတာတွေ မလိုတော့ပါဘူး .... ဟင်း ဟင်း"

ဟု ရယ်မောလျှက် ပြောသည်။

ဝတ်ရုံမည်းက သူကိုယ်ပေါ်မှ ဝတ်ရုံမည်းကြီးကို ချွတ်လိုက်သည်။

ဝတ်စုံဖြူ ပေါ်လာ၏။

ထို့နောက် မျက်နှာမှ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများကို ဆွဲဖြုတ်လိုက်သည်။

ချောမွေ့ခန့်ညားသော မျက်နှာပေါ်လာသည်။

သူသည်ကား ရုပ်ဖျက်ထားသော ကော့ဖေးဟုန်တည်း။

ချူယိုဖုန်းက လှိုက်လဲစွာ ပြောလေ၏။

"ညီလေး ကော့ဖေးဟုန်ကို ကျေးဇူးတင်ပါတယ်ကွယ် .... "

ဝေါထမ်းသမား လေးဦးကလည်း ရုပ်ဖျက်ဟန်ဆောင်ထား သည်များကို ဖယ်လိုက်သည်။

တစ်ယောက်မှာ ကိုက်ပန်ဂိုဏ်းချူပ်ကြီး။

တစ်ယောက်မှာ ဆရာကြီး တာအိုတန်။

နောက်နှစ်ယောက်မှာ ယွင်စည်ကျဲနှင့် ထန်စွမ်ချင်း။

သူတို့အားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်မောကြလေတော့၏။

ရယ်သံများမှာ ဘဝဂ်ည်သွားသည်။

အခန်း (၂၃)

နှစ်ကိုယ်မှားသိုင်းပညာ

မဟူရာမြင်းနက်ကြီးဖြင့် ဒုန်းစိုင်းလာသော ကော့ဖေးဟုန် သည် တောင်ခြေတစ်ခုသို့ရောက်လျှင် မြင်းကို ဇက်သတ်၍ ရပ်လိုက် ၏။

ညဉ့်ငှက်ညီနောင်ထံမှ ရှုထားသည့် ဆိတ်သားရေ မြေပုံကို ရင်ဘတ်အတွင်းမှ ထုတ်ကြည့်သည်။

မြေပုံထဲတွင် ဖော်ပြထားချက်အရ ယခု သူ ရောက်နေသော တောင်မှာ ပညာရှိတစ်ဦး၏အမည်ကို အစွဲပြုခေါ်သော ဝမ်စုတောင် တန်းဖြစ်နေသည်။

လိပ်တောင်သည် ဤ ဝမ်စုတောင်၏ မြောက်ဘက်တွင် ရှိ၏။

ကော့ဖေးဟုန်က မြင်းစက်ကြိုးကြီးကိုဆွဲ၍ မြောက်ဘက်သို့ ခေါင်းထည့်ပေးလိုက်၏။

လူသူအရောက်အပေါက် ကင်းမဲ့သောကြောင့် .... တောလမ်းကလေးမှာ ချုံနွယ်ဝိတ်ပေါင်းများ ထူထပ်နေသည်။

ကော့ဖေးဟုန်၏ မဟူရာမြင်းနက်က ချုံနွယ်ဝိတ်ပေါင်းများကို ခုန်လွှားကျော်ဖြတ်လျက် ဒုန်းစိုင်းပြေးနေပြန်တော့၏။

သူသည် ထိုက်ဟူဂိုဏ်းကိစ္စ ဆောင်ရွက်ပြီးနောက် ဝူလုံ့ အိမ်တော်ကြီးတွင် သုံးရက်ခန့် အနားယူခဲ့ရ၏။

အနားယူသော ထိုရက်များတွင် ချူချင်းချင်းက လိုလေသေးမရှိအောင် ပြုစုသည်။

ချူချင်းချင်းက အပြုအစု ပိုလေ ကော့ဖေးဟုန်မှာ အနေခက်လေပင်။

အဘယ်ကြောင့်ဆိုသော် ယွင်စည်ကျဲနှင့် ထန်စွမ်ချင်းက နှုတ်ခမ်းစူနေသောကြောင့်ပင်တည်း။

သူနှင့် ချူချင်းချင်းကို ယွင်စည်ကျဲတို့ အထင်လွဲနေမှန်း ရိပ်စားမိသည်။

နှလုံးသား မာကျောပြီး အရာရာတွင် စိတ်မြန်လွယ်သော ယွင်

စည်ကျဲ။

စိတ်သဘောထား နုနယ်ပြီး .... အရွက်ကြီးလှသော ထန်စွမ်ချင်း။

အလှချင်းပြိုင်လျှင် သူမနှိုင် ကိုယ်မနှိုင်ရှိသော တိုမိန်းကလေးနှစ်ဦး၏ မျက်နှာများသည် ကော့ဖေးဟုန် စိတ်အာရုံထဲ၌ ယှဉ်၍ ပေါ်လာနေသည်။

"ဟင်း .... "

သက်ပြင်းချလိုက်ပြီး အာရုံထဲမှ မိန်းမလှနှစ်ဦး၏ မျက်နှာကို မှေ့ဖျောက်လိုက်ရသည်။

ကော့ဖေဟုန်း၌ ဆောင်ရွက်ရန်တာဝန်များ ရှိနေသည်။

မပြီးပြတ်သော ကိစ္စမှာ သိမ်းစွန်ရဲဂိုဏ်းကိစ္စပင်တည်း။

သိမ်းစွန်ရဲဂိုဏ်း၏ .... ဂိုဏ်းချုပ်နှစ်ဦးကို ဂူဖွေရှင်းလင်းရဦးမည်။

သူ့ဆရာများက သူ့ကို တာဝန်ပေးလိုက်သည်။

သူတို့နှစ်ဦး ရှိနေသရွေ့ သိုင်းလောကအတွင်း၌ ဒုစရိုက်မှုများ ဖြင့် ညစ်ထေးနေပေဦးတော့မည်။

ထိုကိစ္စအတွက် လိပ်တောင်သို့ ခရီးနှင်နေရခြင်း ဖြစ်သည်။

လိပ်တောင်ပေါ်တွင် ယွင်းဟိုင်ဆရာကြီး ရှိနေသည်။

နေမွန်းတိမ်းချိန်တွင် လိပ်တောင်၏ အခြေသို့ ရောက်လာသည်။

ဆိတ်သားရေမြေပုံကို ထုတ်ကြည့်ရပြန်သည်။

မြေပုံညွှန်းအတိုင်း လမ်းရှာ၍ တောင်ပေါ်သို့ တက်ခဲ့သည်။

ကျောင်းအဆောက်အအုံကို လှမ်းမြင်ရပြီ။

ကျောင်းပရဝုဏ်စည်းရိုးအဖြစ် သစ်ဖြူပင်ကို စွဲနှံ၍ အားလုံးဝိုင်းပတ်စိုက်ထူထားသည်။

တံခါးဝတွင် ကြေးဖြင့် သွန်းလုပ်ထားသော စည်ကြီးတစ်လုံးကို မှောက်ထားသည်။

ကော့ဖေးဟုန် မြင်းပေါ်မှ ဆင်းသည်။

ဇက်ကြိုးကို လွှတ်လိုက်သည်။

မြင်းလိမ္မာကြီးက အနီးဝန်းကျင်တွင် ထူထပ်စွာ ပေါက်နေသော မြင်းစားမြက်တောထဲဝင်သွားပြီး အစာ စားနေတော့သည်။

ကော့ဖေးဟုန်က တံခါးဝသို့ လျှောက်သွားပြီး အခြေအနေကြည့်သည်။

လူရိပ်လူယောင် မမြင်။

တံခါးမှ ဧရိယာလျှက်။

မြေပြင်တွင် မှောက်ထားသော ကြေးသွန်းစည်ကြီးကို အကြည့် ရောက်သွားသည်။ စူးစမ်းသည့်အနေဖြင့် လက်နှင့် ပုတ်စမ်းကြည့်သည်။

လုံးဝ အသံမမြည်ချေ။

အနီးအနားတွင် ထုနှက်စရာ ရှာဖွေကြည့်ပြန်သည်။

မည်သည့် ထုနှက်စရာမျှ မတွေ့ပြန်ပေ။

ဤနေရာ၌ ကြေးသွန်းစည်ကြီး ရှိနေခြင်းမှာ လူခေါ်ရာတွင် တီးခတ်ရန်ဖြစ်သည်မှာ သေချာသည်ဟု ကော့ဖေးဟုန် သိ၏။

သို့သော် သာမန်လူများအဖို့ သံတူနှင့် ထုနှက်မှ ကြေးသွန်းစည်ကြီးက အသံမြည်လိမ့်မည်။

ထို့ကြောင့် .... ဤကြေးသွန်းစည်ကြီးကို ထုနှက်တီးခတ်ရန် ပစ္စည်းမရှိဘဲ ထားခြင်းမှာ သာမန်လူများကို ဤကျောင်းမှ တွေ့ဆုံလိုခြင်း မရှိသောသဘော ဖြစ်မည်ဟု .... ကော့ဖေးဟုန် တွေးမိသည်။

သူ တွေးတောစဉ်းစားမှု မှန်ကန်ပါလိမ့်မည်။

ယွင်းဟိုင်ဆရာကြီးက .... အဆင့်မြင့် သိုင်းသမားများကိုသာ

လက်ခံတွေ့ဆုံလိုသည့်သဘောပင်။

ကော့ဖေးဟုန်က ကြေးသွန်းစည်ကြီး အနီးသို့ တိုး၍ ရပ်လိုက်သည်။

အတုမဲ့လေသိုင်း၏ နိဂုံးသိုင်းကွက်များအနက် အတွင်းအားအပြည့်ဆုံးဖြစ်သော တောင်စွယ်နေဝပ် သိုင်းကွက်ကို ထုတ်သည်။

လက်သီးဆုပ်အတွင်း၌ တစ်ကိုယ်လုံး အတွင်းအားများ စုဝေးလာ၏။

ထိုလက်သီးဖြင့် .... ကြေးသွန်းစည်ကြီးကို ထုနှက်ရပေတော့မည်။

ခန္ဓာကိုယ်ကို တစ်ချက် ညွှတ်လိုက်သည်နှင့် မြှောက်ထားသော လက်သီးဆုပ်က အဟုန်ပြင်းစွာ ကျဆင်းလာပြီး ကြေးသွန်းစည်ကြီး၏ မျက်နှာပြင်ဗဟိုသို့ ထုမိသည်။

"ဒုံ .... ဟုံ .... ဟုံ .... "

ကြေးသွန်းစည်ကြီး၏ အသံသည် မတိုးမကျယ် ထွက်ပေါ်လာပြီး လေထုအတွင်း မြည်ဟည်းသွားသည်။

"အပြင်မှာ ဘယ်သူရောက်နေသလဲဟေ့ .... "

ကျောင်းတွင်းမှ ထွက်ပေါ်လာသော အသံဖြစ်သည်။

ထိုအသံသည် ချက်ချင်းပင် ကျောင်းဝင်းတံခါးဝသို့ ရောက်လာသည်။

"မီးလား .... ရေလား .... "

အမေး။ မေးခွန်း။

ပထမတော့ ကော့ဖေးဟုန် နားမလည်ချေ။

တွေငေးသွား၏။

သို့သော် မကြာမီ ....

သူ တွေးနိုင်လိုက်၏။ အဖြေက လွယ်ပါသည်။

"ရေဆိုပါတော့ .... "

သူ ဖြေလိုက်သောအခါ ....

ဝင်းတံခါး ပွင့်သွားသည်။

"ကြေးသွန်းစည်ကို အသံမြည်အောင် ထုနိုင်တယ်ဆိုတော့ မင်းအတွင်းအား မဆိုးဘူး .... "

အသံနှင့် သိုင်းဆရာကြီးတစ်ယောက် ထွက်လာ၏။

ပွရောင်းသော ရွှေရောင်ဝတ်ရုံကြီးအတွင်း၌ အလွန်ဝိန်လိုလှသော ခန္ဓာကိုယ်ရှိသည်။

"ငါ့နာမည် ဟိုင်ရိလို့ ခေါ်တယ် .... ဟိုင်ရိဟာ ဒီတံခါးဝမှာ

တောင်တစ်လုံးပဲ .... မီးပဲလာလာ ရေပဲလာလာ ကျောင်းထဲကို ဝင်လို့ တဲ့သူ မှန်ရင် ပထမ ကြေးသွန်းစည်ကို ထုနိုင်ရမယ် .... ဒုတိယ ဟိုင်္ဂလိ ဆိုတဲ့တောင်ကို ကျော်လွှားရမယ် .... အဲဒါ ထုံးစံပဲ၊ မင်းက ကြေးသွန်းစည်ကို မြည်အောင်လုပ်နိုင်ခဲ့ပြီ၊ ဒီတော့ .... ဟိုဟိုရီတောင်ဆိုတဲ့ ဂျပန်နိုင်အောင်တိုက်ပြီး ကျော်ပေတော့ .... "

ကေဇုဖေးဟုန် စိတ်ညစ်သွားသည်။ သူ တိုက်ခိုက်ရန် လာသည် မဟုတ်ပေ။

မိတ်ဆွေအဖြစ်နှင့် လာသည်ကို သိလျက် တိုက်ခိုက်ရန် ဖြေ နေပြန်သည်။

သိုင်းပညာအဆင့်ကို စမ်းလိုသောကြောင့်မှန်း သိလိုက်၏။

သို့သော် ....

ရန်သူမှအပ မည်သူ့ကိုမျှ မတိုက်ခိုက်ချင်။

ထို့ကြောင့် .... ခန္ဓာကိုယ်ကို လှုပ်ယိမ်းလိုက်ပြီး ပန်းချီဂုဏ်သခင်မ၏ ကိုယ်ဖော့ပညာကို သုံးလျက် တံခါးဝသို့ ခုန်ဝင်လိုက်သည်။

ကေဇုဖေးဟုန်မှာ မြန်လှပါသည်။

သို့သော် ဟိုင်္ဂလိ ပိုမြန်သည်။

ကေဇုဖေးဟုန် ရှေ့ကို ရိပ်ခနဲ ရောက်လာပြီး အကြောလွဲအရိုး

ခွဲ လက်ထောက်သိုင်းကွက်ဖြင့် ကေဇုဖေးဟုန်နံပါးသို့ ဆောက်လိုက်သည်။

ကေဇုဖေးဟုန် လန့်သွားသည်။

မခုခံနိုင်လျှင် မလွယ်ပေ။

သူ့ လှုပ်ရှားမှုက လျင်မြန်လှသည်။

တစ်ချက်တည်းနှင့် ခန္ဓာကိုယ် အကြောများ ကပြောင်းကပြန် ဖြစ်ကာ အတွင်းအရိုးဆစ်များ ကြေမွကုန်လိမ့်မည်။

"ယား .... "

မာန်သွင်းလိုက်ပြီး နံရိုးပေါ်သို့ စိုက်ဝင်လာသော ဟိုင်ရိ၏ လက်ချောင်းများကို မွန်းတိမ်းအရိပ်ကျ သိုင်းကွက်ဖြင့် တားဆီးလိုက်ရ၏။

သူ ကာကွယ်ရမည်၊ ဒုက္ခိတ အဖြစ်မခံနိုင်ပေ။

ကေဇုဖေးဟုန် လက်ဝါးစောင်းနှစ်ချက်ဖြင့် ဟိုင်ရိလက်ချောင်းကို ညှပ်မိသည်။

ဟိုင်ရိက အတွင်းအား ထုတ်၍ ရုန်းသည်။

ကေဇုဖေးဟုန်က ဟိုင်ရိလက်ကို ချက်ချင်းလွှတ်ပေးလိုက်၏။

အရှိန်လွန်လျက် အနောက်သို့ ယိမ်းယိုင်ပြီး ဟန်ချက်ပျက်သွား

သော ဟိုင်ရိခန္ဓာကိုယ်ပေါ်သို့ ကော့ဖေးဟုန် လက်ချောင်းများ ကျ ရောက်လာလေတော့၏။

ဟိုင်ရိမှာ မလှုပ်နိုင်တော့ဘဲ မတ်မတ်ရပ်လျက်နှင့် တောင့် တောင်ကြီး ဖြစ်နေတော့သည်။

သူ အကြောပိတ်ခံလိုက်ရလေပြီ။

ထို့ကြောင့် ဟိုင်ရိကိုကျော်၍ တံခါးဝမှ ဝင်ခဲ့သည်။

ကျောင်းအဆောက်အအုံမှာ မျှော်လင့်ထားသည်ထက် ပို၍ ကြီးမားခန့်ညားနေ၏။

ရှေးဟောင်းကျောင်းကြီး ဖြစ်သည်။

ထုထည်ကြီးမားလှသော ကျောက်တုံးကြီးများကို စီ၍ ထူထော သော နံရံကြီးများဖြင့် တည်ဆောက်ထားသော ဧရာမကျောင်းကြီး ဖြစ်သည်။

လှေကားထစ်များကို နင်း၍ တက်လာမိသည်။ ရေတွက်ကြည့် ရာ ၁၆ ထစ် ရှိသည်။

ကျောင်းခန်းမအဝတွင် မည်သူမျှ မရှိ။

ကျောင်းခန်းမကြီးအတွင်းသို့ လှမ်းဝင်လိုက်ရာ ပို၍ အံ့အား သင့်ရသည်။

ရှည်လျားသော ခန်းမကျယ်ကြီးထဲ၌ သိုင်းဆရာကြီး ဆယ့်ခုနစ် ဦး ရပ်နေသည်။

ရပ်နေပုံမှာ အစီအစဉ်ဖြင့် အကွက်ချထားသော ဆန်းကြယ် သည့် သိုင်းကွက် အနေအထားအတိုင်း ဖြစ်သည်။

ငြိမ်သက်စွာ ရပ်နေကြသော သိုင်းဆရာကြီးများအား အသေ အချာ ကြည့်လိုက်၏။

အသက်ရှူသည်ကို မတွေ့ရပေ။

သေချာစွာ ကြည့်မှ ကျောက်ရုပ်များဖြစ်ကြောင်း သိရတော့ သည်။

"ဟား ဟား ဟား .... ငါ့နယ်ကွာ ကျောက်ရုပ်နဲ့လူကိုတောင် ခွဲခြားမသိဘူးရယ်လို့ ညံ့လိုက်တာ .... "

သူကိုယ်သူ သဘောကျပြီး ပြောလိုက်မိသည်။

ထိုအခါ ကော့ဖေးဟုန်ရှေ့ရှိ သိုင်းဆရာရုပ်ကြီးက လှုပ်ရှားလာ ပြီး ကော့ဖေးဟုန်ထံသို့ လျှောက်လာလေတော့သည်။

ကော့ဖေးဟုန် မျက်လုံးပြူးသွား၏။

အသေအချာ ကြည့်လိုက်သောအခါ ဤဆရာကြီးမှာ အသက် ရှူနေသည်ကို တွေ့ရ၏။

"ဘယ်လိုလဲ ကျောက်ရုပ်သိုင်းဆရာကြီးက အသက်ဝင်လာသလား .... "

သူက အံ့သြစွာ ပြောလိုက်မိသည်။

သိုင်းဆရာကြီးက ရယ်မောလိုက်ပြီး ....

"ကျုပ်က နဂိုကတည်းက အသက်ရှိတဲ့လူပဲ .... ဟိုမှာရှိတဲ့ သိုင်းဆရာကြီးတွေကတော့ ကျောက်ရုပ်တွေပဲ .... "

ကော့ဖေးဟုန် အခုမှ သက်ပြင်းချနိုင်တော့၏။

"ကျုပ်နာမည်က ဟိုင်းဆန်လို့ ခေါ်တယ် .... မောင်ရင်လေးက ကျုပ်တို့ရဲ့ ယွင်းဟိုင်ဆရာကြီးကို လာတွေ့တာမှတ်တယ် .... "

ကော့ဖေးဟုန် ဦးညွတ်ဂါရဝပြုလိုက်ပြီးမှ ခေါင်းညိတ်ပြ၏။

"ဟုတ်တယ်ဆိုရင်တော့ ဒီလမ်းအတိုင်းသွားပါ .... ဟိုရှေ့က တံခါးဝိတ်ထားတဲ့ အခန်းထဲမှာ ယွင်းဟိုင်ဆရာကြီး ရှိလေရဲ့ .... "

သူသည် ကျောက်ရုပ်များရှိရာသို့ ညွှန်ပြ၏။

ကျောက်ရုပ်များကို လွန်၍ လျှောက်သွားလျှင် ဤသိုင်းဆရာကြီး ညွှန်ပြသော အခန်းကို ရောက်မည်။

အခန်းဝတွင် အပြာရောင် တံခါးနှစ်ချပ် ဝိတ်ထား၏။

ကော့ဖေးဟုန် ခြေလှမ်းလိုက်သည်။

"အဲ .... မောင်ရင်လေး နေပါဦး .... "

ကော့ဖေးဟုန် ရပ်လိုက်ရ၏။

"ဘာဖြစ်လို့ပါလဲ ခင်ဗျာ .... အကြောင်းထူးရှိပါသလား"

သူက မေးလိုက်မိ၏။

ဆရာကြီးက ....

"ဒီအတိုင်း လျှောက်သွားရင် ဒီကျောက်ရုပ်တွေကို မောင်ရင်လေး သတိထားဖို့ လိုတယ်ကွယ့် .... ဒီကျောက်ရုပ်တွေရဲ့ ခန္ဓာကိုယ်ထဲမှာ ယန္တရားတွေ တပ်ဆင်ထားတယ် .... မောင်ရင်လေး သူတို့ရှေ့က ဖြတ်သွားရင် ဒီယန္တရားတွေ အသက်ဝင်လာပြီး ကျောက်ရုပ်တွေက တိုက်ခိုက်လာလိမ့်မယ် .... ဒါ ယွင်းဟိုင်ဆရာကြီး စီရင်ထားတဲ့ ညှဉ်းကြိုသိုင်းကွက်အစီအစဉ်ပဲ .... သူတို့ကို ကျော်နိုင်မှ ဆရာကြီးကလက်ခံတွေ့ဆုံမှာ မောင်ရင်၊ ကဲ .... ဒီတော့ သတိထား သွားပေတော့ .... "

ဆရာကြီးသည် သူ့အား နောက်ဆုံးစကားကို ပြောလိုက်လေ၏။

ကော့ဖေးဟုန် စိတ်ပျက်သွားသည်။

ယွင်းဟိုင်ဆရာကြီးထံ လာခဲ့ရာတွင် မိတ်ဆွေအဖြစ် လာခြင်း

ဖြစ်၍ မားကိုပင် မဆောင်ခဲ့ချေ။ ဧားယူရန် မလိုအပ်ဟု သူ ထင်ခဲ့သည်။

ယခုတော့ တစ်ကြိမ်မက နှစ်ကြိမ်တိုင်တိုင် အတိုက်အခိုက်များ ကြုံနေရသည်။

သူ မည်သို့ တတ်နိုင်ပါအုံးနည်း။

သူနေရာတွင် သူစည်းကမ်းကို လိုက်နာရပေမည်။

ကျောက်ရုပ်များကြားသို့ ကိုယ်ဖော့ပညာဖြင့် လွှားဝင်လိုက်သည်။

"ဟိုက် .... "

ကော့ဖေးဟုန် ကျမည့်နေရာသို့ ကျောက်ရုပ်သိုင်းဆရာကြီး တစ်ဦး ရွှေ့လျားရောက်ရှိလာ၏။

ဤမျှ မြန်ဆန်မည်မထင်၍ ကော့ဖေးဟုန် သတိပေါ့မိ၏။

ကျောက်ရုပ်သိုင်းဆရာကြီး၏ မြောက်တက်လာသော လက်ဝါးက ကော့ဖေးဟုန်၏ ခန္ဓာကိုယ်ကို ရိုက်မိသည်။

"ဗုန်း .... "

ရိုက်ခံရသော နေရာတွင် အတွင်းအားကို စု၍ အားပြောင်းအားလွဲအကွက်ဖြင့် ခံလိုက်၍ တော်တော့သည်။

ကျောက်ရုပ်သိုင်းဆရာကြီး ရိုက်လိုက်သော အားကို တွက်ဆ အသုံးပြုပြီး ပြန်ခုန်လိုက်၏။

ဟိုင်းဆန်ဆရာကြီး နံဘေးသို့ ခြေစုံပြန်ချမိလျှင် ....

"ဘယ့်နယ်လဲ မောင်ရင်လေး .... ဒီအတိုင်းဆို ကျော်ဖြတ်နိုင်ပါ့မလား .... "

ကော့ဖေးဟုန် ဘာမျှမပြော။

အကွက်ကျကျ ရပ်နေကြသော ကျောက်ရုပ် သိုင်းဆရာကြီး ၁၆ ဦးကိုသာ ချိန်ဆပြီး ကြည့်နေ၏။

ရုတ်တရက် နည်းလမ်းတစ်ခုကို တွေ့လိုက်၏။

ကော့ဖေးဟုန် ကိုယ်ဖော့ပညာကို သုံးပြီး လွှားခုန်လိုက်၏။

ငှက်တစ်ကောင်လို ပျံဝဲသွားသည်။

သူ ကျသောနေရာသို့ ကျောက်ရုပ်ဆရာကြီးတစ်ရုပ် ရောက်လာသည်။

ကျဆင်းလာသော ကော့ဖေးဟုန်၏ ဦးခေါင်းကို လက်ဖြင့် ရိုက်လိုက်၏။

ဦးခေါင်းထဲ အဟုန်ပြင်းစွာ ဝင်လာသော ကျောက်ရုပ်ကြီး၏ လက်ဝါးပြင်ကို ကော့ဖေးဟုန်က ရှောင်၍ လေထဲသို့ တစ်ကြိမ်ခုန်

တက်လိုက်ပြန်သည်။

နောက်တစ်ကြိမ် ပြန်အကျတွင် ကျောက်ရုပ်ကြီးတစ်ရုပ်က အသင့်စောင့်နေပြန်၏။

လက်ဝါးဖြင့် လွှဲရိုက်သည်။

ကော့ဖေးဟုန် ရှောင်၍ ယခင်တစ်ကြိမ်ကလိုပင် လေထဲသို့ ပြန်ခုန်တက်လိုက်၏။

ဤသို့ဖြင့် ယွင်းဟိုင်ဆရာကြီး ရှိသော အပြာရောင်အခန်းဆီသို့ တစ်ကြိမ်ပြီးတစ်ကြိမ် ရွေ့လျားရောက်ရှိသွားလေတော့၏။

ကော့ဖေးဟုန်သည် ကျောက်ရုပ်သိုင်းဆရာကြီးများကို ဖြတ်ကျော်သွားနိုင်ခဲ့လေပြီ။

တံခါးဝတွင် ခြေစုံချလိုက်၏။

"ဟေ့ သူငယ် .... တံခါးကို တွန်းပြီး ဝင်ခဲ့ .... "

အခန်းတွင်းမှ ထွက်ပေါ်လာသောအသံ ဖြစ်၏။

သို့သော် ....

ကော့ဖေးဟုန် နားဝတွင် ကပ်ပြီး စူးရှစွာ ကြားလိုက်ရသည်။

ယွင်းဟိုင်ဆရာကြီး၏ အဆင့်မြင့်လှသော အသံကို လိုရာသို့ ဖိုလွှတ်နိုင်သော အတွင်းအားပညာပိုင်းပင် ဖြစ်သည်။

ကော့ဖေးဟုန် တံခါးကို တွန်းဖွင့်ပြီး အခန်းတွင်းသို့ ဝင်လိုက်၏။ အခန်းထဲတွင် အေးစိမ့်နေသည်။ ရာသီဥတု အေးစိမ့်ခြင်း မဟုတ်ပေ။

သိုင်းပညာ အဆင့်မြင့်သူတစ်ဦး၏ အတွင်းအားပညာ အေးစိမ့်မှုဖြစ်သည်။

ကော့ဖေးဟုန်က ကိုယ်ကိုကိုင်းညွတ်ပြီး ရှေ့သို့တိုးလိုက်သည်။

ယွင်းဟိုင်ဆရာကြီးကို မြင်လိုက်ရပါပြီ။

အရောင်ပြယ်လွင့်နေပြီဖြစ်သော ဝတ်ရုံကြီးက ဆွေးမြည့်ပေါက်ပြဲနေသောကြောင့် ဖြူလျော်သော ခန္ဓာကိုယ်ကို ဖောက်ထွင်း၍ တွေ့နေရသည်။

နေရောင်ဖြင့် မထိတွေ့သည်မှာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်၍ အသားအရေများ ဖြူလျော်နေခြင်း ဖြစ်သည်။

ယွင်းဟိုင်ဆရာကြီး၏ ခန္ဓာကိုယ်ဝန်းကျင်၌ နှင်းငွေ့များ ဆိုင်းနေသည်ကို ရေးရေးမျှ မြင်ရသည်။

သွေးလည်ပတ်မှုကို လျော့ချထားသောကြောင့် အအေးဖွဲ့နေသည် ဖြစ်သည်။

မျက်နှာတစ်ခုလုံးမှာ အသားမရှိတော့သလောက်ပင်။ အရိုး

ပေါ် အရောတင် ဖြစ်သည်ကို တွေ့မြင်နေရ၏။

ကျန်းမာရေး ချို့တဲ့သောကြောင့် ဝိန်လိုသည်မျိုးမဟုတ်။

ကျစ်လျစ်သန့်စွမ်းသော ခန္ဓာကိုယ်မျိုးဖြစ်လေ၏။

ကျောက်ဆစ်ရုပ်ကဲ့သို့ ငြိမ်သက်နေသော ယွင်းဟိုင်ဆရာကြီး၏ မျက်နှာတွင် စူးရှတောက်ပသော မျက်လုံးများ ရှိနေ၏။

ထိုမျက်လုံးအစုံက ကော့ဖေးဟုန်ကို သိမ်းရုံး စူးစိုက်ကြည့်နေသည်။

အတန်ကြာလျှင် ယွင်းဟိုင်ဆရာကြီး၏ နှုတ်ခမ်းများ လှုပ်သည်ဆို၌မူ လှုပ်သွားပြီး ....

"ဘာ အလိုရှိပါသလဲ .... "

ယွင်းဟိုင်ဆရာကြီး၏ တိုးညင်းလှသည်။

သို့သော် ဝီပြင်ရှင်းလင်းပြတ်သားသည်။

ကော့ဖေးဟုန်က ရှိသေစွာ ဦးညွှတ်ပြီး ဒူးထောက်လိုက်သည်။

ဆရာကြီးတစ်ပါးအား အရိုအသေပေးခြင်း ဖြစ်သည်။

ထို့နောက် ရင်ဘတ်အတွင်းမှ သတ္တမမြောက် ရွှေရောင်အသင်းဝင်တံဆိပ်ကို ထုတ်၍ လက်ဖဝါးနှစ်ဖက်ဖြင့် လှမ်းပေးသည်။

ယွင်းဟိုင်ဆရာကြီးက မလှုပ်။

ရွှေရောင်တံဆိပ်ကိုလည်း လှမ်းမယူ။

စူးရှသော အကြည့်ဖြင့်သာ တစ်ချက်ကြည့်ပြီး ....

"အေး .... သူငယ်က အတုမဲ့ အလင်းရောင်သိုင်းသမားကို၊ အထက်လမ်းသိုင်းသမားဖြစ်တဲ့အတွက် ဆရာကြီး ဝမ်းသာပါတယ်၊ အင်း .... သူလေးနာမည်က ကော့ဖေးဟုန်တဲ့လား .... "

အသံမှာ ယခင်ကလို မတင်းမာတော့ချေ။ အနည်းငယ် နူးညံ့လာသည်။

"မှန်ပါတယ် ဆရာကြီး .... "

"ကဲ .... လာရင်းကိစ္စ ပြောစမ်း .... "

"သိမ်းစွန့်ရဲဂိုဏ်းကိစ္စပါ .... သိမ်းစွန့်ရဲဂိုဏ်းက သိုင်းလောကထဲမှာ မွေနှောက်ပြီး လူတွေကို ဒုက္ခပေးနေပါတယ် .... အဲဒါကြောင့် သိမ်းစွန့်ရဲဂိုဏ်းရဲ့ ဂိုဏ်းချုပ်နှစ်ယောက်ကို သုတ်သင်ဖို့ လာပါတယ် ဆရာကြီး .... "

"ဒီတိုက်ပွဲနှစ်ခုကောင် လူတွေကို အတော်ဒုက္ခပေးနေပြီကိုး၊ အင်း .... ဆရာလည်း ကိုယ်အောက်ပိုင်း သေနေလို့ ဒီနေရာက ဘယ်မှ မသွားနိုင်တာ ကြာပြီ .... မဟုတ်ရင်တော့ .... "

ယွင်းဟိုင်ဆရာကြီး သက်ပြင်းချလိုက်၏။

"သူငယ်လေးကို တာဝန်ပေးလိုက်တဲ့ ပုဂ္ဂိုလ်များက ဘယ်သူတွေလဲ .... အထိမ်းအမှတ်ပစ္စည်းလေးများ မပါဘူးလား .... "

"ပေးလိုက်ပါတယ် ဆရာကြီး .... ဒီမှာပါ .... "

ကော့ဖေးဟုန်က သူလက်ဝါးကို ဖြန့်ပြီး ယွင်းဟိုင်ဆရာကြီး၏ ရှေ့သို့ ထိုးပြသည်။

ယွင်းဟိုင်ဆရာကြီးက လက်ဖဝါးကို စိုက်ကြည့်သည်။

ကော့ဖေးဟုန်က ဖြန့်ထားသော သူလက်ဖဝါးတွင် အတွင်းအားထည့်၍ လက်ချောင်းများကို လှုပ်ရှားသည်။

လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်၊ လက်သန်းများက လက်မကို တိုက်ခိုက်သည့်သဏ္ဌာန်။

လက်မက ပြန်လည်တိုက်ခိုက်သည်။

သိုင်းကွက်ပေါင်း ၉ ကွက်တိတိ။

လက်မက ကျန်လက်များကို အနိုင်ရလိုက်သည်။

ဤကား ကော့ဖေးဟုန်၏ အထိမ်းအမှတ်တည်း။

ယွင်းဟိုင်ဆရာကြီးက တိတ်ဆိတ်စွာ ကြည့်နေလေ၏။

ဆရာကြီးက ....

"ဟုတ်ပြီ .... မင်းက မဟာဘူတ သိုင်းပညာကျမ်းကို တတ်

မြောက်ထားတာကိုး .... အင်း .... ဒီသိုင်းကျမ်းဟာ ဆရာကြီးရဲ့ မိတ်ဆွေတွေဖြစ်ကြတဲ့ ပင်တရာဥယျာဉ် မင်လန်ချင်းနဲ့ ဖြူယော်တောင်ကုန်းက ချင်ပန်းကူးတို့ရဲ့ မူပိုင်ပညာပဲ .... အေး ဟုတ်ပြီ .... ဘာကူညီရမလဲ ပြောပေတော့ .... "

"သိမ်းစွန့်ရဂိုဏ်းချုပ်နှစ်ဦး ဘယ်သူလဲဆိုတာ သိချင်ပါတယ်၊ သိခွင့်ရပြီးရင် သူတို့ကို အနိုင်ယူနိုင်မယ့် ဆရာကြီးရဲ့ နှစ်ကိုယ်ပွား သိုင်းပညာကိုလည်း ချီးမြှင့်ဖို့ ပန်ကြားပါတယ် ခင်ဗျာ .... "

"အိမ်း .... သိမ်းစွန့်ရဂိုဏ်းချုပ်နှစ်ဦးဟာ ဘယ်သူလဲဆိုတာတော့ ပြောနိုင်ပါတယ် .... ဒါပေမယ့် နှစ်ကိုယ်ပွား သိုင်းပညာကို ပေးဖို့ကဖြင့် မလွယ်ဘူး၊ မင်း ကတိသုံးခုကို စောင့်ထိန်းရလိမ့်မယ်၊ ဒါတွေကလည်း လူမှန်ဆိုရင် စောင့်ထိန်းဖို့ မခက်ပါဘူး .... "

"အမှန်ဘက်က အမြဲရပ်ပါ .... အမှောင်လောကသားမှန်ရင် မိမိရင်သွေးကိုတောင် မညှာတမ်း ရှင်းလင်းရမယ် .... အဲ .... နောက်ဆုံးအချက်ကတော့ မင်းအတွက် အခက်ဆုံး ဖြစ်မယ်၊ ဘာလဲဆိုတော့ မင်းကို ပုဂ္ဂလိက အရေးအခင်းသက်သက်အတွက် စော်ကားမော်ကား လုပ်လာတဲ့သူတွေကို မိမိထက် သိုင်းပညာ အဆင့်နိမ့်နေရင် လုံးဝ မတိုက်ခိုက်ဖို့ပါပဲ .... "

နောက်ဆုံးအချက်ကို ကော့ဖေးဟုန် မရှင်း။

"နောက်ဆုံးအချက်ကို ထပ်မံရှင်းပြပါဦး ခင်ဗျာ .... "

"နှစ်ကိုယ်ပွား သိုင်းပညာကို မင်း တတ်မြောက်သွားပြီးရင် မင်းရဲ့ လက်တစ်ချက် လူပ်တာနဲ့ လူတစ်ယောက် သေသွားနိုင်တယ်၊ ဒါကြောင့် .... ဒီသိုင်းပညာကို ဒုစရိုက်သမားတွေနဲ့ ရင်ဆိုင်တဲ့အခါ လူလောကအတွက် အန္တရာယ်အလွန်ကြီးမားနေသူတွေကို သုတ်သင်တဲ့အခါမှာပဲ သုံးခွင့်ပေးနိုင်မယ် .... အကယ်၍ မင်းကို တစ်ဦးချင်းကိစ္စအတွက် စော်ကားမယ်၊ ဆဲဆိုမယ်၊ ရိုက်နှက်မယ်ဆိုရင် အဲဒီလို ဟာလည်း သိုင်းပညာ အဆင့်နိမ့်နေရင် ပြန်လည်မတိုက်ခိုက်ရဘူး၊ ကိုယ့်အသက်အန္တရာယ် မဖြစ်ရုံတဲ့ ကာကွယ်ရမယ် .... ဘယ့်နယ်လဲ .... "

ကော့ဖေးဟုန် ငေး၍ စဉ်းစားနေသည်။

ပထမ ကတိကို အလိုအလျောက် ထိန်းသိမ်းနိုင်၏။

ကော့ဖေးဟုန်၏ မူလဗီဇကပင် အမှန်ဘက်က အမြဲရပ်တည်လိုသူ .... ၊ ဒုတိယကတိဖြစ်သော အမှောင်လောကသား မှန်ရင် မိမိရင်သွေးကိုပင် မညှာတမ်း ရှင်းပစ်ရမည်ဟူသည့် အချက်မှာလည်း ကော့ဖေးဟုန် စိတ်ကြိုက်ပင်။

သို့သော် တတိယအချက်ကို လိုက်နာရန်မလွယ်။

သည်းခံရမည်မှာ မလွယ်ကူချေ။

အကြောင်းမဲ့ မိမိကို လာရောက်စော်ကားနေသူအား သည်းခံရမည်မှာ တကယ်တမ်းကျတော့ မလွယ်ကူပါ။

ထို့ထက်လွန်ကဲ၍ ဆဲဆိုလာလျှင် မတုံ့ပြန်ရချေ။

ဤအထိ တော်သေးသည်။ ထို့ထက် အဆင့်လွန်ပြီး ရိုက်ပုတ်တိုက်ခိုက်လျှင်ပင် ပြန်လည်မခုခံရတဲ့။

ဤအချက်ကို လို.....နာရန်မလွယ်။

"မင် တွေဝေသွားပြီ မဟုတ်လား .... ဒီအချက်ကို ထိန်းသိမ်းနိုင်းတာက အကြောင်းရှိပါတယ်ကွယ် .... မင်းဟာ နှစ်ကိုယ်ပွား သိုင်းပညာ တတ်မြောက်ပြီးရင် အင်မတန် အစွမ်းထက်တဲ့သူ ဖြစ်သွားပြီကွယ် .... ဒီအခါ မင်းကို သိုင်းပညာ စမ်းချင်တဲ့သူတွေ ပေါ်လာလိမ့်မယ်၊ မင်း သည်းမခံရင် အဲဒီသူတွေအား လုံး မင်းလက်ချက်နဲ့ သေကုန်ကြမှာပဲ .... ဒါကြောင့် ဒီကတိကို စောင့်ထိန်းနိုင်းတာ .... "

ကော့ဖေးဟုန် သဘောပေါက်သွားသည်။

"ဆရာကြီးပြောတာ မှန်ပါတယ် .... ကျွန်တော် ကတိသုံးခုလုံးကို စောင့်ထိန်းလိုက်နာပါတော့မယ်"

သူ ကတိပေးလိုက်သည်။

"ကောင်းပြီ .... "

ယွင်းဟိုင်ဆရာကြီးက ခေါင်းညိတ်လိုက်လေ၏။

ယွင်းဟိုင်ဆရာကြီး၏ လက်များ လှုပ်ရှားလာသည်။

"ကဲ ကြည့် .... နှစ်ကိုယ်ခွဲသိုင်းပညာကို ငါ ပြမယ် .... "

တည်ငြိမ်စွာထိုင်လျက် လက်ကွက်များ လှုပ်ရှားလာသည်။

ခန္ဓာကိုယ်၏ ခါးပိုင်းမှစ၍ ယိမ်းနွဲ့သည်။

တစစ တစ မြန်လာသည်။

အဟုန်ပြင်းလာသည်။

လေတိုးသံများ ထွက်ပေါ်လာသည်။

ကောဖေးဟုန် အသေအချာ စိုက်ကြည့်ရင်း သိုင်းကွက်များကို တစ်ကွက်ချင်း၊ တစ်ခုချင်း အသေးစိတ် မှတ်သားနေသည်။

ဆရာကြီးက ခွဲခြမ်းစိတ်ဖြာပြီး သင်ကြားပြသသည်။

တစ်ခါမြင်ရုံဖြင့် အားလုံးကို စွဲမှတ်နိုင်သော သူ့ခေါင်းထဲ၌ သိုင်းကွက်များ တစ်ခုပြီးတစ်ခု သိမ်းဆည်းလေ့ကျက်ထားလိုက်တော့သည်။

နှစ်ကိုယ်ပွား သိုင်းပညာ၏ သိုင်းကွက်များကို အစမှ အဆုံး

ယွင်းဟိုင်ဆရာကြီးက ကစားပြပြီးနောက် ....

"မင်း ဒီသိုင်းပညာ ရလိုက်ရဲ့ မဟုတ်လား .... "

"ရလိုက်ပါတယ် ဆရာကြီး .... "

ယွင်းဟိုင်ဆရာကြီး၏ အကြည့်က အခန်းထောင့်တွင်ရှိသော ကတ္တီပါဝိတ်ကားအနက်ကြီး ဖုံးထားသည့် အရာပေါ်သို့ ရောက်သွားသည်။

"ကဲ .... ဒီမှာကြည့် .... "

ဟု ကတ္တီပါ ဝိတ်နက်ကြီးရှိရာသို့ ဆွဲနှုတ်ပြီး လက်ဝါးတစ်ချက် ရိုက်လိုက်သည်။

"အဲဒါ သိမ်းဖွန်ရဲ့ဂိုဏ်းချုပ်နှစ်ယောက်ပဲ .... "

ကောဖေးဟုန် အသေအချာကြည့်လိုက်သည်။

နှုတ်ခမ်းမွေး ကျင်စွယ်ကုပ်ကုပ်၊ မျက်လုံးစူးစူး မျက်နှာတွင် ဓားဒဏ်ရာအမာရွတ်ကြီးနှင့်။ လူရုပ်မှာ တကယ့် သက်ရှိအလား လက်ရာမြောက်လှ၏။

နောက်တစ်ရုပ်မှာ ခေါင်းတွင်ဘုကြီးတစ်လုံးက ထူးခြားသော အမှတ်အသား။

ယွင်းဟိုင်ဆရာကြီးက ....

၂၀၈ တက္ကသိုလ်နေလင်းအောင်

"ဒီဘက်က နှုတ်ခမ်းမွေး ကျင်စွယ်နဲ့က စွတ်ရုတ်လန့်၊ ဟို ဘက်က ခေါင်းမှာ ဘုကြီးနဲ့က ဟွားမေ .... "

"မှတ်မိပါပြီ ဆရာကြီး .... "

ကော့ဖေးဟုန်က ဦးညွှတ်ကန်တော့လိုက်သည်။

"အိမ်း .... သွားပေတော့၊ မင်းရဲ့ သိုင်းပညာဟာ လူသားတွေ အတွက် ကောင်းကျိုးဖြစ်ပါစေကွယ် .... "

စာစဉ် (၂) ပြီး၏။

စာစဉ် (၃) ကို ဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ်နေလင်းအောင်